စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း ၂၀၃၀
SDGs SUSTAINABLE DEVELOPMENT GOALS 2030

CCS
ဓနပျိုးခင်း ဂျာနယ်

Wealth Seedling Monthly Journal

လစ္စတ်
People together are stronger

သမဝါယမကျင့်ဝတ်
- ရိုးသားခြင်း
- ပွင့်လင်းခြင်း
- လူမှုရေးစိတ်ဓာတ်ရှိခြင်း
- အများအကျိုး အလေးထားခြင်း

အတွဲ (၁၀)၊ အမှတ် (၇) ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀၁၁ ခုနှစ်၊ ဂန်္ဓဝါရီလမှ စတင်ထုတ်ဝေသည်

CCS Central Cooperative Society

(၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမများနေ့

People together are stronger

(၂၆) ကြိမ်မြောက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သမဝါယမများနေ့ဆောင်ပုဒ်

"ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့"

"Cooperatives for Climate Action"



4 July 2020
#coopsday
International Day of Cooperatives

၈ – ၁၃ ရှေ့

– ၂၀၂၀ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထူးထုတ် –

"ဘရမ်းစတိုး" အင်ထွေထွေစီးပွားရေးလုပ်ငန်းသဖဝါယမအသင်းလိမိတက်

စတိုးဆိုင်အမှတ်(၁) ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်၊ အမှတ်(၂) ရပ်ကွက်၊ခရမ်းမြို့၊ ဖုန်း၀၅၆၃၁၀၃၀၇

စတိုးဆိုင်အမှတ်(၂) ကျောက်တိုင်လမ်းနှင့်သတိပဋ္ဌာန်လမ်းထောင့်၊ အမှတ်(၁၃) ရပ်ကွက်၊ခရမ်းမြို့၊ ဖုန်း၀၅၆၃၁၀၈၁၉

နေပြည်တော်ရေတာရင် ပျဉ်းမနားမြို့က သုခမြို့ငှါးမိုတယ် မှာ တည်နဲ့ပါ...

ဝန်ဆောင်မှုကောင်းကောင်းဖြင့် စိတ်အေးချမ်းသာစွာ အနားယူနိုင်ပါပြီ...

အမှတ်(၁၃/၇)၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော်-ပျဉ်းမနားမြို့။ ☎ 067-21893,21894,23131,23133,21094 Fax-067-21893

THIRI SANDAR

Garment & General Trading Coop Society Ltd.

Lower Mingalardon Road, Aung San Ward, Insein Township,
Yangonm Myanmar. Tel: 95-1-3645730, 09-5148761
Email: htayhtayaye333@gmail.com

သီရိစန္ဒာ အထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလိမိတက်

(၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမများနေ့
(အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ဥက္ကဋ္ဌ ပေးပို့သည့် သဝဏ်လွှာ)

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ(၄)ရက်နေ့တွင် ကျရောက်မည့် (၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမများနေ့အတွက် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Ariel Guarco က ပေးပို့သည့် သဝဏ်လွှာဖြစ်ပါသည်။

လေးစားအပ်ပါသော ကမ္ဘာတစ်ဝန်းရှိ သမဝါယမမိတ်ဆွေအပေါင်းတို့ခင်ဗျာ၊

ကျွန်ုပ်တို့အားလုံးသိရှိထားကြသည့်အတိုင်း လူသားများအားလုံးသည် သမိုင်းတွင်ရစ်သည့် ကမ္ဘာနှင့်အဝှမ်းစီးပွားရေးပြိုလဲမှုများ၊ ကြီးမားသောအသက်ဆုံးရှုံးမှုများကြုံတွေ့နေရပြီး ကြောက်မက်ဖွယ် ကမ္ဘာ့ကပ်ရောဂါဆိုး၏ အရိုမ်အမည်းကြီး အောက်တွင် ရောက်ရှိနေကြရပါသည်။

ဖြစ်စဉ်အကြောင်းအရာအခြေအနေများကို လေ့လာကြည့်ပါက လူသားများ၏ ဆယ်စုနှစ်ပေါင်းများစွာ အဓိကမ္ဘာမြေကြီးပေါ်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကို အရင်းခံကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟန်ချက်မညီမှုမှုများနှင့် လူမှုရေးကွာဟမှုများ ဖြစ်ပေါ်နေခြင်း တို့ကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အကြပ်အတည်းကာလတစ်ခုကိုလည်း တွေ့ကြုံခံစားနေကြရပါသည်။

အတားအဆီးမရှိ ထုတ်လုပ်မှု၊ စားသုံးမှုများကို လုပ်ဖြဲအတိုင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေမှုများသည် ဆယ်စုနှစ်တစ်ခုကာလအတွင်း ပြန်မဖြစ်လာနိုင်သည်ကို ကျွန်ုပ်တို့သိရှိနေသည်ဖြစ်ရာ ၂၀၃၀ပြည့်နှစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့်အညီ ကျွန်ုပ်တို့က သတိပေးလျက်ရှိပါသည်။

ကမ္ဘာတစ်ဝှမ်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဒါဇင်္ဂေ ထုတ်လွှင့်မှုသည်လည်း ၁၉၉၀ပြည့်နှစ်ကတည်းက (၅၀)ရာခိုင်နှုန်း တိုးမြင့်လာပါသည်။ ယနေ့အချိန်အခါတွင် လူပေါင်းသန်းရှစ်ရာသည် မိုးခေါင်ရေရှားခြင်း၊ အဆိပ်အတောက်များပါသည့် လေထုညစ်ညမ်းခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းတို့အပေါ် ခုခံကာကွယ်နိုင်သည့် စွမ်းအားလျော့နည်းလာပြီး၊ ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့နေကြရပါသည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ရာသီဥတုကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရေးကို ရည်ရွယ်ချက်တစ်ရပ်အဖြစ် အလေးထားပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခါသမယတွင် ဆောင်ရွက်စေလိုပါသည်။ ယင်းရည်ရွယ်ချက်သည် ကောင်းမွန်မှုတာပြီး ပို့မိစည်းလုံးညီညွတ်သော စီးပွားရေးတည်ဆောက်ရာတွင် ကျွန်ုပ်တို့သမဝါယမအဖွဲ့အစည်းများနှင့် အတူတကွ စည်းရုံးပူးပေါင်း ဆောင်ရွက်ရန်လည်း နှိုးဆော်ထားပါသည်။

ကျွန်ုပ်တို့စုပေါင်းနေထိုင်ကြသည့် ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်ကောင်းမွန်သော နည်းလမ်းများရှိပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများသည်ပင် စိတ်ကူးယဉ်ဆောင်ရွက်နေမှ မဟုတ်သည်ကို သိနိုးသန်းမကသော အတွေ့အကြုံများက သက်သေခံနေပါသည်။

ကမ္ဘာ့အတိုင်းအတာဖြင့်ကြည့်ပါက သမဝါယမ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်သူဦးရေသည် တစ်ဘီလီယံကျော်ရှိပါသည်။ ယင်းပမာဏသည် ကမ္ဘာပေါ်တွင် အလုပ်အကိုင်ဆောင်ရွက်လျက်ရှိသောလူဦးရေ၏ (၁၀)ရာခိုင်နှုန်းရှိပါသည်။ အကောင်းဆုံးနှင့် အင်အားကြီးမားဆုံးသော သမဝါယမအသင်းကြီး (၃၀၀) ၏ လုပ်ငန်းလည်ပတ်ငွေသည်ပင်လျှင် ကမ္ဘာအဆင့်(၆)တွင်ရှိသော စီးပွားရေး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ညီမျှနေပါသည်။

ယခုအချိန်တွင် သမဝါယမလှုပ်ရှားမှုများသည် အလွန်တရာခက်ခဲသောအခြေအနေသို့ ရောက်ရှိနေသည့်တိုင် ရှိသမျှ စွမ်းအားဖြင့် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများကို ကဏ္ဍစုံမှ ကာကွယ်ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အရေးပေါ်အခြေအနေများကို ကျော်လွှားနိုင်အောင် ကူညီပေးလျက်ရှိပါသည်။

ကမ္ဘာမြေကြီးကို ကာကွယ်ရာတွင် တစ်ဦးတစ်ယောက်မှ မကျန်စေဘဲ လက်ချင်းယှက်ကာ ပူးပေါင်းကြိုးပမ်း အားထုတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးခံစားနေရသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်လာပြီးနောက် အရေးပေါ်အခြေအနေ ဖြစ်လာပြီး၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ဆုံရာတွင် သမဝါယမများက ဦးဆောင်သူများအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ အများနှင့်သော်လည်းကောင်း ဖြစ်ရပ်ဆိုးနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများ၊ စိတ်မချမ်းမြေ့မှုများနှင့် တွေ့ကြုံနေရသော်လည်း အချို့သောကိစ္စရပ်များတွင် အခြားသောသူများထက် ကျွန်ုပ်တို့အား ပို့မိုပြီး တိုက်ရိုက်သက်ရောက်မှုများ ရှိသည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းကြီး ပမ်းအားထုတ်နေကြသည့် သမဝါယမများက လုပ်ဆောင်ဖွယ် ရှိသည်များကို ပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သမဝါယမများ၏ ကြီးပမ်းအားထုတ်မှုများသည် အရေးပါသည့်ကဏ္ဍတွင်ရှိပါသည်။ ကျွန်ုပ်အနေဖြင့် သမဝါယမလောကသားများကို မေတ္တာရပ်ခံလိုသည်မှာ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်း၊ အဖွဲ့အစည်းများနှင့်အတူ မရပ်မနားဆက်လက်ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆိုးရွားစွာဖြစ်ပေါ်မှုများကို ကျွန်ုပ်တို့က ပြန်လည်ပြင်ဆင်လုပ်ဆောင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခါသမယတွင် ကမ္ဘာသို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ထိရောက်စွာ ပြောကြားပေးကြပါရန် ပြောကြားလိုပါသည်။

ရာသီဥတုကောင်းမွန်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်ရှိသေးသည်ဖြစ်ရာ ယခုတွင်ပင် ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်အပ်ပါသည်။

သမဝါယမလောကသားများအားလုံးသို့ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခါသမယဖြစ်ကြပါစေရန် လိုက်လိုက်လဲလဲ့ မေတ္တာပို့သလျက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

* * * * *

ကျွန်တော်နဲ့ ပုံမှန်အသစ်

ပုံမှန်အသစ်ဆိုတဲ့ ဝေါဟာရကို စီးပွားရေးပညာမှာ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ပေါ်ပေါက်ပြီးအချိန် စတင်သုံးစွဲလာခဲ့တာဖြစ်တယ်။ အင်္ဂလိပ်လို new normal အရင်ပုံစံမဟုတ်တော့ဘဲ ပုံစံအသစ်ဖြစ်တာကို ရည်ညွှန်းခြင်း ဖြစ်တယ်။ တစ်ချိန်တုန်းက ထူးဆန်းတာတွေဟာ ရိုးသွားတာကိုလည်း ပြောခြင်း ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးနဲ့ ပတ်သက်လာရင် ဒီဝေါဟာရကို ပြန်ပြီး သုံးစွဲခဲ့တာ ဖြစ်တယ်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ပုံမှန်အသစ်ဆိုတဲ့အကြောင်း မဆွေးနွေးမီ ကျွန်တော့်အနေနဲ့ ငန်းအနက် (black swan) အကြောင်း တင်ပြချင်ပါတယ်။ ဒီငန်းအနက် သိအိုရီကတော့ စီးပွားရေးပညာမှာသော်လည်းကောင်း၊ သဘာဝသိပ္ပံပညာရပ်မှာသော်လည်းကောင်း ၁၉ ရာစုကတည်းက ပေါ်ပေါက်လာခဲ့တာဖြစ်တယ်။ ရိုးရိုးရှင်းရှင်းတင်ပြရရင် တစ်ချိန်က သဘာဝသိပ္ပံပညာရှင်များဟာ ငန်းတွေကို လေ့လာရာမှာ သူတို့တွေ့ရှိရတဲ့ ငန်းတွေအားလုံးဟာ အဖြူရောင်တွေ ဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် ငန်းဆိုရင် အဖြူရောင်သာဖြစ်ရမယ်ဆို တဲ့ အယူအဆရှိကြတယ်။ စွဲလမ်းကြတယ်။ သူတို့စိတ်ထဲမှာ ငန်းမှန်သမျှ ဖြူရမယ်ဆိုပြီး တစ်ထစ်ချ အယုံအကြည်ရှိနေကြတယ်။ ငန်းဟာ အဖြူရောင်သာ ဖြစ်ရမယ်ဆိုပြီး သတ်မှတ်ကြတယ်။ ဒီလို ယူဆနေတာကို ဥရောပကလူတွေ ဩစတြေးလျနိုင်ငံရောက်သွားတဲ့အခါ ငန်းအနက်တစ်ကောင်ကို မထင်မှတ်ဘဲတွေ့ခဲ့တယ်။ တစ်ချိန်လုံး ငန်းဆိုရင် ဖြူရမယ်ဆိုတဲ့ အစွဲအသိဟာ ချက်ချင်း ပျက်ပြားသွားတယ်။ ငန်း အနက်ရှိတာကို မမျှော်လင့်ထားတာမို့ မမျှော်လင့် ဘဲ၊ မထင်မှတ်ဘဲ ဖြစ်ပေါ်တွေ့ရှိလာတဲ့အရာအားလုံးကို ငန်းအနက် ဖြစ်ရပ်လို့ သတ်မှတ်လာခဲ့ကြတယ်။

မကြုံဖူးတဲ့ဖြစ်ရပ်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက တရုတ်နိုင်ငံ ဝူဟန်မြို့မှ ကစပြီး ဖြစ်ပေါ်လာတဲ့ ကိုဗစ်-၁၉ ကို ငန်းအနက် ဖြစ်ရပ်အနေနဲ့သော်လည်းကောင်း၊ ပုံမှန်အသစ်အနေနဲ့သော်လည်းကောင်း သတ်မှတ်ကြတယ်။ အခုလို သတ်မှတ်မှုကို နားလည်သဘောပေါက်ဖို့ လိုအပ်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ တစ်သက်မှာ တစ်ခါသာကြုံကြိုက်ရတဲ့ ငန်းအနက်ဖြစ်ရပ်ဖြစ်ပြီး အကျိုးဆက်ကတော့ ပုံမှန်အသစ်အခြေအနေတစ်ရပ်ကို ဖန်တီးတာဖြစ်တယ်။ တစ်ခါမှ မကြုံဖူးတဲ့ဖြစ်ရပ်ဖြစ်တယ်။ ကျွန်တော်တို့ ဘဝတွေကို အပြီးအပိုင် ပြောင်းလဲစေမယ့် အခြေအနေ တစ်ရပ်ဖြစ်တယ်။ ကိုဗစ်-၁၉ ကို ငန်းနက်လို့ပြောသလို ပုံမှန်အသစ်လို့လည်း သတ်မှတ်ကြတယ်။ အခြေခံကတော့ ပြောင်းလဲမှုနဲ့ ပတ်သက်တာဖြစ်တယ်။ ပုံမှန်အသစ်ဟာ အစဉ်ပြောင်းလဲမှုကိုပြောတာ ဖြစ်တယ်။ ကျွန်တော်တို့တတွေဟာ အတိတ်က သင်ခန်းစာရအောင် လုပ်ရမယ်။ အနာဂတ်အတွက်ပြင်ဆင်ပြီး ပစ္စုပ္ပန်မှာ ရှင်သန်အောင် ကြိုးစားသွားကြရမှာ။ ပုံမှန်အသစ်ကအရင်အတိုင်း ဆိုတာမရှိတော့ဘူးလို့ လက်ခံရမယ်။

ပြောင်းလဲမှုတစ်ရပ်ဟာ ကြီးမားလွန်းတာမို့ လူတွေက မခံနိုင်ကြဘူး။ မကြုံဖူးတဲ့အရာတွေဖြစ်တာမို့ မခံနိုင်ကြဘဲ လက်လွှေ့ကြတာ။ အရင်အတိုင်းဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်ထားကြတယ်။ အခုချိန်မှာ တစ်ကမ္ဘာလုံးက ကိုဗစ်-၁၉ အကြောင်းကလွဲလို့တခြားအရာတွေကို မစဉ်းစားနိုင်ကြဘူး။ မနက်အိပ်ရာထတဲ့အချိန်ကစပြီး အိပ်ရာဝင်တဲ့အထိ တစ်ချိန်လုံး ဒီအကြောင်းပဲ - စဉ်းစားကြတယ်၊ ပြောကြတယ်။ သတင်းတွေကိုလည်း အလုအယက် ကြည့်ကြတယ်။ အထူးသဖြင့် ဖေ့စ်ဘွတ်ကို အားကိုးကြတာ။ အခုချိန်မှာ ဝန်ထမ်းတွေဟာ အိမ်မှာနေကြရတယ်။ အိမ်ကတစ်ဆင့် အလုပ်လုပ်ခွင့်ရရင် ကံကောင်းတဲ့သူ ဖြစ်တယ်။ တချို့ဆိုရင် အလုပ်က အပြီးအပိုင် အနား

စာမျက်နှာ (၃) သို့

ဓနုပျိုးခင်းကျေးရွာနယ် ထုတ်ဝေရသည့် ရည်ရွယ်ချက်

- မြန်မာ့သမဝါယမလှုပ်ရှားမှုလုပ်ငန်းများအား ကျယ်ပြန့်စွာသိရှိနိုင်ရေး ဆောင်ရွက်ရန်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမများ၏ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်စေရန်၊
- အပြည်ပြည်ဆိုင်ရာသမဝါယမလှုပ်ရှားမှုများ သိရှိနိုင်ရေး ဆောင်ရွက်ရန်၊
- သမဝါယမလူထုပညာပေးရေးလုပ်ငန်းပြန့်ပွားရေးကို အထောက်အကူပြုနိုင်စေရန်၊
- သမဝါယမစည်းရုံးဖွဲ့စည်းရေးကို အထောက်အကူပြုနိုင်စေရန်၊

" ဆင်းရဲမှုအဆုံးသတ်ရေး ဝိုင်းဝန်းလုပ်ဆောင်ပေး "

ဓနုပျိုးခင်းကျေးရွာနယ်

ထုတ်ဝေသူ - ဦးမြင့်စိုး
(မှတ်ပုံတင်အမှတ်-၀၀၇၅၀)
အယ်ဒီတာချုပ် - ဦးဇော်လွင်ဦး
တာဝန်ခံအယ်ဒီတာ - ဦးအောင်ကျော်ထွန်း
အယ်ဒီတာအဖွဲ့ဝင် - ဦးသန်းထွန်း
- ဒေါ်ခင်မိုမို
- ဒေါ်ခိုင်ခွေဦး
Layout Designer - သက်သီရိဦး
ကြော်ငြာ - နွယ်မိမိသန်း
- ကြူကြူမော
ပုံနှိပ်သူ - ဦးမောင်မောင်လှ
(၀၀၂၉၆)

ရွှေနိုင်ငံပုံနှိပ်စက်၊ အမှတ် (၉၀-စီ)၊ ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဗဟိုသမဝါယမအသင်းလီမိတက်
သမဝါယမစီးပွားရေးဗဟိုဌာန၊ စတုတ္ထထပ်၊
ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊
ဗဟန်းမြို့နယ်၊ရန်ကုန်။
ဖုန်း - ၅၅၄၆၈၈၊ ၈၆၀၃၀၆၅ ၂ ၈၆၀၃၀၆၃
Fax : 553894
Email: danapyokhinn@gmail.com
Websit: www.ccsmyanmar.coop

" တစ်ကယ့်အနှစ်သာရ သမဝါယမ "

ဤဆောင်းပါးမှာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးသားတင်ဆက်သည့် ဆောင်းပါး ဖြစ်ပါသည်။

စာရေးသူမှာ ၁၉၇၀ ပြည့်နှစ် သမဝါယမ အသင်း၌ပဒေအရ မြန်မာနိုင်ငံတွင် သမဝါယမ စနစ်ဖြင့် သမဝါယမအသင်းများ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ သမဝါယမဦးစီးဌာန ဝန်ထမ်းတစ်ဦးအနေဖြင့် အချိန်ပြည့်တာဝန် ထမ်းဆောင်ခဲ့ပြီး သမဝါယမအသင်း လုပ်ငန်းရပ်များအပေါ် ထဲထဲဝင်ဝင် ကြီးကြပ်ကွပ်ကဲရသော ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။

သို့ဖြစ်ရာ ဤဆောင်းပါးတွင် သမဝါယမ ဦးစီးဌာန ဝန်ထမ်းတစ်ဦး (သို့မဟုတ်) သမဝါယမ လောကသားတစ်ဦးအနေဖြင့် မိမိရင်တွင်းခံစားရသော အကြောင်းအရာများကို တင်ပြသွားမည်ဖြစ်ပါသည်။

x x x x

"ဟေ...သမဝါယမဝန်ကြီးဌာနဆိုတာ မရှိတော့ဘူး ဟုတ်လား ... ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရာ ငါစိတ်မကောင်းလိုက်တာကွာ"

"အေးကွာ ...သမဝါယမဆိုတာ ရှိတော့ ရှိတယ်ကွ။ ဒါပေမဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်က ဦးစီးဌာန တစ်ခုအနေနဲ့ပဲ ရှိတယ်ကွ ... မင်း ဒီလောက် သိရရင်တော်ပြီကွာ ပြောရရင် ရှည်လွန်းလို့ပါ ..."

ကျွန်တော်တို့ သူငယ်ချင်းအချင်းချင်း ဒီအကြောင်းအရာစကားလေးကို အကြာကြီး ပြောခဲ့ကြပါသည်။ အားလုံးသိပြီးဖြစ်သဖြင့် အသေးစိတ်ရေးမပြတော့ပါ။

ကျွန်တော်သည် သမဝါယမဦးစီးဌာနတွင် ဝန်ထမ်းတစ်ဦးအနေဖြင့် မြန်မာပြည် တစ်နံတစ်လျား အမှုထမ်းခဲ့စဉ်က မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်၊ အခက်အခဲမည်မျှ တွေ့ခဲ့ရသည်ကို ယခု သမဝါယမဦးစီးဌာန ဝန်ထမ်းများ သိရှိစေရန် ရေးပြချင်စိတ် ပေါ်လာသဖြင့် အောက် ဖော်ပြပါ ဖြစ်ရပ်မှန်များကို တင်ပြရခြင်းဖြစ်ပါသည်။

ဖြစ်ရပ်မှန်(၁)

လွန်ခဲ့သော အနှစ်(၄၀)ခန့်က ကရင်ပြည်နယ် ဘားအံမြို့ရှိ ကျေးရွာ သမဝါယမအသင်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်ပျက်လေးဖြစ်ပါသည်။

"ပြေး ...ပြေး ... မောင်မျိုးလွင်ရေ ပြေးဟ ..." သူ့ကိုအော်ပြီးလဲပြော ကျွန်တော်လဲ နောက်ကိုလှည့်မကြည့်ဘဲ တစ်ချိုးတည်းပြေးပါတော့ သည်။ အကြောင်းမှာ (----------) ကျေးရွာ သမဝါယမအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်း အဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာနမှူး တစ် ယောက်အနေဖြင့် သမဝါယမအသင်း၏ အနှစ် သာရများကို အသင်းသားများထံသို့ ရှင်းလင်း တင် ပြနေစဉ်အတွင်း လက်နက်ကိုင်သောင်းကျန်းသူ တစ်ဖွဲ့က သေနတ်ပစ်၍ ရွာထဲဝင်လာခြင်း ကြောင့် ဖြစ်ပါသည်။ ထိုအချိန်က ၎င်းရွာမှာ အညီရောင် နယ်မြေအဖြစ် သတ်မှတ်ထားဆဲဖြစ်ပါသည်။

ကျွန်တော်နှင့် အသင်းစုမှူး မောင်မျိုးလွင် တို့မှာ ပြေးရင်းနှင့် နဘေးရှိ သဲလွင်မြစ်ထဲ ခုန်ဆင်း လျက် တစ်နာရီကြာမျှ လေ့လေးတစ်စီးကို ဖက် တွယ်၍ ပုန်းခိုခဲ့ရပါသည်။ အသေးစိတ်ပြောပြလျှင် စာရှည်မည်စိုးသဖြင့် အတိုပဲပြောခြင်းဖြစ်ပါသည်။

သမဝါယမဌာန ဝန်ထမ်းဘဝသည် ဤသို့လည်း အရောင်အတိမ်းအပြေးများကို လုပ်ခဲ့ရပါသည်။

ဖြစ်ရပ်မှန် (၂)

"ဟာ...အေးလိုက်တာကွာ...အောက်က ဘာမှန်းမသိဘူး ..." ဟုအော်၍ ကျွန်တော် ခြေထောက်ကို ပြန်ရုတ်လိုက်ပါသည်။ အကြောင်း မှာ အညီရောင်နယ်မြေဟု သတ်မှတ်ထားသော ကျေးရွာသမဝါယမ အသင်းတစ်သင်းသို့ စာရင်း စစ်ရန် သွားရောက်ရင်း သမဝါယမ အမှုဆောင်နှင့် ရွာက လက်ဖက်ရည်ဆိုင်သေးလေးတစ်ဆိုင်တွင် ထိုင်နေကြတုန်းကိုယ့်ရှေ့မှသောင်းကျန်းသူတစ်ဦး ခြေရင်းတွင်ချထားသည့် သေနတ်အပေါ် ခြေ ထောက်တက်နင်းမိပြီး အေးခနဲဖြစ်သွား၍ အော် လိုက်ခြင်း ဖြစ်ပါသည်။

အဲဒီသောင်းကျန်းသူက ကျွန်တော့်ကို ကြည့်ကာအမှုဆောင်အား သူတို့ဘာသာစကားဖြင့် ဒီလူက ဘယ်သူလဲဟု မေးရာ အမှုဆောင်က ဝါး လာဝယ်သူ မိတ်ဆွေဖြစ်ပါသည်ဟု ပြန်ဖြေလိုက်ပါ သည်။ သူထသွားမှသာ ကျွန်တော်တို့နှစ်ယောက် အသင်းဆိုင်ရှိရာသို့ သုတ်ခြေတင်ခဲ့ရပါသည်။

သမဝါယမဌာန ဝန်ထမ်း ဘဝသည် ဤသို့လည်း လိမ်မာပါး နပ်စွာ သရုပ်ဆောင်ခဲ့ရပါသည်။

ရဲမြင့် (စွန့်ဦးတီထွင်)

ဖြစ်ရပ်မှန်(၃)

"ဆရာရေ ... ဆရာ့ စက်ဘီး နောက်တာယာ ပေါက် သွားပြီ ဆရာ။ ဘီးဖာဖို့လည်း အနီးအနားမှာ စက်ဘီးဆိုင် မရှိ ဘူးခင်ဗျ။ ဆင်းတွန်းမှပဲ ရမှာပါ ဆရာ"

အကြောင်းမှာ (-------) ကျေးရွာသမဝါယမအသင်းသို့ အသင်းအမှုဆောင် များနှင့် သမဝါယမအကြောင်းဆွေးနွေးရန် မြို့မှ (၁၀) မိုင်လောက်ဝေးသော ဤကျေးရွာသို့ ကျွန် တော်နှင့် အသင်းစုမှူးနှစ်ဦး စက်ဘီးဖြင့် သွား ရောက်ခဲ့ပါသည်။ ရွာသို့သွားရန် ကားလမ်းမရှိပါ။

ဘီးပေါက်သည့် နေရာမှာ တောင်ကြား တစ်ခုထဲဖြစ်ပြီး ထိုအချိန်က နေအလွန်ပူသဖြင့် ကျွန်ုပ်သည့် (၆) မိုင်ခရီးကို ချွေးတစ်လုံးလုံးနှင့် စက်ဘီးကိုတွန်း၍ သွားရောက်ခဲ့ရပါသည်။

သမဝါယမဌာန ဝန်ထမ်းဘဝသည် ဤသို့လည်း ပင်ပန်းဆင်းရဲစွာဖြင့် တာဝန်ထမ်းဆောင် ခဲ့ရပါသည်။

ဖြစ်ရပ်မှန်(၄)

"ဟာ...ဒုက္ခပဲ ဆရာရေ ... မော်တော် ဘုတ်က စက်ပြန်ဖို့မလို မရတော့ဘူး။ ရေစီးက လည်း သန်ပါ့ဗျာ။ ဘယ်လိုလုပ်ရမှန်းကို မသိတော့ ဘူး"

"ဒုက္ခပါပဲဗျာ... ကျွန်တော့်မှာ မိသားစုက လည်း ပါလာတော့ ကျွန်တော်လှည်းတွေချည်းပဲ ဆို အကြောင်းမဟုတ်ဘူးဗျ။ ကလေးတွေပါတော့ စိုးရိမ်တယ်ဗျာ။ ကြိုးစားပြီး စက် ပြန်နိုးကြည့်ဖို့ မော်တော်ဘုတ် သမားကို ပြောကြည့်ပါဦးဗျာ"

အကြောင်းမှာ တိုင်းအစည်းအဝေးသို့ သွားရင်း မိမိ၏ မြို့နယ်သို့အပြန်၊ မိသားစု ကလည်း သူမိဘဆီ အလည်ပြန် ပြီးပြန်အလာနှင့် လမ်းမှာချိန်းကာ တွေ့ဆုံ၍ ဝဝနံမြစ်ကို မော်တော် ဘုတ် အသေးလေးဖြင့် ဆန်တက် ရခြင်းပင်ဖြစ်ပါသည်။

နောက်ဆုံးတွင် ရေစီးဖြင့် စက်ရပ်ပြီးမျှောပါနေသောမော်တော်ဘုတ်လေးမှာ ကံအားလျော်စွာ စက်ပြန်နိုး၍ ကျွန်တော်တို့ မိသားစု အသက်ချမ်းသာရာ ရခဲ့ပါသည်။

သမဝါယမဌာန ဝန်ထမ်းဘဝသည် ဤသို့လည်း အသက်ဘေးနှင့်ရင်ဆိုင် ကျော်ဖြတ်ခဲ့ရဖူး ပါသည်။

x x x x

ကျွန်တော့်ကဲ့သို့ သမဝါယမဦးစီးဌာန ဝန်ထမ်းများသည် ၁၉၇၀ ပြည့်နှစ် သမဝါယမ အသင်းဥပဒေအရ သမဝါယမအသင်းအဆင့်ဆင့် ဖွဲ့စည်းရေး အသင်းများအား ကြီးကြပ်ကွပ်ကဲ၍ စာရင်းများ စစ်ဆေးရေး သမဝါယမအသင်းစီးပွား ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရာတွင် ကိုယ်တာဝန်ကျသော နယ်မြေအခြေအနေလုံခြုံရေးအရ အသီးသီး အသက်စွန့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်များအ များအပြားရှိခဲ့ပါသည်။ အကျယ်ရေးပြရန် ဤ ဆောင်းပါးတွင် မဖြစ်၍ မရေးပြတော့ပါ။

ယခုတိုင် သက်ရှိထင်ရှားရှိနေသည့် ကျွန်

စာမျက်နှာ (၃) သို့

ကျွန်တော်နဲ့ပုံမှန်အသစ်
စာမျက်နှာ (၁) မှအဆက်

ပေးခြင်း ခံကြရတယ်။ ပုံမှန်အသစ်က အိမ်ထဲက အိမ်ပြင်ထွက်ဖို့ ခက်ခဲတယ်။ တားမြစ်ထား တာတွေ တစ်ဖက်ကရှိနေသလို ကိုယ်ကိုယ်တိုင် လည်း ကြောက်ပြီး မထွက်ရဲကြတာ။

အလုပ်ခွင်မှာ ဝန်ထမ်းတွေ လျှော့ရ တယ်။ အခုလိုလျှော့လိုက်တဲ့ ဝန်ထမ်းတွေကို တစ်ချိန်မှာ ပြန်ခန့်မယ်လို့အာမခံဖို့ ခဲယဉ်းတယ်။ ကျွစ်ကျွစ်လျွစ်လျွစ်နဲ့ နဂိုဝန်ထမ်းအရေအတွက် တစ်ဝက်လောက်နဲ့ အလုပ်တွေ လုပ်နိုင်အောင် ကြိုးစားနေကြတာ။ ဒီတော့ ဝန်ထမ်းတစ်ဝက် လောက်နဲ့ လုပ်နိုင်တာကို အတွေ့အကြုံရှိရင် အခြေအနေက ပြောင်းလဲပြီး ပြန်ခန့်ဖို့လွယ်မှာ မဟုတ်တော့ဘူး။

အရင်တုန်းက မိသားစုတွေ အား လပ်ချိန်မှာ အပြင်ထွက်ကြတယ်၊ လည်ပတ်ကြ တယ်၊ စားသောက်ဆိုင်တွေ သွားကြတယ်။ အခု ချိန်မှာ အပြင်မထွက်ဘဲ အိမ်မှာပဲ မိသားစုနဲ့ အတူ နွေးနွေးထွေးထွေး နေထိုင်ကြတယ်။ တစ်ခါ တလေ အစားအသောက် မှာစားကြတယ်။ ဒါက ပုံမှန်အသစ်၊ နောင်ဆိုရင် အခုလိုပဲ အိမ်မှာပဲ နေပြီးအပြင် ထွက်ဖို့ဝန်လေးမှာ။ စနေ၊ တနင်္ဂနွေဆို ဖြို့ပေါက လူတွေက ဈေးဝယ်ထွက်ကြတယ်။ ဈေးဝယ်ရင်း ရုပ်ရှင်ကြည့် အစားအသောက်တွေ စားပြီး အချိန်ကုန်ခဲ့တယ်။ အခုတော့ ပစ္စည်း ဝယ်တဲ့ပုံစံက လုံးဝပြောင်းလဲခဲ့ပြီ။ အိမ်မှာ နေရင်း အွန်လိုင်းကနေ လိုချင်တာကိုမှာပြီး ဝယ်နေကြ တာ။ ဒါကြောင့် တစ်လအတွင်း အွန်လိုင်း အရောင်း အဝယ်လုပ်ငန်းတွေ တစ်ဟုန်ထိုး တိုးတက်လာခဲ့ တယ်။ သွက်လက်လာတယ်။

ပညာရေးကဏ္ဍမှာ အကြီးအကျယ် ပြောင်းလဲမှုတွေကို ရင်ဆိုင်ရတယ်။ အားလုံးဟာ အွန်လိုင်းတက်ကြရတော့မယ်။ အရင်တုန်းကလို မဟုတ်တော့ဘဲ ပညာရေးကို မိမိလက်ကိုင်ဖုန်း၊ ကွန်ပျူတာကတစ်ဆင့်ရနိုင်တဲ့ အနေအထားရှိ တယ်။

ထူးခြားတဲ့ ပုံမှန်အသစ်

ထူးခြားတဲ့ ပုံမှန်အသစ်တစ်ခုကို သတိထားမိတယ်။ အရင်တုန်းက အိမ်ခြံမြေ အကျိုးဆောင်တွေဟာတိုက်ခန်းငှားချင်တဲ့သူ၊အိမ် ဝယ်ချင်တဲ့သူတွေကို ရောင်းမယ့်သူ၊ ငှားမယ့်သူ တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်ပြီး အကျိုး ဆောင်မှုလုပ်ကြတယ်။ ကျေနပ်မှုရှိအောင် ပြသရ တယ်။ အခုချိန်မှာ ကိုယ်တိုင်ကိုယ်ကျသွားဖို့ မဖြစ် နိုင်တော့ဘူး။ ဒါကြောင့် အွန်လိုင်းကနေ တစ်ဆင့် ကိုယ်ငှားချင်တဲ့တိုက်ခန်း၊ ကိုယ်ဝယ်ချင်တဲ့ အိမ်ခြံ တွေကိုကြည့်ပြီး အဆုံးအဖြတ်တွေ ပေးလို့ ရလာ ပြီ။ ဒါဟာ ပုံမှန်အသစ်ဖြစ်တယ်။ ကျွန်တော် စိတ်ပူတာတစ်ခုရှိတယ်။ တစ်လကျော်ကျော် အိမ်ထဲပိတ်မိနေသူတွေ အချိန်ရတာနဲ့အမျှ မွန်း ကျပ်လာကြတယ်။ စိတ်ဖိစီးမှုတွေ များလာ တယ်။ ဒါကြောင့် ဒီကပ်ရောဂါကြီး မြန်မြန်ပြီးပါစေ လို့ ဆုတောင်းနေကြတယ်။ ပြီးသွားရင် အရင်အတိုင်း လူပ်ရှားနိုင်မယ်လို့ မြင်နေကြတယ်။ ထင်နေ ကြတယ်။ အရင်လိုမဟုတ်တော့ဘူးဆိုတာကို လက်ခံဖို့ခက်တယ်။ မိမိရင်းနှီးတဲ့၊ ယဉ်ပါးတဲ့ နဂိုအခြေအနေ ပြန်ရောက်လိမ့်မယ်လို့ ထင်နေကြ တယ်။ အမေရိကန်ပြည်ထောင်စုမှာ ကျောင်းတွေ ပြန်ဖွင့်ဖို့ အစီအစဉ်တွေ ဆွဲနေကြတယ်။ ကျောင်း သားတွေကို ကျောင်းမှာစုပြီး နေ့လယ်စာကျွေးတဲ့ အစီအစဉ်တွေကို ရုပ်သိမ်းဖို့ စီစဉ်နေတယ်။ စာသင်ခန်းထဲမှာ တစ်စားပွဲနဲ့ တစ်စားပွဲ ခြောက် ပေအကွာအဝေးထားဖို့ စီစဉ်ကြတယ်။ ကျောင်း တွေ ပြန်ဖွင့်ရင် အရင်ပုံစံမဟုတ်တော့ဘူး။ တက္ကသိုလ်ဝင်တွေမှာလည်း ကျောင်းသားတွေရဲ့ အတန်းတွေအားလုံးကို ပိတ်လိုက်ပြီး အားလုံးကို အွန်လိုင်းက သင်နေကြပြီ။ ဒါကပုံစံအသစ်ပဲ ဖြစ်တယ်။ အားကစားနဲ့ ပတ်သက်လာရင်လည်း အခုလိုပဲ ဖြစ်မယ်။ လူစုလူဝေးကို လုံးဝ ရှောင်ကြ ရမယ်။ ဒါက ပုံစံအသစ် ဖြစ်တယ်။

ပုံစံအသစ်ကို လူတွေက လက်ခံဖို့ ခက်ခဲမယ်။ စိတ်ထဲကလက်ခံဖို့ မလွယ်လှဘူး။ အရင်လိုပဲဆိုတာကို တွေးနေကြတာ။ ကိုဗစ်-၁၉ ရောဂါကို လျှော့တွက်နေကြတယ်။ ကာကွယ်ဆေး ပေါ်လာရင် ပြဿနာ အားလုံးပြီးပြီလို့ ထင်နေကြ တယ်။ ကာကွယ်ဆေးပေါ်ဖို့ အချိန်လိုတယ်။ ပေါ်ပြီးတဲ့အချိန်မှာလည်း လူတိုင်းအတွက် လက် လှမ်းမီအောင် အတော်လုပ်ယူရမယ်။

ကျွန်တော်တို့အားလုံး လက်ဆေး တတ်နေကြပြီ။ နာခေါင်းစည်းကိုတပ်ဖို့ ဝန်မလေး ကြတော့ဘူး။ တစ်ယောက်နဲ့ တစ်ယောက် နီးနီး ကပ်ကပ်နေလို့မဖြစ်ဘူးဆိုတာနားလည်ကြတယ်။ တတ်နိုင်ရင် အိမ်မှာပဲနေကြတယ်။ အမှုအကျင့် လေ့ထုံးစံဆိုတာက ကာလတိုမှာပြောင်းလဲဖို့ မလွယ်လှဘူး။ အနေအထိုင်ဆင်ခြင်ရမယ်လို့ သိပေမယ့် အကျင့်ကပါနေတာ။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး လိုအပ် တဲ့အကူအညီတွေကို နိုင်ငံတော်က ဦးစီးပြီး ဆောင် ရွက်နေတယ်။ လုပ်ငန်းရှင်များကလည်း ပါဝင်ကြ တယ်။ တစ်ဦးချင်း တစ်ယောက်ချင်းက ပါဝင်နေ ကြတယ်။ ကျွန်တော်တို့ လူမျိုးက အလှူအတန်းနဲ့ ပတ်သက်ပြီး ရက်ရောတယ်။ ဒါကြောင့်လည်းသတင်းတွေမှာအလှူအတန်းလုပ် နေတာကို ကြားရလို့ သာခုခေါ်ပါတယ်။ ဒါပေမယ့် သတင်းစာတွေမှာ အလှူအတန်းလုပ်နေပုံကိုမြင်ရ တော့ စိုးရိမ်မိတယ်။ လူတဲ့ပုံစံက မပြောင်းလဲ သေးဘူး။ ဓာတ်ပုံတွေ အရိုက်ခံနေတယ်။အလှူငွေ ပမာဏဖော်ပြတဲ့အတွက် ကိုယ်လှူတဲ့သူနဲ့ အလှူ လက်ခံတဲ့သူက ပူးတွဲပြီး ဓာတ်ပုံရိုက်ကြတယ်။ နံဘေးမှာလည်း လူတွေက တစ်ဦးနဲ့တစ်ဦး ပူးကပ် နေကြတာ။ ဓာတ်ပုံထဲအားလုံး ပါဝင်အောင် အရိုက်ခံကြတယ်။နာခေါင်းစည်းတွေတပ်ထားကြ သလို တချို့တွေကတော့ အရင်တိုင်းပဲ။ အခုလို လှူဒါန်းတဲ့ပုံစံကို ကိုဗစ်-၁၉ ကာလမှာ ပြောင်း လဲသင့်တယ်။ အွန်လိုင်းနဲ့လှူနိုင်အောင်စီစဉ်ဖို့ လိုအပ်တယ်။ ပစ္စည်းတွေ လက်ခံတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုအနည်းဆုံး ဖြစ်အောင် လုပ်ဖို့လိုအပ်တယ်။ဒါပေမယ့်အလှူယဉ်ကျေးမှုကို ပြင်ဖို့ကတော့ ကာလတိုမှာ လွယ်မှာမဟုတ်သေး ဘူး ထင်တယ်။ ငါးဦးထက်ပိုပြီး မစုဝေးရဆိုတဲ့ အမိန့်ထုတ်ထားပေမယ့် တချို့နေရာတွေမှာ ချိုး ဖောက်နေကြတယ်။ ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနက ထုတ်ဝေထားတဲ့ ညွှန်ကြားချက် တွေက လိုက်နာရမယ့်အရာတွေ။ အရင်ပုံစံနဲ့ လူပ်ရှားနေဖို့ မသင့်တော့ဘူး။

လူတိုင်းမှာ တာဝန်ရှိ

ပုံစံအသစ်ကို ရောက်နေပြီ။ ဒီပုံစံ အသစ်အတွင်း လူပ်ရှားဖို့လိုအပ်တယ်။လူတိုင်းမှာ တာဝန်ရှိတယ်။ ဒီရောဂါပိုး ကိုယ့်မှာရှိတယ် မရှိဘူး မသိနိုင်တာမို့ သွားလာလူပ်ရှားမှုတွေကို အတတ် နိုင်ဆုံးလျှော့ဖို့ လိုအပ်တယ်။

အလုပ်တွေ အာရုံနဲ့ မိသားစုနဲ့ နွေးနွေးထွေးထွေးမနေနိုင်တဲ့ အခြေအနေက အခုလိုအိမ်မှာ နေကြရတာ ပုံမှန်အသစ်သာ ဖြစ် တယ်။ ဒီပုံမှန်အသစ်ကို ကြိုဆိုပြီး နေထိုင်ကြဖို့ ဆန္ဒပြုရပါတယ်။ ပုံမှန်အသစ်ဘဝကို ကြိုဆိုကြ ပါစို့။ ကျေကျေနပ်နပ်နဲ့ လူပ်ရှားပြီး ရှင်သန် အောင်ကြိုးစားကြရမှာသာ ဖြစ်တယ်။ ။

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် (၂၀၂၀ ပြည့်နှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ရေးသားသည့် "ကျွန်တော်နဲ့ပုံမှန်အသစ်" ဆောင်းပါးအား သမဝါယမ လောကသားများ မျှဝေခံစားနိုင်ကြစေရန် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်)

" တစ်ကယ့်အနှစ်သာရ သမဝါယမ "
စာမျက်နှာ (၂) မှအဆက်

တော်တို့လိုပင်စစ်စား သမဝါယမဝန်ထမ်းများတွင် သမဝါယမကြိုးပမ်းမှုနှင့်ပတ်သက်၍အတွေ့အကြုံ ဖြစ်ရပ်မှန်များ ကိုယ်စီကိုယ်ငှ ရှိနေမည်မှာ သေချာ ပါသည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သလို သမဝါယမဝန်ကြီးဌာန မရှိတော့ဘဲ အခြားဝန်ကြီး ဌာနတစ်ခု၏အောက်တွင် ဦးစီးဌာနတစ်ခုအဖြစ် သာ ရှိနေတော့သည်ကို မြင်တွေ့ကြားသိရသော သမဝါယမလောကသားများအားလုံး ရင်ထဲတွင် ခံစားမှုတစ်ခုခု ရှိလိမ့်မည်ဟု စာရေးသူ ယုံကြည်ပါ သည်။ မမြောသာ၍သာ မမြောဘဲ နေကြရပါသည်။ ရင်ထဲတွင် မခို်ပါ။

အမှန်စစ်စစ်တွင် ဒီနေ့ တစ်ကမ္ဘာလုံး၌ သမဝါယမအသင်းများရှိကာ ဖွံ့ဖြိုးတိုးတက်နေ သည်ကို လေ့လာသူတိုင်း သိရှိကြမည်ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း သမဝါယမ ဌာနနှင့် သမဝါယမအသင်းများ ရှိနေကြသော်လည်း ရှေးယခင်ကလို အသင်းသူအသင်းသားများ အတွက် စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက် များကို ဆောင်ရွက်ပေးနိုင်မှုနည်းပါးပြီး ငွေချေး သည့် လုပ်ငန်းများကိုသာ အဓိကထား လုပ်ဆောင် နေသည်ကို လေ့လာသိရှိရပါသည်။

အမှန်တကယ်တွင် သမဝါယမအသင်း ဆိုသည်မှာ အသင်းသူ အသင်းသားများ၏ စီးပွား ရေးအခြေအနေများ တိုးတက်မြင့်မားလာစေရန် အလို့ငှာ လူတန်းစားခွဲခြားမှုမရှိဘဲ သာတူညီမျှ စနစ်ဖြင့် လူသားအချင်းချင်း ဆက်ဆံပေါင်းသင်း၍ မိမိတို့၏ဆန္ဒအလျောက် အတူတကွ ပူးပေါင်း ဆောင်ရွက်သော "လူမှုစီးပွားရေးစနစ် (Socio-economic System)" ဖော်ဆောင်နေသည့် အဖွဲ့အ စည်းပင်ဖြစ်သည်။

ဦးတည်ချက် (၂) ရပ်မှာလည်း အောက်ပါ အတိုင်းဖြစ်ပါသည် -

(၁) ကျေးလက်ပြည်သူများနှင့် မြို့ပြနေ အခြေခံ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် လာစေရန်။

(၂) တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေ ရေး ဆောင်ရွက်ရာတွင် သမဝါယမ စီးပွားရေး လုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန် တကယ် အထောက်အကူပြု ဆောင်ရွက်ပေး ရန်။

သမဝါယမအနှစ်သာရမှာလည်း ကိုယ့် အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင် ရွက်ခြင်း။ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း။ တန်း တူညီမျှခြင်း။ တရားမျှတခြင်း။ စည်းလုံးညီညွတ် ခြင်းတို့ဖြစ်ကာ သမဝါယမကျင့်ဝတ်သည် ရိုးသား ခြင်း။ ပွင့်လင်းခြင်းနှင့် အများအကျိုးဆောင်ရွက် ခြင်းတို့အပေါ် အခြေခံထားပါသည်။ ၎င်းအပြင် သမဝါယမသည် လူမှုစီးပွားရေးအဖွဲ့အစည်းဖြစ်သ ဖြင့် လူအချင်းချင်း ပူးပေါင်းပြီးပါဝင်သူများ၏ လူမှုရေးနှင့်စီးပွားရေးကို မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်သည့် အသင်းအဖွဲ့ ဖြစ်ပါသည်။

သို့ဖြစ်ပါလျက် ၁၉၇၀ ပြည့်နှစ် သမ ဝါယမအသင်း၃ပဒေအရ ဖွဲ့စည်းထားသော သမ ဝါယမအသင်းများသည် မည်သည့်အကြောင်း ကြောင့် မအောင်မြင်ဖြစ်ရပါသနည်းဟု မေးစရာ မေးခွန်းရှိလာပါသည်။

စာရေးသူအနေဖြင့် ရိုးသားပွင့်လင်းမှန် ကန်စွာဖြေကြားရလျှင် ယင်းအချိန်က သမဝါယမ အသင်း၃ပဒေအရ အလုပ်အမှုဆောင်အဖွဲ့ သုံးပုံ တစ်ပုံကို အစိုးရက ခန့်အပ်ရပြီး ကျန်သုံးပုံ နှစ်ပုံကို အသင်းသူအသင်းသားများ အားလုံးပါဝင်သည့် သင်းလုံးကျွတ်အစည်းအဝေးက အများသဘောတူ ရွေးချယ်တင်မြှောက်ရပါသည်။

သို့ရာတွင်ထိုအချိန်က သမဝါယမအသင်း အဆင့်ဆင့်၏ အလုပ်အမှုဆောင် သုံးပုံနှစ်ပုံကို သင်းလုံးကျွတ်အစည်းအဝေးက ရွေးချယ်ပိုင်ခွင့် မရှိတော့ဘဲ အမှုဆောင်များအားလုံးကို ယင်းအချိန် က ဦးဆောင်နေသော ပါတီအဖွဲ့အစည်းက ဗဟို ဦးစီးစနစ်ဖြင့် ရွေးချယ်လိုက်သောကြောင့် သမဝါ ယမအသင်းများ မအောင်မြင်ဖြစ်ရပါကြောင်း ရိုး သားစွာ တင်ပြလိုပါသည်။

သမဝါယမဦးစီးဌာန အဆင့်ဆင့်က လည်း ဥပဒေလုပ်ထုံးလုပ်နည်းများ တင်ပြခဲ့ပေ မယ့် အချည်းနှီးဖြစ်ခဲ့ရပါသည်ဟု သိရှိရပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့အချိန်တွင် သမ ဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများမှာ သက်ဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်လမ်းညွှန်မှု နှင့် အကောင်းဆုံးဆောင်ရွက်နေကြသည်ကို သိရှိကြရာ အကယ်၍များ သမဝါယမဝန်ကြီးဌာန ကို တသီးတခြား ဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့ စည်းလုပ်ဆောင်ပါက သမဝါယမအသင်းသူ အသင်းသားများဖြစ်သည့် လုပ်သားပြည်သူအများ စုအတွက် "လူမှုစီးပွားရေးစနစ် (Socio-economic System)"ဖြင့် လုပ်သားပြည်သူအများစုအတွက် ဒီထက်ပိုမို ဆောင်ရွက်နိုင်မည်ဟု စာရေးသူမှ ယုံကြည်ပါသည်။

(ပန်ကြားချုတ်)

အကြောင်းအရာအစုံအလင် တင်ပြချင် သော်လည်း စာရှည်ပြီး လေးမည်ဖြစ်၍ အားလုံးကို အကျဉ်းချုပ်ဖြင့်သာ ဖော်ပြထားသည်ကို နားလည် ပေးပါရန်။

ရဲမြင့် (စွန့်ဦးတီထွင်)

ပြည်သူကို အထောက်အကူပြုသော သမဝါယမဖြစ်ပါစေ

ညီအောင်ညီ

ဓနပြိုးခင်းဂျာနယ်တွင် စာရေးဖြစ်ခဲ့သည်မှာ (၂) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ သမဝါယမအကြောင်း ဦးစားပေးထုတ်ဝေသော ဂျာနယ်တွင် စာရေးသူသည် သမဝါယမအကြောင်းကို တစ်ကြိမ်တစ်ခါမျှ မရေးဖူးသေးပေ။ တခြားအကြောင်းအရာ ဆောင်းပါးများကိုသာ ရေးသားပေးပို့ဖြစ်ခဲ့ပါသည်။

(၁၁.၆.၂၀၂၀) နေ့တွင် ဓနပြိုးခင်းဂျာနယ်မှ ညီမငယ်ဆီက မက်ဆေ့ဝင်လာပါသည်။ နောက်လတွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထူးထုတ်အတွက် သမဝါယမဂုဏ်ပြုဆောင်းပါး ရေးပို့ပေးပါဆိုသော မက်ဆေ့ကို ဖတ်လိုက်ရပါသည်။ ထို့ကြောင့် စာရေးသူစိတ်ထဲတွင်လည်း သမဝါယမအကြောင်းကို ငါမရေးဖြစ်သေးဘူး၊ ရေးဦးမှဖြစ်မည်ဟု တွေးကာ ဘောပင်ကို စ၍ကိုင်မိခဲ့ပါသည်။

၁၈၅၅ ခုနှစ်က အင်္ဂလန်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Cooperative Alliance) ကို စတင်ထူထောင်ခဲ့သည်ဟု သမဝါယမမှတ်တမ်းအချို့တွင် ဖတ်ခဲ့ရဖူးပါသည်။ (ICA) ဟုလည်း အတိုကောက် ခေါ်ကြသေးပါသည်။ မြန်မာနိုင်ငံ၏ ဗဟိုသမဝါယမအသင်းကြီးသည် ၁၉၉၃ ခုနှစ်တွင် (ICA) အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပါသည်။ နှစ်စဉ်ဇူလိုင်လ၏ ပထမပတ်စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုအခမ်းအနားများကို အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပသလို မြန်မာနိုင်ငံတွင်လည်း အစဉ်လာ မပြတ် ဂုဏ်ပြုပွဲများလည်း ကျင်းပခဲ့ကြပါသည်။ ယခုနှစ်တွင် Covid -19 ကြောင့် မည်သို့မည်ပုံကျင်းပမလဲ ဆိုသည်ကိုတော့ မပြောတတ်ပါပေ။

ယခင်နှစ် ၂၀၁၉ ၏ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်မှာ "အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများဆောင်ရွက်စို့" ဖြစ်သည်။ ထို ဆောင်ပုဒ်က ယခုနှစ်အတွက်ဆိုလျှင် ပို့မှန်နေမလားဟု စာရေးသူ ယုဆမိပါသည်။ Covid-19 ကြောင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဆုံးရှုံးခဲ့ပါသည်။ ဒွေရေးကြေးရေးလိုအပ်ချက်များစွာ ရှိခဲ့ပါသည်။ သမဝါယမအသင်းများစွာ၏အကူအညီများပြည်သူများထံ အမြန်ကူညီပံ့ပိုးပေးနိုင်ပါစေဟုလည်း ဤဆောင်းပါးမှ ဆန္ဒပြုမိပါသည်။ များများ ကူညီပေးနိုင်လေ ပြည်သူများ အသက်ရှူချောင်လေပင် ဖြစ်ပါသည်။

သမဝါယမအကြောင်း ရေးရင်း စာရေးသူငယ်စဉ်က အမှတ်တရအချို့ကို သတိရမိခဲ့ပါသည်။ စာရေးသူ (၆) တန်းကျောင်းသားအရွယ် လောက်က ရပ်ကွက်ထဲရှိ သမဆိုင်ဟု အမည်ပေးထားသော ဆိုင်များတွင် သမဝါယမဆိုင် အသီအမှတ်ပြု စာအုပ်လေးလုပ်၍ ဆန်၊ ဆီ၊ ဆား စသည်ကို တန်းစီတိုးဝှေ့ ထုတ်ဆောင်ယူခဲ့ဖူးပါသည်။ ပစ္စည်းအရည်အသွေးက မကောင်းပေ။ ထိုခေတ်အခြေအနေအရ ထိုဆိုင်များနှင့် စာရေးသူတို့ အခြေခံလူတန်းစားများ ကင်း၍ မရနိုင်ခဲ့ပါ။

နောက်ပိုင်းတွင်တော့ ထို (သမဆိုင်များ) သမဝါယမဆိုင်များ ပျောက်ကွယ်သွားပါသည်။ ဘာကြောင့် ပျောက်ကွယ်သွားသည်ကိုတော့ စာရေးသူ မပြောလိုတော့ပေ။ သို့သော်လည်း ထိုသမဆိုင်ဟောင်းများ ရှိခဲ့သော နေရာများက ကားမှတ်တိုင်အမည်များ အဖြစ် ယနေ့တိုင်ကျန်ခဲ့ပါသည်။ ဥပမာ ၁၂/သမမှတ်တိုင်၊ ၆/သမမှတ်တိုင် စသော မှတ်တိုင်များပင် ဖြစ်သည်။ စာရေးသူတို့နောက်မှ မွေးလာသော မျိုးဆက်အချို့ကတော့ သိကြတော့မည် မဟုတ်ပေ။ သမဝါယမအသင်းများကို ပုတ်ခတ်လိုစိတ်ဖြင့် ရေးခြင်းမဟုတ်ပါ။ အတိတ်ဖြစ်ရပ်အချို့ကို တင်ပြခြင်းသာ ဖြစ်သည်။

၂၀၁၈ ခုနှစ်က အွန်လိုင်းပေါ်တွင် သမဝါယမဦးစီးဌာန၏ ပြောင်းလဲနေတဲ့ သမဝါယမ (Change of Co-operative) ဆိုသော ခေါင်းစဉ်ဖြင့် Post တစ်ခုကို ဖတ်လိုက်ရပါသည်။ သမဝါယမဦးစီးဌာန၏ ကောင်းမွန်သော စေတနာနှင့်ကောင်းမွန်သောရည်ရွယ်ချက်ကို တွေ့လိုက်ရပါသည်။

ထို့ကြောင့် မူရင်းပို့စ်အတိုင်း ကျွန်တော် ဖော်ပြချင်ပါသည်။

"ပြောင်းလဲနေတဲ့ သမဝါယမ"

မြန်မာနိုင်ငံမှာ သမဝါယမစနစ်ကို အင်္ဂလိပ်ကိုလိုနီခေတ်နဲ့ ပါလီမန်ဒီမိုကရေစီခေတ်မှာ လယ်သမားတွေ အတိုးကြီးချေးယူရတာ အကြွေးနဲ့နစ်တာက ကာကွယ်ဖို့ သုံးခဲ့ကြပါတယ်။ ဆိုရှယ်လစ်ခေတ်ကျတော့ ဆန်၊ ဆီ၊ ဆား အခြေခံစားကုန်များနဲ့ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံတွေက ထုတ်တဲ့ ကုန်ပစ္စည်းတွေ ဖြန့်ဖြူးရာဌာန အဖြစ် သုံးခဲ့ပြန်ပါတယ်။

ပြည်သူများ လိုအပ်တဲ့ ပစ္စည်းကျတော့ အရေအတွက် နည်းနည်းပဲရောက်တယ် အသုံးမလိုတဲ့ ပစ္စည်းကျတော့ များများရောက်တယ်။ နည်းနည်းပဲရောက်တဲ့ ပစ္စည်းကောင်းတွေ မဝေလောက်တော့ အမှုဆောင်အဖွဲ့ကပဲ ခွဲယူ။ များများရောက်တဲ့ ပစ္စည်းတွေ ရောင်းမကုန်တော့ မယူမနေရ ခွဲတမ်းနဲ့ အတင်းရောင်းရတဲ့ အခြေအနေမျိုး ရောက်ခဲ့တော့ သမဝါယမတွေ နာမည်ပျက်ခဲ့ရတယ်။

(ဒီအပိုဒ်က အတိတ်က ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေပါ။ အပြစ်တွေပြောနေလို့လည်း ရှေ့ရောက်တော့မှာ မဟုတ်ပါ)

"ဒီကနေ့ သမဝါယမကတော့ အသင်းသား တောင်သူတစ်ဦးချင်း ဘာတွေလိုအပ်သလဲ၊ ဘာတွေလိုချင်သလဲ၊ စိုက်ပျိုးစရိတ်၊ မွေးမြူရေးစရိတ်ချေးငွေလိုသလား၊ မျိုးကောင်းမျိုးသန့်လိုသလား၊ နည်းပညာလိုသလား၊ လုပ်ငန်းသုံးစက်တွေ၊ ထွန်စက်ရိတ် စက်တွေလိုသလား၊ ဓါတ်မြေဩဇာ ပိုးသတ်ဆေးလိုသလား၊ မိသားစု တစ်နိုင်တိုင်းလုပ်ငန်းထူထောင်ဖို့ အရင်းအနှီးလိုသလား၊ တစ်ဦးချင်း လိုအပ်ချက်အားလုံး စိတ်တိုင်းကျ ရနိုင်အောင် ဝန်ဆောင်မှုပေးတဲ့ သမဝါယမအဖြစ် ပြောင်းလဲနေပါပြီ။"

ဒီလိုရေးသားချက်တွေကို စာရေးသူဖတ်မိပြီး အခက်ခဲများ ရှိနေသည့် ပြည်သူများအတွက် သမဝါယမအသင်းများ ရှိနေဖို့ လိုအပ်သည်ကို မြင်မိခဲ့ပါသည်။

အကြိုက်ဆုံး ရည်ရွယ်ချက်တစ်ခုကတော့ "စနစ်တစ်ခုကို အထောက်အကူပြုရတဲ့ သမဝါယမကနေ ပြည်သူကို အထောက်အကူပြုတဲ့ သမဝါယမအဖြစ်ပြောင်းလဲနေတဲ့ သမဝါယမဆိုသည့်အချက်ပင်" ဖြစ်ပါသည်။

လေ့လာဖြစ်ခဲ့သော သမဝါယမ၏မူများထဲမှ No Profit ၊ No Loss၊ One Village One Product စသောမူများကို စာရေးသူ သဘောကျမိပါသည်။ တောင်သူအကျိုးတူလယ်ယာ Contract Farming စနစ်ကိုတော့ စာရေးသူအနေဖြင့် ကောင်းခြင်း ဆိုးခြင်းကို မပြောလိုပါ။ နှစ်ဦး နှစ်ဖက် ကျေနပ်နေလျှင် စာချုပ်ချုပ်ကြရုံသာ ရှိပါသည်။ တိုင်းနှင့် ပြည်နယ် အသီးသီး၌ အသင်းပေါင်းများစွာ လုပ်ငန်းပေါင်းများစွာ ရှိမည်ဖြစ်ပါသည်။ ပြည်သူတော်တော်များများ သိထားကြသည်ကတော့ ချေးငွေလုပ်ငန်းပင်ဖြစ်သည်။ တခြားအကြောင်းအရာများစွာ ရေးဖို့ရှိနေပါသေးသည်။ သို့သော် စာရှည်နေမည်ဆို၍ အကြောင်းအရာအချို့ကို နောက်လထုတ် ဂျာနယ်များတွင်သာ ဆက်လက်ရေးသားသွားပါမည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားများကို ကျင်းပခဲ့သည်မှာ နှစ် ၂၀ ကိုကျော်လာခဲ့ပြီ ဖြစ်ပါသည်။ သမဝါယမအသင်းများစွာ၏ အနှစ်သာရကို ထုတ်ပြပါဟုဆိုလျှင် ပြည်သူကို အထောက်အကူပြုရေးသာ ဖြစ်ပါသည်။

ပြည်သူကို အထောက်အကူပြုရန်အတွက် ဆက်လက်ချီတက် ပုံဖော်ဖို့သာလိုပါတော့သည်။ အရေးကြီးသည့်အချက်က သမဝါယမ၏ ပုံရိပ်ကို မြင့်သထက်မြင့်အောင် မြှင့်တင်ဖို့ ဖြစ်ပါသည်။ ထိုသို့မြှင့်တင်ဖို့အဂတိကင်းစင်ဖို့ အရေးကြီးပါသည်။

"သမ" ဆိုသည်မှာ "ညီမျှခြင်း အဂတိကင်းခြင်း" အဓိပ္ပါယ်ကို ဆောင်ပါသည်။ "ဝါယမ" ဆိုသည်မှာတော့ "အားထုတ်ခြင်း အားစိုက်ခြင်း" ဖြစ်ပါသည်။ ပြည်သူလူထုအပေါ်တွင် သမဝါယမ၏ ရည်ရွယ်ချက်များ လုပ်ဆောင် ပုံပိုးချက်များကို စေတနာမှန်မှန် ရည်ရွယ်ချက်မှန်မှန်ဖြင့် ပြည်သူဆိုသော လူအဖွဲ့အစည်းကို အထောက်အကူပြုသော သမဝါယမကြီးဖြစ်ပါစေဟု ဆန္ဒပြုရင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ပထမပတ်စနေနေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အတွက် ဂုဏ်ပြုရေးသားလိုက်ပါသည်။

ညီအောင်ညီ

"အစွန်းချွတ်ဆေးလိုပါသည်"

ရောင်သွေးဆွတ်ပျံ့၊ သက်တံပမာ
လက်ဖြာလှပ၊ ရွှမဝသည့်
တက်ကြွလန်းဆန်း၊ ရောင်စုံပန်းသည်
ချမ်းမြေအေးချမ်း ယှဉ်သကို။
ပန်းတို့အလှ၊ အဓိကမှာ
အလှသက်တံ၊ ခြယ်မှုန်းအံ့သည်
နုညံ့သွယ်ပြောင်း၊ စိတ်ထားကောင်းသည့်
ပေါင်းစည်းအားမာန်၊ ပြည့်စုံလှသည့်
ခြံရံရွှန်းလက် ထိုအချက်တည့်။
ယနေ့ခိုနှိမ်ခ၊ ကြည့်လိုက်ပါမူ
ဖြုပြာနီစိမ်း၊ ဝါရွေလိမ်းသည့်
ငြိမ်းချမ်းသွင်ပြင်၊ လမ်းထွင်အပြီး
ခရီးနှင်သူ၊ မာန်ပုံထူ၍
မတူငါနှင့်၊ ရန်သူရှင့်ဟု
မချင့်မချိန်ရောင်သွေးမှိန်၏။
ပေါင်းစည်းအား၏၊ အလှသိလည်း
မချိတင်ကဲ၊ စိတ်အစွဲကြောင့်
ကွဲပြားပါလေ၊ စေလိုရာစိတ်
အထွဋ်ထိပ်က၊ ဆဲမြိတ်ပြေလျော့
မာန်မလျော့ဘဲ၊ အစွဲကျွတ်အောင်
မျက်တောင်မဆုံး၊ အမှောင်ဖုံးမို့
အရှုံးပြိုင်ကြပါလေသည်။
အစွန်းချွတ်ဆေး လိုပါမည်။ ။

မောင်မန်းညီ(မဟာဝိဇ္ဇာ)

စာရေးသူ၏ ခွင့်ပြုချက်အရ (၁၈.၆.၂၀၂၀ ရက်နေ့ထုတ် မြဝတီနေ့စဉ်သတင်းစာမှ ကူးယူဖော်ပြပါသည်)

ကြီးစားဆောင်ရွက်သင့်သော မြန်မာ့သမဝါယမငွေစုငွေချေးလုပ်ငန်းများ

နိုင်(သလ္လာဝတီ)

Covid19 ကာလမှာ ငွေကြေးပိုင်းဆိုင်ရာ ဆောင်ရွက်မှုတွေအနေနဲ့ တွေ့နေရတာက ဘယ်နိုင်ငံကတော့ သူတို့ငိုးပြည်ရဲ့စီးပွားရေးပိုင်းကို ဒေါ်လာဘီလီယံပမာဏာဘယ်လောက် ထည့်သွင်းပေးလိုက်တယ် ဆိုတဲ့သတင်းတွေ ခပ်စိတ်စိတ် ကြားလာနေရပါတယ်။ ကိုယ့်တိုင်းပြည်မှာရော ငွေကြေးပိုင်းနဲ့ပတ်သက်ပြီး ဘာတွေလုပ်ပေးနေသလဲဆိုတာလည်း လေ့လာမိပြန်ပါတယ်။ လောလောဆယ်တော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ (SME) ပိုင်းကို ဦးစားပေးထားတဲ့ ချေးငွေတွေကို နိုင်ငံတော်က ထုတ်ချေးပေးနေတာ၊ လုပ်ငန်းရှင်တွေပိုင်းကို ကူပေးနေတာတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ပြောနေကြတာက အလုပ်ရှင်တွေသာမဟုတ်ဘဲ အလုပ်သမား လူတန်းစားကိုရော ပေးဖို့မသင့်ဘူးလား ဆိုပြီးဆွေးနွေးနေတာတွေတွေ့လာရပြန်ပါတယ်။ မှန်လည်းမှန်လုပါတယ်။ လုပ်ငန်းရှင်တွေကို ငွေကြေးပံ့ပိုးပေးရုံနဲ့တော့ လုပ်ငန်းရှင်သန်ရေးဟာ ပြီးပြည့်စုံစေမှာ မဟုတ်ဘူးလို့ တွေးမိပါတယ်။

ဒါကြောင့်အခုဆိုရင် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းWorld Bank ကနေလည်း ကမ္ဘာ့နိုင်ငံအသီးသီးကို Covid အလွန်ကာလမှာ စီးပွားရေးအရှိန်အဟုန်ကျဆင်းမသွားစေဖို့ ကူညီပံ့ပိုးမှုတွေ အမြန်ဆုံးပေးနိုင်အောင် ဆောင်ရွက်နေတာလည်း ရှိလာပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတခုရဲ့စီးပွားရေးကိုဂရုပြုသလို နိုင်ငံသားတွေ အတွက်စီးပွားရေးကိုလည်း ဖြည့်ဆည်းပေးဖို့ စဉ်းစားချက်တွေဟိုလာတာကို တွေ့ရပါတယ်။ အဆောက်အဦတစ်ခုမှာ မတ်တည်ထားတဲ့တိုင် တွေကအရေးကြီးသလို ကျန်အစိတ်အပိုင်းတွေ နိုင်မာမှုရှိမှ ရေရှည်ရပ်တည်နိုင်မှာပါ။ ဟန်ချက်မျှတညီညွတ်မှုရှိရမည့်သဘောတရားပါပဲ။ ငွေကြေးပိုင်းဆိုင်ရာ ပံ့ပိုးမှုမှာသက်သာသောချေးငွေ၊ ပြန်ဆပ်စရာမလိုတဲ့ကူညီငွေ၊ ငွေသားမဟုတ်ဘဲ အခြား နည်းအကူအညီတွေလည်း နည်းမျိုးစုံနဲ့ ပေးကြတာရှိပါတယ်။ ချေးငွေဆိုတာနဲ့ ဖြစ်နိုင်ရင် ကင်းကင်းရှင်းရှင်းနေချင်ကြပါတယ်။ သာမန်အားဖြင့် ချေးငွေနဲ့မကင်းနိုင်တော့လို့ လုပ်ငန်းတိုးချဲ့ချင်လို့၊ ရှိတဲ့လုပ်ငန်း အခြေမပျက်စေဘဲ အခြားတစ်ဖက်မှာ လုပ်ငန်းသစ်စချင်လို့ စတာတွေ ရှိလာရင်တော့ ချေးငွေနဲ့ပတ်သက် လာကြရပါတယ်။ China Exim Bank ရဲ့ အကြီးအကဲ တစ်ဦးကတော့ **"ချေးငွေယူခြင်းက စိုးရိမ်မှုနဲ့ စဉ်းစားသင့်တာမဟုတ်ပါဘူး ချေးငွေကို အကျိုးရှိအောင် ဘယ်လိုအသုံးချမလဲဆိုတာကိုသာ စဉ်းစားသင့်တာပါ"** လို့ပြောခဲ့တာကို ကြုံဖူးပါတယ်။

လုပ်ငန်းက မဖြစ်မနေလုပ်ရ၊ အချိန်အခါမီလုပ်ရ၊ မလုပ်ပြန်ရင် မိသားစုဝမ်းရေးကို ပူကြရပြန်တော့ တွက်ချက်ရတဲ့စွန့်စားမှု (calculated risk) လုပ်ပြီး ဆောင်ရွက်ရ ပြန်တာပါပဲ။ လုပ်ငန်းမှာ ကုန်ထုတ်လုပ်ငန်း (စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း အပါအဝင်) ဝန်ဆောင်မှုလုပ်ငန်း၊ ရောင်းဝယ်ရေး လုပ်ငန်း ဘယ်လုပ်ငန်းဖြစ်စေ စွန့်စားကြရတာပါ။

တကယ်တော့ ချေးငွေ(Credit) ဆိုတာ လက်တင်ဘာသာစကား (ခရီဒို- Credo) က ဆင်းသက်လာတဲ့အသုံးအနှုန်းတစ်ခုဖြစ်ပြီး **"ယုံကြည်ရန်စိတ်ချရန်"** လို့အဓိပ္ပာယ်ရတာ ဖြစ်ပါတယ်။ ချေးယူသူနဲ့ချေးပေးသူကြားမှာ ယုံကြည်မှု စိတ်ချမှု တည်ဆောက်ကြတာလည်း ဖြစ်ပြန်ပါတယ်။ သတ်မှတ်ထားတဲ့အနာဂတ်ကာလ နေ့ရက်မှာ ပေးချေရမည့် ကတိတစ်ခုအတွက် ကိုင်တွယ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တန်ဖိုးတစ်ခု တစ်ရာ အပေါ် အာမခံချက်ပေးခြင်းကို လိုက်နာ ဆောင်ရွက်ကြရတာပါ။ချေးငွေကိုအချို့ကချေးပြီး ပေါ့ပေါ့ သဘောထားတလွဲသုံးပြီး ဆောင်ရွက် တတ်ကြသလို ဒါကတော့ ကြွေးပူချက်ချင်းပေးရ တော့မည့်ကြွေး၊ ဒါကတော့ ကြွေးအေးဆိုတော့ အေးအေးဆေးဆေးမှ ပေးရမှာပါလို့တောင် သဘောထားတတ်ကြတယ်။ ချေးငွေယူပြီး ရည်ရွယ်ထားတဲ့ အကျိုးရှိမည့် အလုပ်တွေမလုပ်ဘဲ အခြားမမှန်တဲ့နေရာတွေမှာ အသုံးပြုမိရင်တော့ အဆိုးတွေချည်း ဆက်တိုက်တွေ့ရတဲ့ သံသရာလည်မှု (Vicious circle) ကိုကြုံတွေ့စေတာကြောင့် ပိုပိုနစ်မွန်းစေမှာပါ။ ချေးငွေဆိုတာယူထားမိရင် တာဝန်ကြီးသလို ပေါ့ပေါ့သဘောမထားမိဖို့ လိုအပ်လှပါတယ်။ ဘာကြောင့် အရေးကြီးတာလဲဆိုတာက ချေးငွေမှာ

- ယုံကြည်မှု၊ စိတ်ချမှု
- စွန့်စားဆောင်ရွက်နိုင်မှု
- ကာလ/သက်တမ်း
- ကိုယ်ကျင့်သိက္ခာတန်ဖိုးများအလဲအလှယ်ပြုမှု

စတာတွေပါဝင်နေလို့ပါ။ ချေးပေးသူဘက်က ကြည့်ပြန်ရင်လည်း ချေးငွေကို လွယ်လွယ်ကူကူတော့ ပေးလေ့မရှိပါဘူး။ ချေးငွေပေးဖို့ ကြည့်တဲ့အချက် (၅) ချက် (5-C) နဲ့ ဆုံးဖြတ်ကြတာ ဖြစ်ပါတယ်။ အဲဒီအချက်တွေက

- အာမခံပစ္စည်းပေးနိုင်မှု(Collateral)
- ယုံကြည်စိတ်ချရမှု (Character)
- ရင်းနှီးငွေ(Capital)
- ပေးဆပ်နိုင်မှု(Capacity)
- သဘောတူမှုအချက်အလက်များ (Conditions)

သာမန်ငွေစုငွေချေးအဖွဲ့တွေက ချေးငွေပျက်ကွက်မှုရာခိုင်နှုန်း NPL (Non Performance Loan)ကို ရာခိုင်နှုန်းဘယ်လောက်ဆိုရင်ပြန်သုံးသပ်ရမလဲဆိုတာကလည်း အမေးများ

စာမျက်နှာ (၆) သို့

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် သမဝါယမအမျိုးသမီးများ အတွေ့အကြုံဖလှယ်ရေးဆွေးနွေးပွဲကျင်းပ

သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဒေါ်ခင်ခင် အဖွင့်အမှာစကားပြောကြားစဉ်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သမဝါယမဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံသမဝါယမအသင်းများရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် စွမ်းရည်တည်ဆောက်ရေး စီမံကိန်းအရ "အတွေ့အကြုံဖလှယ်ရေးဆွေးနွေးပွဲ" ကို ၂၀၂၀ ပြည့်နှစ်၊ ဖွန်လ ၁၉ ရက်၊ နံနက် ၁၀း၀၀ နာရီတွင်ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ Corriender Leaf Restro-Pub တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ "အတွေ့အကြုံဖလှယ်ရေး ဆွေးနွေးပွဲ" သို့ သီရိမေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဒေါ်ခင်ခင်နှင့် တာဝန်ရှိသူများ၊ စီမံကိန်းဒေသအသီးသီးရှိ သမဝါယမအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းများမှ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် သီရိမေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဒေါ်ခင်ခင်မှ အဖွင့်အမှာစကားပြောကြားရာတွင် "မိမိတို့ဒေသအလိုက် လုပ်ဆောင်အကောင်အထည်ဖော်မှုများကို အားနည်းချက်၊ အားသာချက်များနှင့်အတူ ဆွေးနွေးဖလှယ်ကြစေလိုကြောင်း၊ စီမံကိန်းကာလ ပြီးမြောက်ပြီဖြစ်၍ မိမိတို့လုပ်ဆောင်ချက်များကို တည်တံ့ခိုင်မာအောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသွားခဲ့ပါသည်။

ထို့နောက် တက်ရောက် လာကြသည့် ပဲခူးမြို့နယ် စံထိပ်ထားအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုလီမိတက်၊ ထား ဝယ်မြို့နယ် ရွှေဝယ်မေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်း လီမိတက်နှင့် ဘားအံမြို့နယ် အောင်သပြေမွေးမြူရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်တို့မှ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြပါသည်။ ထို့ပြင် ထိုအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်များ၏ မဲခေါင်-လန်ချန်း စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက် ရလဒ်များဆိုင်ရာ မှတ်တမ်း ဗီဒီယိုများကို ပြသခဲ့ပါသည်။

ဆက်လက်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ရိုက်ကူးပုံဖော်ထားသည့် သမဝါယမဇာတ်လမ်းတိုကိုလည်း ပြသခဲ့ပြီး တက်ရောက်လာသူများက ယင်းဇာတ်လမ်းတိုအပေါ် ခံစားရမှု ထင်မြင်ချက်များအား တစ်မြို့နယ်ချင်းမှ ဆွေးနွေးခဲ့

စာမျက်နှာ (၁၅) သို့

ကျန်းမာရေး အဝတ်နှာခေါင်းစည်း (Mask) ဖြုင်ပွဲ အကဲဖြတ်စဉ်

အတွေ့အကြုံဖလှယ်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးစဉ်

ကြီးကြပ်ကွပ်ကဲခြင်း

မကွေး - မင်းနိုင်

ကြီးကြပ်ကွပ်ကဲခြင်းဆိုသည်မှာဘာလဲ?

"ကြီးကြပ်ကွပ်ကဲခြင်း" (SUPERVISION) သည် ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်မှုလွဲနေသော စကားရပ်ဖြစ်သည်။ ထိုအရာကို လူအတော်များများက "စတင်အလုပ်ဝင်စ အလုပ်သမားများ" (ENTRY LEVEL WORKERS) ၏ ကုန်ထုတ်စွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြပ်ကြည့်ရှုသူ လူများနှင့်သာလျှင် အကျုံးဝင်သည်ဟု ယုံကြည်ထားကြသည်။ ထို အရာ သည် မမှန်ကန်ပါ။

ကြီးကြပ်ကွပ်ကဲခြင်း စကားရပ်သည် အဖွဲ့အစည်းအတွင်းသင်တိုက်ရိုက်အစီရင်ခံတင်ပြရသည့် လုပ်ငန်းခွင်အတွင်းမှ အနီးကပ်ကြီးကြပ်သူ (IMMEDIATE SUPERVISOR) တစ်ယောက်ကို ပုံစံအားဖြင့် ညွှန်းဆိုကြသည်။ နမူနာပြရလျှင် အလယ်အလတ်မန်နေဂျာ၏ ကြီးကြပ်သူသည် ပုံစံ အားဖြင့် ထိပ်တန်းမန်နေဂျာတစ်ယောက်ဖြစ်ပေလိမ့်မည်။ ပထမလိုင်းမန်နေဂျာတစ်ယောက်၏ ကြီးကြပ်သူသည် အလယ်အလတ်မန်နေဂျာ တစ်ယောက် ဖြစ်သည်။ အလုပ်သမားတစ်ယောက်၏ ကြီးကြပ်သူသည် "ပထမလိုင်းမန်နေဂျာ တစ်ယောက် ဖြစ်ပေလိမ့်မည်။

"ကြီးကြပ်သူများ" (SUPERVISORS) သည် ပုံစံအားဖြင့် အဖွဲ့အစည်းအတွင်းရှိကုန်ထုတ်စွမ်းများနှင့် တိုးတက်မှုများအကြောင်း တိုက်ရိုက်အစီအရင်ခံတင်ပြရန် တာဝန်ရှိသူများ ဖြစ်ကြသည်။ ကြီးကြပ်ကွပ်ကဲခြင်းတွင် မကြာခဏဆိုသလို အခြေခံစီမံခန့်ခွဲမှုစွမ်းရည်များ(ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ကိုယ်စားလှယ်လွှဲခြင်း၊အစည်းအဝေးစီမံခန့်ခွဲမှု)၊ အစုအဖွဲ့များစုဖွဲ့ခြင်း၊ အုပ်စုအတွင်း အလုပ်အသစ် အခန်းကဏ္ဍများ ပုံဖော်ခြင်း၊ လိုအပ်ချက်များ အသိအမှတ်ပြုခြင်း၊ အလုပ်သမားအသစ်များ ငှားရမ်းခြင်း၊အလုပ်သမားအသစ်များကို သင်တန်းပေးခြင်း၊ အလုပ်သမားအကောင်အထည်ဖော်ဆောင်ရွက်မှု စီမံခန့်ခွဲခြင်း၊ (ပန်းတိုင်များ ချမှတ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် သတင်းပို့ချက်များပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုပြဿနာများ ဖြေရှင်းခြင်း၊ အလုပ်သမားများကို အပြစ်ဒဏ်ပေးခြင်းစသည်ဖြင့်)တို့အပြင်အခြားလုပ်ငန်းဌာနတွင်း လုပ်ထုံးလုပ်နည်းများ ပုဂ္ဂိုလ်ရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိခြင်း အပါအဝင်ဖြစ်သည်။

ကြီးကြပ်သူများသည် ပုံစံအားဖြင့် သူတို့အုပ်စုအတွင်း လုပ်ငန်းဆောင်တာများ၏ ခိုင်မာအားကောင်းသော လုပ်ငန်းအတွေ့အကြုံများ ရှိကြသည်။ နမူနာအားဖြင့် သူတို့၏ထုတ်ကုန်ကိုမည်သို့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မည်၊သူတို့၏ဝန်ဆောင်မှုများကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည် အစရှိသည်တို့ဖြစ်သည်။

ကြီးကြပ်ကွပ်ကဲခြင်း၏အဓိပ္ပါယ်နှင့်ရည်ရွယ်ချက်ကဘာလဲ?

ကြီးကြပ်ကွပ်ကဲမှုဆိုသည်မှာဘာလဲ?

ကြီးကြပ်ကွပ်ကဲခြင်း(စီမီဝီးဒီးယား)

မှတ်စု။ ။ လူအတော်များများက (SUPERVISOR)"ကြီးကြပ်ရေးမှူး/ကြီးကြပ်သူကို အဖွဲ့အစည်းအတွင်း အဓိကကျသော လုပ်ငန်းဆောင်တာတစ်ခုအတွက် တာဝန်ရှိသောစီမံခန့်ခွဲမှုဆိုင်ရာအဆင့်အတန်းယူ၍ သတ်မှတ်ကြသည်။ နမူနာအားဖြင့် ဖောက်သည်ဝန်ဆောင်မှု အတွက် ကြီးကြပ်သူ၊ ကြီးကြပ်ရေးမှူးဖြစ်သည်။ စာကြည့်တိုက်တွင် ဤခေါင်းစဉ်သည် ကြီးကြပ်ကွပ်ကဲမှုအဆက်အစပ်အတွက် ဖြေရှင်းထားခြင်း မရှိပါ။ သို့သော်အထက်ဖော်ပြပါဓာဝိဒ်တွင် ဖော်ပြခဲ့သည့် အဆက်အစပ်အပေါ် အတော်အတန် ဖြေရှင်းထားပါသည်။

ကြီးကြပ်ကွပ်ကဲမှုကို အမှန်အကန် သဘောပေါက်နားလည်ရန်ပိုမိုကျယ်ပြောသောအဆက်အစပ်နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိပါစေ

အဖွဲ့အစည်းများသည် ပုံစံတကျ မည်သို့တည်ဆောက်ထားသည်၊ မည်သို့လည်ပတ်လုပ်ကိုင်နေသည်ကို သိပါ။

အဖွဲ့အစည်းများအကြောင်း ယောဘုယျအားဖြင့် သိရှိခြင်းမရှိဘဲ ကြီးကြပ်သူတစ်ယောက် ဖြစ်နေသော သင်၏အခန်းကဏ္ဍသည် အလွန်အမင်း အကန့်အသတ်ခံရပေလိမ့်မည်။ နမူနာပြရလျှင် သင်မည်သို့ လုပ်ကိုင်သည် ဆိုခြင်းနှင့် သင်၏ လုပ်ငန်းဌာနအောင်မြင်မှုအပေါ် အကြီးကျယ်ဆုံးသော သက်ရောက်မှုက အဖွဲ့အစည်း၏ ယဉ်ကျေးမှု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကြီးကြပ်သူများ/ကြီးကြပ်ရေးမှူးများသည် အဖွဲ့အစည်း၏ မဟာဗျူဟာမြောက်ပန်းတိုင်များနှင့် "မစ်ရှင်" (Mission) "လုပ်ငန်းတာဝန်" အပေါ်တွင် ပြည့်ပြည့်ဝဝ သဘောပေါက်နားလည်သင့်ပါသည်။ ထို့အပြင် လည်း မျှော်လင့်ချက်များ၊ အရင်းအမြစ်များနှင့် သင်၏အလုပ်ကို လုပ်ကိုင်ရန် ဩဇာသက်ရောက်မှုများသည် အဖွဲ့အစည်း၏ အခြားအစိတ်အပိုင်းများမှ လာခြင်းဖြစ်သည်။ ထို့ပြင် သင်၏အထက်ဌာနသို့မဟုတ် သင်ဝန်ဆောင်မှုပေးနေသည့် အခြားသောဌာနများ၏ စီမံခန့်ခွဲမှုအဆင့်များမှလည်း ဖြစ်နိုင်သည်။ အဖွဲ့အစည်းအတွင်း အခြားသော အလုပ်ဌာနများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းသည် မကြာခဏဆိုသလိုပင် လုပ်ငန်းဌာနများ အတွက် ၎င်းတို့၏ အလုပ်ကိုလုပ်ကိုင်ရန် အထိ ရောက်ဆုံးနည်းလမ်းများထဲကတစ်ခု ဖြစ်သည်။ သင့်အလုပ်သမားများ၏ မေးခွန်းများကလည်း မကြာခဏဆိုသလို အဖွဲ့အစည်းများ၏ အခြားအစိတ်အပိုင်းများအကြောင်း မကြာခဏဆိုသလို ဖြစ်နေတတ်သည်။ သင်၏ရာထူးတိုးမြှင့်ရေးကလည်း အဖွဲ့အစည်း၏ ကျန်အစိတ်အပိုင်းများကို သင်ဘယ်လောက် ကောင်းကောင်းနားလည် သဘောပေါက်ထားသလဲဆိုသည့် အပေါ်တွင် မှီတည်ဖွယ်ရာ ရှိနိုင်သည်။

<u>အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဒီဇိုင်းကို ကြည့်ပါ။</u>

အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲမှုထဲက အဓိက လုပ်ငန်းဆောင်တာများအကြောင်းကို သိပါ။

သမားရိုးကျအားဖြင့် စီမံခန့်ခွဲမှုကို စီမံကိန်းရေးဆွဲခြင်း၊ စည်းရုံးဖွဲ့စည်းခြင်း၊ ဦးဆောင်မှုပြုခြင်း၊ အရင်းအမြစ်များ ပေါင်းစပ်ညှိနှိုင်းခြင်း တို့ကို ဆက်စပ်စုစည်းမှုတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ကြီးကြပ်ကွပ်ကဲမှု၏ အခန်းကဏ္ဍာသည် အထူးသဖြင့် စီမံခန့်ခွဲမှုကဏ္ဍတစ်ခုဖြစ်သည်။ နမူနာအားဖြင့် သင်၏လုပ်ငန်းဌာနရည်မှန်းချက်ပန်းတိုင်များ၊ ထိုပန်းတိုင်များဆီသို့ မည်သို့မည်ပုံရောက်နိုင်သည်။ သင်လိုအပ်သော အရင်းအမြစ်များ၊ မည်သူကထိုအရာကို မည်သည့်အရာနှင့်လုပ်မှာလဲ၊ ဤပန်းတိုင်များဆီ မည်သည့်အခါ ရောက်မှာလဲဆိုသည်ကို သင်က စီမံကိန်းချမှတ်နေခြင်း ဖြစ်သည်။ အလုပ်များ၊ လူများ။ ငွေကြေးထည့်ဝင်ခြင်းနှင့် အဆင့်ပြေချောမွေ့လွယ်ကူစေမှတို့အပါအဝင် သင်သည် စည်းရုံးဖွဲ့စည်းခြင်း၏ အရင်းအမြစ် ဖြစ်သည်။ သင်၏လုပ်ငန်းဌာနအတွင်း အစုအဖွဲ့များနှင့် လူတစ်ဦးချင်းစီကို သင်က ဦးဆောင်ရပေလိမ့်မည်။စီမံကိန်းချထားသည့်အတိုင်းလုပ်ငန်းဆောင်တာများ အလုပ်ဖြစ်မြောက်ရေး သေချာစေဖို့အတွက် သင်၏ဌာနဆိုင်ရာလုပ်ငန်းဆောင်တာများကို သင့်အနေဖြင့် စဉ်ဆက်မပြတ်ပေါင်းစပ်ညှိနှိုင်းနေရပေလိမ့်မည်။ လိုအပ်လာသည့်အခါ အရာဝတ္ထုများ လမ်းကြောင်းပေါ်ပြန်ရောက်ရေး သင် တိုင်းတာ လုပ်ကိုင်ရပေလိမ့်မည်။ ထိုအလေ့အကျင့်များသည် အဖွဲ့အစည်းတစ်လျှောက် မကြာခဏဆိုသလို လုံးဝဆင်တူဖြစ်နေတတ်သည်။ သို့သော် မတူကွဲပြားမှု အတိုင်းအတာနှင့် သက်ရောက်မှု မဆိုသလောက်မျှဖြစ်သည်။

<u>စီမံခန့်ခွဲမှုဆိုသည်မှာ ဘာလဲ? ကျွန်ုပ် မည်သို့စီမံခန့်ခွဲသနည်း။</u>

အဖွဲ့အစည်းအတွင်း မည်သည့်ခေါင်းဆောင်မှုဘဝချဉ်းကပ်မှုကို သုံးရမည်ဆိုသည်ကို သိပါ။

"ခေါင်းဆောင်မှုဘဝ" (LEADERSHIP) သည်သွားလိုသောထိုအရာများဆီသို့လူများအပေါ် ဩဇာသက်ရောက်ခြင်း၊ ဦးစားပေးခြင်းများနှင့် ညွှန်ကြားခြင်းတို့ကို ရှင်းရှင်းလင်းလင်းဖြစ်စေသော "လုပ်ငန်းဆောင်တာ အစုံ"(SET OF ACTIVITIES) ဖြစ်ကြောင်း ရိုးရိုးစင်းစင်းပဲဝေးလိုက်ပါ။ ခေါင်းဆောင်မှုဘဝသည် ကြီးကြပ်သူ၊

စာမျက်နှာ (၁၉) သို့

<u>ကြီးစားဆောင်ရွက်သင့်သော မြန်မာ့သမဝါယမငွေစုငွေချေးလုပ်ငန်းများ စာမျက်နှာ (၅) မှအဆက်</u>

တဲ့ မေးခွန်းတစ်ခုဖြစ်နေပါတယ်။ ငွေချေးပေးတဲ့အဖွဲ့အစည်းအများစုက NPL ၁၁% ရှိရင် အသေးစိတ် စိစစ်သင့်တယ်လို့ဆိုကြပါတယ်။ ဘာ့ကြောင့်ဆိုတဲ့ Wh... မေးခွန်းတွေနဲ့ စိစစ်ရတော့တာပါ။ အင်မတန် စိတ်ညစ်စရာဖြစ်သလို ရှုပ်ထွေးမှုတွေလည်း ကြုံရတော့တာပါ။ ငွေကြေးလုပ်ငန်းဟာ ချေးယူသူ၊ ချေးပေးသူ၊ ထုတ်ပေးငွေ၊ ပြန်ဆပ်ရမည့်ငွေတို့ကို ပုံမှန်လည်ပတ်နိုင်စေခြင်းက နှစ်ဖက်ထိန်းနိုင်လေ မြန်နှုန်းမြင့်တဲ့အောင်မြင်မှုကိုရရှိလေပါပဲ။

သာမန်အားဖြင့် ငွေချေးမည့်သူတစ်ဦးအနေနဲ့ဆိုရင်တော့ ပထမဆုံးအတိုးနှုန်းကို ဘယ်လောက်ပေးရမလဲ အနည်းအများအပေါ် ဦးစားပေးကြည့်လေ့ရှိပြီးမှသာ ငွေကြေးလုံခြုံမှုရှိမရှိ၊ နောက်ဆုံး ငွေလက်လှမ်းမီရနိုင်မှု အခွင့်အလမ်းကိုကြည့်ကြတာပါ။ ငွေစုသူတွေအတွက်ကျ ပြောင်းပြန် ပြန်စဉ်းစားတတ်တာကို တွေ့ရပါတယ်။ ပထမဆုံးငွေလက်လှမ်းမီ ရရှိနိုင်မှု၊ စုငွေအပ်ထားမည့် အဖွဲ့အစည်း၏ဘဏ်ခွဲတွေ ဘယ်လို ရှိတယ်၊ စုငွေအပေါ်ခံစားခွင့်၊ ချမှတ်ထားတဲ့ ပေါ်လစီ၊ စုငွေကာလ စတာတွေကို ပထမဆုံး ကြည့်တာပါ။ အဓိကနိုင်မာမှုကို ဦးစားပေးကြည့်တာပါ။ ပြီးမှ ငွေကြေးယုံကြည် စိတ်ချလုံခြုံမှုကိုကြည့်ပြီး နောက်ဆုံးမှအတိုးနှုန်းကို ကြည့်ကြတဲ့ သဘောတရားပါပဲ။ နောက်ဆုံးထားတဲ့ အတိုးနှုန်းကို

မက်ပြီး ငွေစုရင်၊ စုတဲ့အဖွဲ့အစည်းကမခိုင်မာခဲ့ရင်၊ ငွေကြေးလုံခြုံမှုမရတဲ့ ဆုံးရှုံးတတ်တာကြောင့်ပါပဲ။ အတိုးမက်လို့ စုငွေထားပြီး အချို့ခိုင်မာတယ်ထင်တဲ့ ငွေကြေးအဖွဲ့အစည်းတွေတောင် ပြိုလဲမှုတွေ ကြုံတွေ့နေကြရတာပါ။ တကယ်ရေးမယ်ဆိုရင်တော့ ငွေစုငွေချေးလုပ်ငန်းမှာ ရေးစရာရာတွေးစရာတွေပါအများကြီးရှိနေတာကိုမြင်ရမှာပါ။

မြန်မာနိုင်ငံမှာတော့ သမဝါယမ လောကနဲ့အတူ ငွေစုငွေချေးလုပ်ငန်းဟာလည်း တစ်ပြိုင်တည်း ပေါ်ထွန်းခဲ့တာပါ။ အမှန်တကယ်ကျေနပ်လောက်အောင်တော့အောင်မြင်မှုရရှိခဲ့တာမတွေ့ရသလောက်ပါပဲ။ချေးငွေချေးယူတဲ့အသင်းသားကို ချေးငွေချေးယူမှုအပေါ် စဉ်းစားတွေးခေါ်နိုင်တဲ့ အသိတရားနဲ့ အသင်းသား အကျိုးစီးပွားတိုးတက်ဖို့ ထိရောက်မှုရှိအောင် ဆောင်ရွက်ပေးကြရမှာပါ။ သမဝါယမအသင်းတွေအနေနဲ့ သမဝါယမရဲ့ကွန်ရက်(Network)ရှိနေသော်လည်း စာရင်းဇယားများအရ မြန်မာပြည်လူဦးရေ၏ ၄၀% ဟာ အဆင်းရဲဆုံးအဆင့် ရောက်ရှိနေပြီး ချေးငွေမခံစားရတဲ့အဆင့်မှာ ရောက်ရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့် ချေးငွေလုပ်ငန်းရဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်သလို အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါတယ်။ **"ခေါင်းဆောင်ကောင်းတို့၏ တာဝန်သည်အရှိအတိုင်းလက်ပိုက်ကြည့်နေရန်မဟုတ်ဘဲ တိုးတက်မှုကို ကြဲဆောဆောင်ရွက်နေရန်ဖြစ်သည်"** လို့ခံယူပြီး သမဝါယမငွေစုငွေချေးအသင်းများအနေနဲ့ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

နိုင်(သလျှာဝတီ)

တတိုင်းမွေးပန်းခင်း

A cooperative is an autonomous association of persons united voluntarily to meet their common economic, social and cultural needs and aspirations through a jointly-owned and democratically-controlled enterprise.

သမဝါယမဆိုသည်မှာ ဆန္ဒတူသူများ စုစည်းပါဝင်သော ကိုယ့်ကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘုံအကျိုးစီးပွားများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုလိုအပ်ချက်များ မျှော်လင့်ချက်ဆန္ဒများကို တစ်လျှောက်လုံး တွေ့ဆုံလုပ်ဆောင်သူများ ပေါင်းစပ်ပါဝင်ပိုင်ဆိုင်သောဒီမိုကရေစီနည်းလမ်းအရ ထိန်းကျောင်း သောလုပ်ငန်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

မကြည်ပြာ (သနှင်္ဂ)

သမဝါယမသည် ပါဠိဥစကားဖြစ်သည့် သမနှင့်ဝါယမကို ပေါင်းစပ်ဖွဲ့စည်းထားသော ဝေါဟာရဖြစ်ပြီး အဓိပ္ပါယ်ပြန်ဆိုသော် 'အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း' ဖြစ်သည်။ သမဝါယမ၏ အမှတ်တံဆိပ်သည် အများသိကြသည့်အတိုင်း အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊ အပြာ၊ ခရမ်း၊ အမဲစသည့် အရောင် (၇) ရောင်စပ်ထားသော သက်တန့်ပုံ ဖြစ်သည်။ သမဝါယမဖခင်ကြီးဟု ဆိုရမည့် ရော ဘတ်အိုဝင်မှ အစပြုခဲ့သော ကမ္ဘာ့သမဝါယမသည် အင်္ဂလန်နိုင်ငံတွင် (၁၈၄၄) ခုနှစ်က စတင်ခဲ့ပြီး မြန်မာနိုင်ငံသို့ (၁၉၀၄) ခုနှစ်တွင် ရောက်ရှိလာကာ ဦးဘိုးထင်က သမဝါယမမင်းကြီးအဖြစ် အစပြုခဲ့ပြီး သမဝါယမ၏အဓိပ္ပါယ်ကို ပြန်ဆိုခဲ့သူမှာ ဦးမောင်မောင်ပြားဖြစ်သည်။

မြန်မာနိုင်ငံတွင် သမဝါယမဘာဏ်ကို (၁၉၉၂)ခုနှစ်တွင်စတင်တည်ထောင်ပြီး (၂၀၁၄) ခုနှစ်တွင် ပုဂ္ဂလိကဘဏ်မှ အများပိုင်ဘဏ်အဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဇူလိုင်လ ပထမဝတ်ကို International Day of Cooperative ဟု သတ်မှတ်ပေးထားပြီး မြန်မာနိုင်ငံတွင်လည်း သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ပြခန်းများ၊ အရောင်းဆိုင်များဖြင့် စည်ကားစွာကျင်းပပြုလုပ်ပါသည်။ ထိုပွဲများထဲမှ မနှစ်ကဟု ပြောရမည့် (၂၀၁၉) ခုနှစ်၏အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ပြခန်းများအကြောင်းကို အနည်းငယ် ပြန်လည်ရေးသားလိုပါသည်။

(၂၀၁၉) ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းများပြပွဲကို (၅.၇.၂၀၁၉) နေ့မှ (၇.၇.၂၀၁၉) နေ့အထိ နေ့စဉ်နံနက် (၉)နာရီမှ ညနေ(၆)နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နံကြီးဌာနရုံးအမှတ် (၁၆)၊ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့ အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အ၀တ်အထည်အမျိုးမျိုး၊ လူသုံး အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချသွားပါသည်။

လာရောက်ရောင်းချသည့် ပစ္စည်းများမှာ အများအားဖြင့် မိသားစုလုပ်ငန်းများ၊ ယခုခေတ် ကာလတွင် ကျော်ကြားနေသော Hand Made ဟုခေါ်သည့် လက်မှုပစ္စည်းစစ်စစ်ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်များကို ကြိတ်ကြိတ်တိုး ဝယ်ယူနေကြသည်ကို တွေ့ရသည်။ ပြခန်းများသည် စိတ်ဝင်စားဖွယ်ကောင်းလှပြီး ကြည့်ရှုသူများလည်း ကြိတ်ကြိတ်တိုးလျက်ပါ။ အမျိုးသမီးများ ကြိုက်နှစ်သက်သည့် သနပ်ခါးတုံးများ ရောင်းချသည့်ဆိုင်၌ တိုးဝှေ့ဝယ်ယူရန် အဝေးတည်းကပင် ဟန့်ပြင်လာရသည်။ တစ်လံခန့်ရှိပြီး အပွေးကျစ်လှသည့် ကျောက်များအတွင်းမှ တိုးထွက်လာသည့် ရှင်မတောင် သနပ်ခါးကို အလုအယက်ဝယ်ကြသည်။ ကျောက်ပျဉ်ပေါ်တင်၍ သွေးရလွယ်ကူအောင် အနေတော်အတုံးလေးများ ဖြတ်ထားသည့် အပုံသည် တစ်ခဏချင်း လျော့သွားသဖြင့် စိတ်ကြိုက်ရရန် အဖြန့်ရွေးရသည်။

သနပ်ခါးဘက်တန်းသို့အဝယ်ထွက်ပြီးသောအခါ မြန်မာ့ရိုးရာဖြစ်သည့် ချည်ထည်စစ်စစ်ကိုအသင့်ဝတ်၍ရသည့်ချုပ်ထည်များအဖြစ် ရောင်စုံ၊ အဆင်စုံ၊ ချုပ်ထားသည့်ဒီဇိုင်းအနံ့ဖြင့် ဆိုင်အပြည့်ချိတ်ထားသော ချည်ထည်ဆိုင်များကို တွေ့ရသည်။ ချည်ထည်စစ်စစ်သည် အလွန်ဝတ်၍ကောင်းပြီး ချွေးစုပ်သည်။ အပူ၊ အအေး ရာသီနှစ်မျိုးလုံး မျှတစွာဝတ်ဆင်နိုင်ပြီး ဈေးနှုန်းမှာလည်း လူတိုင်းသုံးနိုင်သည့် ဈေးနှုန်းဖြစ်သောကြောင့် မြန်မာအမျိုးသမီးအားလုံး လူကြီး လူငယ်မရွေး ဝယ်ယူဝတ်ဆင်နိုင်သည်။ ချည်ထည် ပုံဆန်းလေးများကို လည်ပင်းစေ့၊ ရင်ဖုံး၊ ရင်စေ့စသည့်ပုံစံများဖြင့် အင်္ဂျီကိုလုံခြုံအောင် ချုပ်လုပ်ဝတ်ဆင်ကြသည့် ယဉ်ယဉ်လေးလှသည့်ခေတ်သို့ တစ်ဖန်ပြန်လည်လာပါပြီ။လုံချည်ကိုစကပ်သဖွယ် ဇစ်ဖြင့်ချုပ်ပြီး သပ်ရပ် ချပ်ရပ်စွာ ဝတ်ဆင်လာကြသည်က မြင်သူတကာရင့်ဝယ် အေးမြစေပါသည်။

တိုင်းရင်းသားရိုးရာ အစားအသောက် ဆိုင်များတွင် ဝယ်ယူကြသည့် ပစ္စည်းများမှာ ဖန်စီဟုခေါ်သော Hand made ဖြစ်သော နား ဆွဲများ၊ ဆွဲကြိုးများ၊ ဆံထိုး၊ လက်ကောက်၊ လက်ပတ်၊ ဝါးဆစ်ဗူးအလှများ၊ လွယ်အိတ်နှင့် အခြားအသုံးအဆောင်များဖြစ်သည်။ နာဂတိုင်းရင်းသားတို့၏ ရိုးရာပစ္စည်းရောင်းချသောဆိုင်တွင် နာဂ၀တ်စုံ ၀တ်ထားသည့် တိုင်းရင်းသားတို့က ကြိုဆိုကြသည်။ သူတို့နှင့်အတူ ဓာတ်ပုံတွဲရိုက်၍လည်း ရသဖြင့် လူကြီးလူငယ်မရွေး အလွန်မျော်ရွှင်ကြသည်။ နာဂတိုင်းရင်းသားအင်္ဂျီနှင့်ထဘီသည် အခြားသော တိုင်းရင်းသား၀တ်စုံများနှင့် အဆင်တူမယောင်နှင့်ကွဲပြားသည်။ ထူထဲသောအင်္ဂျီသည် တိုင်းရင်းသားတို့နေထိုင်ရာဒေသ၏ ချမ်းအေးမှုကို ဖေါ်ပြသည်။

ပြည်နယ်နှင့်တိုင်း အရောင်းပြခန်းများတွင် လေ့လာကြည့်ရှုသူ၊ အမှတ်တရဓာတ်ပုံရိုက်သူတို့နှင့် ပူးပန်းခတ်မျှ လူပ်ရှားနေခဲ့သည်။ လူရောင်စုံတန်းကြီးသည် တစ်ခန်း၀င် တစ်ခန်း ထွက်ဖြင့် ပစ္စည်းရောင်စုံများ ကြွး၀ယ်မျောနေကြသည်။ ပွဲကျင်းပသည့် ရက်အားလုံးသည် တစ်ရက်မျှလူပြတ်သည်ဟုမရှိဘဲ လူများကြိတ်ကြိတ်တိုးကာ အလုအယက်ဝယ်ယူကြသည်။ တိုင်းရင်းသားပေါင်းစုံတို့သည် နေပြည်တော်နယ်မြေတွင် ချစ်ခင်စည်းလုံးစွာဖြင့် ဖျော်ရွှင်စွာဆင်နွှဲကြသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော အပြည်ပြည်ဆိုင်ရာ သမဝါယမပွဲတော်ကို ယခုအချိန်တွင် တစ်းတစ်ရပါပြီ။ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်သည့် Covid-19 ကြောင့် ကျွန်မတို့အားလုံး ဖျော်ရွှင်မှုတို့ဆိတ်သုဉ်းခဲ့ရသည်။ လူစုလူဝေးပြုလုပ်ခြင်းမရှိသောကြောင့် ယခုနှစ်သည် မည်သည့်ပွဲလမ်းမျှ မကျင်းပနိုင်ပါ။ မည်သည့်အချိန်အထိ ကန့်သတ်ကြရမည်ကို မည်သူမျှ ခန့်မှန်း၍မရပါ။

သမဝါယမနှင့်ပတ်သက်ပြီး ငယ်စဉ်မှစ၍ ယခုအချိန်ထိ အမှတ်ရစရာများ၊ ဖျော်ရွှင်ကြည်နူးဖွယ်များကို ပြန်လည်တွေးတောမိစဉ် ကျွန်မတို့ငယ်စဉ်က ပြင်ဦးလွင်မြို့တွင်နေထိုင်စဉ် သမဝါယမနှင့်ပတ်သက်သည့် အမှတ်ရစရာများကို သတိရမိသည်။ ပြင်ဦးလွင်မြို့သည် လှပသောမြို့တစ်မြို့ ဖြစ်သည်နှင့်အညီ သွားလာလုပ်ကိုင်ရာတွင် မြင်လေ့ရာတွင် ပန်းအလှများသာဖြစ်သည်။ လမ်းဘေးတွင်ပေါက်ရောက်နေသော တောပန်း၊ တောင်ပန်း ကလေးများကပင် မြင်သူတို့စိတ်ကို ကြည်နူးမိစေ သည်။ ထိုစဉ်က ပြင်ဦးလွင်မြို့သည် ယခုကဲ့သို့ လူဦးရေမများသေးပါ။ မြင်းလှည်းခေါ်ရထားလုံးများသည် လာသမျှစည်သည်တို့ကို စီးချင်လေအောင် ဆွဲဆောင်သည်။

ကျွန်မတို့နေသောခြံဝင်းသည် ပေ (၅၀) ပတ်လည်မျှကျယ်ပြီး ခြံပတ်လည်တွင် ပြင်ဦးလွင်၏ အထိမ်းအမှတ်ဖြစ်သည့် သီးပင်၊ စားပင်၊ ပန်းပင်များဖြင့်လှပနေသည်။ မည်မျှလှပပါသနည်းဆိုသော် ခြံရှေ့မှ ဖြတ်သွားဖြတ်လာကြသော ရန်ကုန်မြို့မှ အလည်လာသူများက ခြံတွင်းသို့ဝင် ကြည့်ကြသည်အထိ လှပပါသည်။ ခြံရှေ့လက်ျာဘက်ထောင့်တွင် ထောပတ်သီးပင်၊ ခြံရှေ့လက်ဝဲဘက်ထောင့်တွင် လိမ္မော်သီးပင်၊ မာလကာသီးပင်နှင့် ခြံ၏ အနောက်ဘက်တစ်တန်းလုံးကို သစ်တော်သီးပင်များဖြင့် စိုက်ပျိုးကာရံထားပြီး ခြံပတ်ပတ်လည်၌မက်မန်းပင်များကျဲကျဲစိုက်ထားသည်။ ထိုအပင်ကြီးများ အားလုံးကို ပုဏ္ဏရိတ် ရောင်စုံပန်းပင်များဖြင့်စည်းခတ်ထားရုံသာမကဘဲ အပင်ကြီးများကြားတွင် နေရာလပ်မရှိအောင် စိုက်ပျိုးထားသည်မှာ ပြင်ဦးလွင်၏ အထိမ်းအမှတ်ဖြစ်သော ပန်းလှလှရောင်စုံများဖြစ်ကြသည်။

ဒေဖီပန်း၊ ဒေလီယာပန်း၊ ခြံစည်းရိုးနှင်းဆီဟုခေါ်သော အရွယ်အစားသေးလှသည့် နှင်းဆီ ရောင်စုံမွေးမွေးများအပြင် ကျွန်မအဖိုက ပြောလိုသည့် တတိုင်းမွေးပင်တို့ကို စိုက်ပျိုးထားသဖြင့် ဖြတ်သွားသူတိုင်း ကြည့်မိကြသည်မှာ မဆန်း၊ပါ။ ကျွန်မတစ်သက်တာတွင် တတိုင်းမွေးပန်းပင်ကို ထိုစဉ်ကမြင်ဖူးပြီးနောက် ယခုအချိန်အထိ မမြင်တွေ့တော့ပါ။ တတိုင်းမွေးပန်းရနံ့သည် မွေးပျံ့သည်ထက်ပို၍ ယစ်မူးအောင်မွေးအီသည်ဟုထင်ပါသည်။ ကျွန်မနှင့်ခင်မင်သော တက္ကသိုလ်မှ ဆရာမကြီးပြောဖူးသည်မှာ သူတို့ကျောင်းတက်သည့် ၁၉၇၀ ခုနှစ်ဝန်းကျင်က သစ်ပုတ်ပင်ကြီးအနီး၌ တတိုင်းမွေးပန်းပင် ရှိခဲ့ဖူးသည်ဟုပြောပါသည်။ ကျွန်မသည် ထိုစကားကို စွဲကာ တတိုင်းမွေးပန်းနှင့် သစ်ပုတ်ပင်ကို အမြင်တွင် ပုံဖေါ်မိသည်အထိ ရူးခဲ့ဖူးသည်။

တတိုင်းမွေးပင်သည် အဖြူနှင့်အဝါနှစ်မျိုးရှိသည်ဟုကြားဖူးသည်။ ကျွန်မမြင်ခဲ့သော အပင်မှာ အဖြူပင်ဖြစ်၍ ရနံ့သည် အလွန်ဆွဲဆောင်လှသည်။ အပွင့်ပုံစံမှာ ခပ်လုံးလုံးဖြစ်၍ ပွင့်ဖတ်ထူထဲသည်။ ညအချိန်များတွင် အိမ်နေအောင်မွေးသည့် တတိုင်းမွေးပန်းကို ကျွန်မသည် ယခုအချိန်အထိ အမှတ်ရတမ်းတဆဖြစ်သည်။ ထို့အတူ ကျွန်မ၏ဘဝတွင် မြတ်နိုးစွာဖြင့် မမေ့နိုင်သောအရာများကိုလည်း 'တတိုင်းမွေးပန်း' အဖြစ် တင်စားမှတ်သား ထားလေ့ရှိသည်။

သမဝါယမသည် ကျွန်မတို့ငယ်စဉ်က စားသောက်ကုန်၊ လူသုံးကုန်တို့အတွက် ဘဝတစ်ခုအဖြစ် နေရာယူခဲ့သည်။ 'ပြည်သူ့ဆိုင်' ဟုခေါ်သော လိပ်ပြာတောင်ပုံစံအမိုးပြုလုပ်ထားသည့် သမဝါယမဆိုင်များသည် ကလေးဘဝဖျော်ရွှင်ရာနေရာ ဖြစ်ခဲ့သည်။ ငစိန်ဆန်တစ်ပြည်လျှင် တစ်ကျပ်ခေတ်ဖြစ်သောကြောင့် အမေက ငစိန်ဆန်ကို ရောင်းစားရန် ဝယ်သူကိုပြောထားသော်လည်း ကျွန်မတို့သည် ဖျော်ရွှင်မြူးစွာဖြင့် ငစိန်ဆန် တန်းစီကြသည်။ လူအများကြား လှည့်ပတ်ပြေးရင်း နာမည်ကျော်ခေါ်သွားသဖြင့် နေ့တစ်ဝိုင်းလုံး ဆိုင်ထဲမှမထွက်ရဘဲ လူအများကြားတိုးဝှေ့ကာ ပြေးလွှားဆော့ကစားခဲ့ကြသည်။ ကျွန်မသည် ငယ်စဉ်က ရောက်ရှိဝယ်ယူဖူးသည့် 'သမဝါယမဆိုင်' ကို တတိုင်းမွေးပန်း၏ မွေးအီခြင်းရနံ့ကဲ့သို့ မြတ်နိုးနှစ်သက်သည်နှင့်အညီ တတိုင်းမွေးပန်းများသဖွယ် အနံ့အဆင်းပြည့်စုံစွာဖြင့် ပြန်လည် မြင်လို၊ ဝယ်လိုပါသေးသည်။ 'သမဝါယမ' ကို တတိုင်းမွေးပန်းနှင့် နှိုင်းယှဉ်ရသည့် အခါ တတိုင်းမွေးပန်းပင်များ စီရီပေါက်ရောက် ပွင့်ဖူးကြသလို 'သမဝါယမဆိုင်' ဟူသော ခေတ်သည်လည်း ကောင်းသတင်းမွေးပျံ့ခြင်းဖြင့် တစ်ခေတ်ပြန်လည်ပေါ်ပေါက်ပါစေကြောင်း ရေးသားမျှော်လင့်မိပါတော့သည်။

မကြည်ပြာ(သနှင်္ဂ)

* ဘူးသီးကြော်အပိုင်းအစများ *

ယခင်လမ့် အဆက်

*** ဘူးသီးကြော်အပိုင်းအစများ (၃) ***

ကျွန်တော်ဘာဟာ မဆလပါတီနဲ့ အလုပ်မဝင်ခင်ကတည်းက အစာမကြေခဲ့သူပါ။ ၆၉ ခုနှစ်မှာ ကျောင်းပြီးတော့ မဆလရုံးချုပ်မှာ အလုပ်ခေါ်တယ် ကြားတယ်။ စာပြုရာထူး လစာ ၃၀၀ စကေး မြန်မာစာ အဓိကတွေ ဦးစားပေးဆိုပဲ၊ နိပ်ပာ၊ ကိုယ်ကလည်း မြန်မာစာနဲ့ပြီး၊ ဝါသနာလေးက လည်းရှိဆိုတော့ စိတ်ကူးတွေယဉ်ပြီး နောက်တစ်နေ့ စောစော မဆလရုံးချုပ်ကို လျှောက်လွှာ အထောက်အထားတွေနဲ့သွားခဲ့တယ်။ စောနေလို့ ရုံးအဖွင့် စောင့်။ ဖွင့်ပြီဆိုရုံးပေါ်တက်မလို့လုပ်တော့ အပေါက်ဝကစစ်သားတစ်ယောက်က တက်ခွင့်မရှိဆိုပြီးတားတယ်။ပါတီရုံးချုပ်အဝင်ဝကစစ်သားက တားတယ်။

"ဘယ်လဲ၊ အပေါ်တက်ခွင့်မရှိဘူး" တဲ့။

ခင်ဗျားတို့ရုံးက အလုပ်ခေါ်လို့ စာလာတင်တာ။

"ဒါဆို ဟိုဘက်သွား"

ရုံးအောက်တစ်နေရာမှာ အခန်းလေးတစ်ခု။ စစ်သားတစ်ယောက်ထိုင်နေတယ်။

"ဘာကိစ္စလဲ"

"စာပြု အလုပ်ခေါ်လို့လျှောက်လွှာလာတင်တာ"

"ပေး လျှောက်လွှာ အထောက်အထားတွေရော"

"ဟုတ်ကဲ့" ထုတ်ပေး လှန်လောကြည့်စုံပါတယ်။

"ထားခဲ့"

နည်းနည်းပျော်သွားတယ်။ ဒါနဲ့ ထွက်ဖို့ပြင်လိုက်ပြီး ခြေနှစ်လှမ်းအရောက်

"ခဏ ခဏ မေးစရာရှိလို့"

"ဟုတ်ကဲ့"

"ခင်ဗျား ပါတီဝင်ပြီးပလား"

"မဝင်ရသေးပါဘူး"

"ဒါဆို လျှောက်လွှာပြန်ယူသွားပါ၊ ပါတီဝင်ရသေးရင် မစဉ်းစားဘူး"

ဝမ်းသာမည်မှ မကြံသေး စိတ်ထဲ ဆူပေါက်စပြုခဲ့သည်။ ကျောင်းပြီးလို့မှ မကြာသေး။ နိုင်ငံရေးတွေ စိတ်မဝင်စား။ ကျောင်းသားရေးတွေက ခံစားချက်မပြယ်သေး။ အို့ သည်ပါတီကိုဝင်ဖို့ စိတ်ကူးကိုမရှိခဲ့။

နောက်တော့ ၇၀ ခုနှစ် သမစီမံကိန်းနဲ့ တွေ့ပြီး ပထမသုတ်မှာ အလုပ်ရခဲ့တယ်။ အဲသည် နောက် အလုပ်သင်နဲ့ သရက်မြို့ရောက်၊ တစ်နှစ်အတွင်း ဌာနစုမှူးဖြစ်။ အဲသည်အချိန်မှာ နန်းတော်ကြီးက မောင်တွေနဲ့ ရှေ့ပိုင်းမှာ ရေးခဲ့သလိုတွေ ဖြစ်ခဲ့တာပါပဲ ။

ကျွန်တော်တို့ရုံးမှာ စာရင်းစစ် လူဟောင်းကြီး တစ်ယောက်ရှိတယ်။ ဦးဆယ်တဲ့။ ပျော်တတ်တယ်။ ကျွန်တော်ကလည်း လူပျော်ဆိုတော့ အတွဲညီတယ်။ မနက်ပိုင်း လက်ဖက်ရည်ဆိုင် ထိုင်ရင်း ဟိုဟာပြော၊ သည်ဟာပြော၊ နောက်ကြ၊ ပြောင်ကြပေါ့ဗျာ။ တစ်နေ့ ပါတီသူလျှိုတွေက တစ်ဖက်စားပွဲမှာရှိတုန်း ဦးဆယ်ရောက်လာတယ်။ ရောက် မဆိုက်ဘဲ

"ဖိုးသိန်း ငါနဲ့အတူ အဖျက်သမားပါလာတယ်"

ကျွန်တော်လည်း ဟိုသည်ကြည့်၊ ဟိုဘက် ဝိုင်းကကောင်တွေလည်း တောင်ကြည့်မြောက်ကြည့် ဖြစ်ကုန်တယ်။

"ဘယ်မှာလဲဗျ ဦးလေးဆယ်"

"ဒီမှာလေကွာ" ဆိုပြီး သူလွယ်အိတ်ထဲက ခဲဖျက်တွေ ထုတ်ပြတယ်။ ကျွန်တော်က ဟက် ဟက် ပက်ပက်ရီတော့ ဟိုဝိုင်းကကောင်တွေဟာ ရီရအခက် ငိုရအခက် ဖြစ်ကုန်တယ်။ ဒါတောင် ဦးဆယ်ဟာ အဲသည်အချိန်က တင်းပြည့်ပါတီဝင် တစ်ဦး ဖြစ်ခဲ့တယ်။

အထက်မှာ ပါတီကို ရင်ခုံဖူးခဲ့တော့ သင် တန်းတွေ၊ လုပ်ငန်းဆိုင်ရာအစည်းအဝေးတွေမှာ သမဋ္ဌာနက ညွှန်ချုပ်တွေ၊ ညွှန်ကြားတွေကို ဆွေးနွေးမေးမြန်းခဲ့ဖူးတယ်။ သည်လူတွေနဲ့ အဆင်မပြေရင် ဘယ်လိုလုပ်ရမလဲဆိုတဲ့မေးခွန်းပေါ့။အဲသည်အခါ လူကြီးတွေက ရိုးရိုးအေးအေးပဲဖြေလိုက်တယ်။ မင်းတို့ ရင်ဘတ်မှာထိုးမည့် သမဋ္ဌာနတံဆိပ်ကို ကြည့်ပါ။ ပဥ္စင်္ဂပုံတွေ့လား။ အဓိပ္ပါယ်က ပါတီကောင်စီ လုပ်သားစည်ရုံး လယ်စည်းရုံး သမဋ္ဌာန အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့တဲ့။ ဘာ ပြဿနာမှရှိမှာ မဟုတ်ပါဘူးဆိုပဲ နိတ်ပာ။

တကယ်လက်တွေ့မှာတော့ မလွယ်ဘူးဗျာ။ ဥပမာလေးတစ်ခု - အသင်းတွေ စတင်ဖွဲ့စည်းမယ် ဆိုတော့ ဖွဲ့စည်းရေးအစည်းအဝေးမှာ ဌာနမှူးက တာဝန်အရှိဆုံးကိုဗျ။ ကျွန်တော်တို့က ဌာနစုမှူး၊ ဌာနမှူးက အသက် ၅၀ ကျော် ဦးဘအေးတဲ့။ အသင်းတွေ ဖွဲ့စည်းတဲ့အခါပြီးရင် လုပ်ထုံးလုပ်နည်းက ကမ္ဘာမကြေသီချင်းနဲ့ဆိုပြီး ပွဲသိမ်းရမယ် ဆိုသကိုးဗျ။

သည်တော့ ပွဲကြိုပြင်ဆင်မှုအနေနဲ့ပါတီမှာ အစည်းအဝေးလုပ်တယ်။ ဖွဲ့စည်းအစီအစဉ် အတိုင်း ဌာနမှူးက ရှင်းပြ လုပ်ပြပေါ့ဗျာ။ နောက် ဆုံးပိုင်းမှာ ပြဿနာကစတော့တာ။ ကဲ...အစည်း အဝေးပြီးတော့ ကမ္ဘာမကြေ သီချင်းကို ဆိုပြခိုင်း ရော။ ဌာနမှူးကလည်း ရီကြကြဲနဲ့။ "ကမ္ဘာမကြေ---ဒို့ဘိုးဘွားအမွေစံမို့ ချစ်" ဟိုး...ရပ်ရပ်။ ကော် မတိုင်တစ်ယောက်က ပြော။ ခင်ဗျားဆိုတာက သီချင်းဆိုမှမဟုတ်ဘဲ။ စာဖတ်နေသလိုချည်း။ ခင်ဗျား တကယ့်အစည်းအဝေးပွဲမှာ ဆိုသလို ဆိုမှာပေါ့။ ကမ္ဘာမကြေ... မြန်မာတွေ... ဒါဒို့ပြေ... ဒါဒို့ ..." ဟိုးဟိုး ရပ်ရပ်။ သည်တစ်ခါ ပြောသူက အသက် (၆၀) ဥက္ကဋ္ဌ ဗိုလ်ကြီး ခင်ဗျ။ ခင်ဗျား ကမ္ဘာမကြေသီချင်းတောင် မရဘူးဘဲ။ ဌာနမှူးမှာ မျက်နှာပျက် ချွေးတွေပြန် မျက်နှာကိုလက်နဲ့သပ်ချ သီချင်းက သမိုင်းဝင် သီချင်းဗျ။ ပေါ့ပေါ့တန်တန် လုပ်လို့မရဘူး။အစကဘာဆိုလား တရားမျှတတွေ ဘာတွေပါတယ်။ ကမ္ဘာမကြေက ဖြတ်ဆိုလို့မရ ဘူး။ ခင်ဗျား ဌာနမှူးတစ်ယောက်လုပ်နေပြီး ကမ္ဘာ မကြေတောင် ဖြောင့်အောင် မဆိုတတ်ပါလား။ ပြန်ကျကိုင်း။ မလွယ်ပါလား။ ကဲ ... နောက်မှ ပြန် လုပ်တာပေါ့ဗျာ။

စာမျက်နှာ (၉) သို့

*** ဘူးသီးကြော်အပိုင်းအစများ (၂) ***

ကျွန်တော့်ခံယူချက်က မှန်တာလုပ်၊ ဟုတ်တာပြော ဆိုတာမျိုးပေါ့။ ၂၅ နှစ်အရွယ် အင်မတန် တက်ကြွနေတဲ့အချိန်ပေါ့။ ပြောရဦးမယ်၊ မှန်တာ လုပ်တဲ့အကြောင်းတွေ။ တစ်နေ့မနက် လူစုံတုန်း အလောင်းအစားတစ်ခုလုပ်တယ်။ ထိုင်နေတဲ့ နေရာကနေ ထဘီဝတ်ပြီး ကိုက် ၂၀၀ လောက် ဝေးတဲ့ လက်ဖက်ရည်ဆိုင်ကို သွားရမယ်။ ရောက်ရင် လက်ဖက်ရည်မှာသောက်ရမယ်။ ပြီးရင် ချုတ်လို့ရပြီ။ လောင်းကြေးကမများပါဘူး။ အရက် တစ်ပုလင်း။ အဲသည်အချိန်က အပျော်အပါးဆို အရက်လေးလည်းသောက်သပေါ့ဗျာ။

ကဲ လုပ်လိုက်လေ။ ကြာသလားလို့ ထဘီစ အသစ် သမဆိုင်က ဧဏာသွားယူ၊ လုံချည်ပေါ်က ထပ်ပတ်၊ ထိုင်ရာက ထပြီး လက်ဖက်ရည်ဆိုင် ဘက်ကို လျှောက်သွားတယ်။ လမ်းက မြို့လယ် လမ်းဗျ။ အချိန်က ၉ နာရီလောက် လူစည်ကားစ အချိန်လေးပဲ။ ဟိုလူကကြည့် သည်လူက ကြည့် ပေါ့ဗျာ။ အရူးပြောရအောင်လည်း လူရည်သန့် ကလေး ပါပဲ ဟဲ ဟဲ။

ဒါနဲ့ သွားရင်း အိမ်တစ်အိမ်အရှေ့ အရောက်မှာ အုန်းကနဲ ရီသံတွေထွက်လာတာ အကျယ်ကြီးဗျ။ နောက်အိမ်ထဲက မိန်းကလေး ၅ ယောက်လောက်ထွက်ကြည့်ကြတယ်။ ကျွန်တော် လည်း ပြန်ကြည့်လိုက်တော့ ဆေးလိပ်ခဲ့ကို ရီ သံတွေ ညံနေတုန်း ခပ်သုတ်သုတ်ကလေး ဆက်လျှောက်၊ ဆိုင်ရောက်ရင်ပဲ ဆိုင်ရှင်က

"ဟာ ဆရာလေး ဘယ်လိုဖြစ်လာတာ လဲ"

"နောက်တော့ပြောမယ်၊ လက်ဖက်ရည် တစ်ခွက် အရင်လုပ်ဗျာ"

ဖျော်ဆရာ လာချ၊ ကောက်သောက်

"လောင်းကြေးစားကြေးလုပ်တာဗျ"

"ခု ကျွန်တော် နိုင်ပြီ"

အဲသည်လို မှန်တာလုပ်တာ ဘာမှ ရှက်စရာ ကြောက်စရာ မလိုဘူးဆိုတဲ့ စိတ်ဓါတ်ပေါ့ဗျာ။ ဒါနဲ့ နန်းတော်ကြီးအကြောင်း ဆက်ဦးမယ်။ တစ်နေ့ ရုံးအကူနေရာလစ်လပ်လို့ ခန့်ဖို့အကြောင်း ပေါ် လာတယ်။ လူခန့်ရင် ပါတီအလုပ်သမားစည်းရုံး ကိုယ်စားလှယ်ပါတဲ့အဖွဲ့နဲ့ ရွေးရတယ်။

ဒါပေမဲ့ တစ်ချက်လွတ်အမိန့်နဲ့ ပါတီက လွတ်လိုက်တဲ့ ကောင်လေးကို ခန့်လိုက်ရတယ်။ ဘယ်တတ်နိုင်မလဲ၊ သူတို့ခေတ်လေ၊ သည်ကလေး က ခုံဖိနပ်နဲ့ရုံးတက်တဲ့သူမို့ လာရင် တတောက် တောက်နဲ့ ကြည့်မရဘူးဗျာ။ လူကလည်း အပိုး မကျိုး။ မင်းမှာ တခြားဖိနပ်မရှိဘူးလား။ ဒါရုံးက ဆိုလိုက်တော့ နန်းတော်ကြီးဆီ သံတော်ဦး တင်ပါ လေရော။ သိပ်မကြာဘူး၊ နောက်ရက်ကျ ဖုန်း လာတယ်။ ကလေးက ဆင်းရဲကြောင်း၊ မိုးတွင်း ကာလ ရွှံ့ကျံများလို့ဖြစ်ကြောင်း၊ တစ်ရုံးလုံးမှာ သူတစ်ယောက်ထဲ ခုံဖိနပ်နဲ့ အံ့ရောဗျာ။

နောက်တော့ သူကဘောသမားတဲ့။ မကြာ ခဏ on duty ပေးရတယ်။ ဒါတွေ ခွင့်လွှတ် လို့ရပါတယ်။ ခက်တာက ရုံးမှာ သူ့ရှေ့မှာ ပါတီ အကြောင်းပြောရင် ချက်ချင်းသတင်းရောက်တာ ပဲ။ တစ်နေ့တော့ လုပ်ငန်းကိစ္စ ပါတီက ပါလွှန်းလို့ ကျွန်တော်ထဆဲမိတယ်။ ဒီကောင်တွေနဲ့ အလုပ် လုပ်ရတာ အတော့်ကိုငွေကျတာပဲလို့ မွန်းလွဲ ၂ နာရီ လောက်လည်းရောက်ရော ဖုန်းဝင်လာတယ်။

"ကိုသိန်းထွန်းလား"

"ဟုတ်ကဲ့"

"ညနေရုံးဆင်းရင် ပါတီယူနစ်ကို လာခဲ့ပါဦး"

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"လာတော့ သိရမှာပေါ့"

"ကောင်းပါပြီ"

ညနေရုံးဆင်းတော့သွားသည်။ ရုံးတွင်း ဝင်လိုက်သည်နှင့် ယူနစ်ကော်မတီဝင်ကို တွေ့ သည်။ သူလည်း ကျွန်တော့်ကိုမြင်သည်။ စားပွဲ တွင် စာရေးနေသည်။ လာပါ၊ ထိုင်ပါ။ ခဏလေး နော် မပြော။ ဆက်ရေးမြရေးနေသည်။ သူစားပွဲရှေ့ တွင်လည်း ကုလားထိုင်လွတ်ရှိသည်။ ကျွန်တော် ၅ မိနစ်ခန့်ရပ်နေသည်။ ပြီးမှ

"ဦးခင်မောင်၊ ကျွန်တော့်ကိုခေါ်တာ ဘာ ကိစ္စလဲ"

"ဖြေးဖြေးပေါ့ ကိစ္စရှိလို့ပေါ့"

"ဘာကိစ္စလဲ ပြောစရာရှိပြောဗျာ၊ ကျွန် တော်မအားဘူး၊ လုပ်စရာရှိသေးတယ်"

"ရုံးဆင်းပြီပဲ၊ ဘာလုပ်စရာရှိသေးလို့လဲ"

"ထမင်းချက်ရဦးမယ်၊ တစ်ယောက်တည်း နေတာဗျ"

"ဒါဆိုလည်းပြောရတာပေါ့ဗျာ၊ ခင်ဗျား သည်နေ့ ရုံးမှာ ကျွန်တော်တို့ကို ဆဲတယ်လို့ ပြောတယ်"

"ကျွန်တော် မဆဲပါဘူး" (ဖြောင်လိမ်လိုက် သည်)

"ခင်ဗျားဆဲကြောင်း ပြောတဲ့လူရှိတယ်"

"ကဲ... သည်လိုဆိုရင် ပြောတဲ့လူခေါ် လိုက်ပါ။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်လိုဆဲတယ်ဆိုတာကို သက်သေခဲ့ပြောမှန် တယ်ဆိုရင် ထိုင်ကန်တော့သွားမယ် မမှန်ရင်တော့ ကျွန်တော်နဲ့တွေ့မယ်"

"ဟာ ဒါတော့ပြောလို့ဘယ်ဖြစ်မလဲ"

"မဖြစ်ရင် ခင်ဗျား သူစကားတော့ ယုံ တယ်။ ကျွန်တော့်စကားတော့ မယုံဘူးပေါ့"

သည်လိုပြောလိုက်တော့ သူစကား မဆက် ဘဲတွေနေသည်။ ကျွန်တော်ဆက်ပြော သည်။

ကျွန်တော့်ကိုခေါ်တာ သည်ကိစ္စပဲလား။ ဒါ ဆို ကျွန်တော်ပြန်ပြီ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း သည်လိုလူ ။

*** ဘူးသီးကြော်အပိုင်းအစများ ***

စာမျက်နှာ (၈) မှအဆက်

သည်လိုနဲ့ ကမ္ဘာမကြေ အစကိုရှာဖွေပြီး အိမ်မှာရုံးဆင်းတိုင်း အိုကြီးအိမနဲ့ သီချင်းကျက် ရရှာတယ်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ
ဒို့ ပြည် ဒို့မြေ
များလူခပ်သိမ်း ငြိမ်ချမ်းစေဖို့
ခွင့်ကူညီမျှ ဝါဒဖြန့်စင်တဲ့မြေ
ဒို့ ပြည် ဒို့မြေ
ပြည်ထောင်စုအမွေ အမြဲတည်တန့်စေ
အဓိဋ္ဌာန်ပြုလေ ထိန်းသိမ်းစို့ မသွေ"
ဒါဒါ ဒါဒါ။ ဒါဒါ ဒါဒါး

မေဒေး ည ၇:၄၅ နာရီ။ ချစ်ခြင်းအားဖြင့် ။

*** ဘူးသီးကြော်အပိုင်းအစများ (၅) ***

ပါတီအတင်းတွေ တုတ်နေရပေမည့် ကောင်းချက်လေးတွေလည်း ရှိတယ်ဗျ။ ဘာလဲ ဆိုတော့ အစည်းအဝေးပွဲကြီးတစ်ခု ကျင်းပတော့ မည်ဆိုရင် အခမ်းအနားပြင်ဆင်မှုမှာတော့ ဘယ် တုန်းကမှ မတွေ့ကြုံခဲ့တဲ့ ပြင်ဆင်မှုပါပဲ။ အလွန်ကို စနစ်ကျ သေသပ်လှပါတယ်။ တွေ့ဖူး ကြုံဖူးကြ မှာပါ။ သဘာပတိစားပွဲ၊ အခမ်းအနားမှူးစားပွဲ၊ စကားပြောစင်၊ နောက်ခံပိတ်ကား စာတန်း၊ ဒုံ အပြင် အစည်းအဝေးတက်ရောက်သူတွေ ထိုင်ဖို့ နေရာ၊ လျှောက်လမ်း၊ ထိုင်ခုံလမ်းညွှန် VIP နေရာ စသည်ဖြင့် အတော့်ကို သပ်ရပ်စနစ်ကျပါတယ်။ သူတို့ပြုလုပ်ခဲ့တဲ့ အခမ်းအနားပုံစံဟာ မြန်မာမှာ တော့ကမ္ဘာတည်သ၍ပါပဲ။တောရောမြို့ပါပေါ့ဗျာ။ လေးစားဖို့ ရှိုးကျူးဖို့ကောင်းတာအမှန်ပါပဲ။

အစည်းအဝေးဆိုလို့ ကျေးရွာအုပ်စုတစ်ခုမှာ တောင်သူလယ်သမားနေ့ အစည်းအဝေးပွဲ တစ်ပွဲကျင်းပ ဖြစ်တယ်။ ဌာနဆိုင်ရာတွေလည်း သွားတက်ရတယ်။ အဲသည်နှစ်က မြို့နယ်မှာ မကျင်းပဘဲ ရွာမှာ ကျင်းပရမှာ ဖြစ်တယ်ဆိုလို့ပါ။

ရွာရောက်တော့ အစီအစဉ်စာရွက် တောင်း ကြည့်တယ်။ အစီအစဉ်က အတော့်ကိုသပ်ရပ် တယ်။

သဘာပတိကြီးများ နေရာယူခြင်းက စ တယ်။ တယ်ဟုတ်ပါလားပေါ့။ ကျွန်တာတွေ လည်း အသေးစိတ်ပါတယ်။ စတယ်ဆိုရင်ပဲ သဘာ ပတိလုပ်မည့်သူ စင်မြင့်ပေါ်တက်လာတယ်။ တစ်ဦးတည်းပါပဲ။ ဒါနဲ့ နံဘေးက လူကိုမေးကြည့် တယ်။ သဘာပတိကြီးများ နေရာယူခြင်းဆိုပြီး တစ်ယောက်ထဲလား ဆိုတော့ ဟုတ်တယ်တဲ့။ အစီ အစဉ်က မြို့မှာလုပ်တဲ့ စာရွက်အတိုင်း ရေးထား တာဆိုပဲ။

နောက်တော့ ထုံးစံအတိုင်း အခမ်းအနား မှူးက မိုက်ခရိုနားကပ်ပြီး အခမ်းအနားဖွင့်လှစ် ကြောင်း၊ သဘာပတိ မိန့်ခွန်းပြောမည့်အကြောင်း စူးရှကျယ်လောင်စွာ ကြေညာပါတော့တယ်။

သဘာပတိလုပ်သူဟာ စားပွဲထပြီး မိုက်ခရိုက် နားတိုး၊ အိတ်ထဲကစာရွက်ခေါက်ကိုထုတ်၊ မျက်မှန် တပ်ပြီး မိန့်ခွန်းကိုဂရုတစိုက်ဖတ်ရှုတယ်။ စာ မသွားရတဲ့အထဲ အထစ်ထစ်အငေ့ါငေ့ါအသံဟာ တကွင်းလုံး အတော်ကျယ်ကျယ်ကြားရသဗျ။ စာ မျက်နှာနှစ်ရွက်လောက်ဖတ်လိုက်ရတော့ အပြီးမှာ စိတ်မောလူမောဖြစ်သွားပုံရတယ်။ ပြောပြီးလို့ မထိုင်ခင် စားပွဲပေါ်က ရေတကောင်းက ရေလေးငဲ့ သောက်မလို့အလုပ် အခမ်းအနားမှူးက လှည့် မကြည့်ဘဲ သဘာပတိကြီး ပြန်လည်ထွက်ခွာပါ တော့မည်ခင်ဗျားလို့ ကြေညာလိုက်တယ်။ သဘာ ပတိဟာ ဖန်ခွက်တန်းလန်းနဲ့ စိတ်တိုသွားပုံရ တယ်။

"ငါလေခွီး ရေလေးတောင် ဖြောင့်အောင် မ သောက်ရဘူး။ ဒီကောင် လုပ်လိုက်မှဖြင့်"

မိုက်ခွက်နဲ့ကပ်နေတာမို့ သဘာပတိရဲ့နှိုးငုံး ချုပ်မိန့်ခွန်းကို တစ်ရွာလုံးကကြားပြီး ပွဲကျသွားကြ တယ်။

ဆက်ကြွဦးစို့။ သည်လိုနဲ့ တစ်နှစ်လောက် ကြာတော့ မြို့နယ်အစည်းအဝေးတစ်ခုမှာ ကျွန်တော် အမှာစကားပြောရတယ်။ ပါတီကောင်စီ ဥက္ကဋ္ဌကြီးတွေလည်း တက်ကြတယ်။ အဲသည် အစည်းအဝေးလည်းပြီးရော ပါတီက မပြန်ပါနဲ့ဦး ဆိုလို့ နလေက ရုံးခန်းထဲမှာစောင့်နေရတယ်။ ဘာပါ လိမ့်ပေါ့။ မကြာဘူး။ နလက ဥက္ကဋ္ဌနဲ့ပါတီ ဥက္ကဋ္ဌ ကြီး ဝင်လာတယ်။ နလက ဥက္ကဋ္ဌကြီးကလည်း အသစ်။ ပြောင်းလာတာ ၇ လလောက်ရှိပြီ။ ကျွန် တော့်ကိုအသေအချာကြည့်နေတယ်။ ပါတီဥက္ကဋ္ဌ ကြီး စပြောတယ်။

"ဒီ မောင့်ကို ဟိုကိစ္စမှာ ကျွန်တော်တို့သုံးရင် ဘယ်လိုနေမလဲ၊ ပြောပုံဆိုပုံနဲ့ဆို ဖြစ်လောက် တယ်"

"ဒါဆိုသူကိုတာဝန်ပေးမယ်ဗျာ"

"ကောင်းသားပဲ"

"ဒါနဲ့ မင်းပါတီဝင် မဟုတ်လား"

"မဟုတ်ဘူးခင်ဗျ"

"ဟာ မင်းဌာနအရာရှိဖြစ်နေပြီး ပါတီမဝင်ရ သေးဘူးလား။ ကဲ ပြောစမ်းဘာလို့ မဝင်သေးတာ လဲ"

"ကျွန်တော် စဉ်းစားနေတုန်းမို့ပါ"

"အမလေးကွာ သည်လောက်ကောင်းတဲ့ ကိစ္စ မင်းဘာတွေစဉ်းစားနေလဲ။ မင်းအညာသူ စာအုပ် ဖတ်ဖူးလား၊ လူနဲ့ပတ်ဝန်းကျင် ကုန်လုပ် ဆက်ဆံရေးသဘောတရားရော"

"ဟုတ်ကဲ့ ဖတ်ဖူးပါတယ်"

"ဒါနဲ့များကွာ မင်းသဘောမကျစရာ ဘာရှိ လဲ"

(လူတွေပါ နုတ်မှမထွက်ပါ)

ကျွန်တော်ဘာမှမပြောပါ၊

ထိုင်ရာမှထ ဖုန်းဆက်သည်။

ယူနစ်ကလား၊ ငါစောင့်ပါ။ ပါတီဝင် လျှောက်လွှာပုံစံတစ်စုံ နလကရုံးကို လူလွှတ်ပို့ စမ်း။

နာရီဝက်ကြာတော့ ရောက်လာသည်။

"ကဲ... သည်ပုံစံဖြည့် ပြီးရင် ငါယူသွားမယ်" တဲ့။

သည်လိုနဲ့ ပါတီဝင်လျှောက်လွှာတင်ဖြစ်ခဲ့ ပါသည်။

*** ဘူးသီးကြော်အပိုင်းအစများ (၆) ***

ပါတီဝင်လျှောက်လွှာသာ ယူသွားတယ်။ တစ်လနေလို့အကြောင်းမထူးဘူး။ အိမ်နားမှာ နေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ သူက ပါတီမှာလုပ်အားပေးပေါ့။ စာပေးစာယူမှာ လုပ်ရ တယ်။

"ညီမလေး ငါ့ပါတီဝင်လျှောက်လွှာ တွေ့မိ လား"

"ဟုတ်ကဲ့ တွေ့တယ်"

"ဘာလုပ်ထားလဲ"

"ရေးရာမှူးစားပွဲမှာတင်ထားတယ်"

သည်လိုနဲ့နှစ်ပေါက်သွားတာပဲ။ ဘာမှ ဖြစ်မလာပါဘူး။ အဲသည်မှာ ဥက္ကဋ္ဌ အတွင်းရေးမှူး တွေက လူအေးတွေ၊ ချယ်ရာမင်တွေက ရေးရာမှူး တွေဗျ။ ကျွန်တော်နဲ့က ပဏာမစားဘူး။ သည် တော့ သုံးနှစ်တာကြာခဲ့တယ်။ လျှောက်လွှာဟာ စားပွဲပေါ်ကနေ ဘီဒိုခေါင်မိုးပေါ်မှာ အစည်းလိုက် ပါပဲ။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဌာန မှူး ပြောင်းသွားတော့ နောက်ထပ်တစ်ဦး ရောက် လာတယ်။ ဝန်ထောက်မင်းပေါ့ဗျာ။ အဲသည်အချိန် က ၄၅၀ စကေးကို ဝန်ထောက်အဆင့်ခေါ်တယ်။ အသက်လည်းကြီး ပင်စင်နဲ့လည်းနီးနေတော့ သိပ် မတက်ကြွတော့ဘူး။ ကျလူလိုဖြစ်နေတယ်။ ကျွန် တော်တို့က အရွယ်ရော၊ စိတ်ဓါတ်ရော၊ အကျင့် စရိုက်လေးပါကောင်းနေတော့ အစစအရာရာ မျက်နှာလွဲရပါတယ်။ လာသမျှဒိုင်ခံရှင်း။ အလုပ်ဆို လည်း လူကြီးရုံးမရောက်ခင် သူ့အခန်းထဲဝင်၊ ဝင်စာတွေကြည့် လုပ်စရာရှိတာတွေကြိုလုပ်ထား အသင့်ဖြစ်ပြီဆို ရှင်းပြ လက်မှတ် ထိုးရုံပါပဲ။

အသင်းတွေ မမှန်တာလုပ်ရင်လည်း ရှင်း သင့်တာရှင်း၊ အရေးယူသင့်တာယူ၊ ဂုဝ ခုနှစ် ဥပဒေကလည်း ပေါ်ကာစ အရေးယူဖို့ ဇယားတွေ ကလည်း ဗလပွမှာ တစ်နေ့တော့ အဲသည်တစ်နေ့ ဟာ ကျွန်တော့်ဘဝမှာ နောင်တကြီးစွာ ရရမယ့်နေ့ ဖြစ်မှန်း မသိခဲ့ပြီး အမှန်ပါ ။

ဇူလိုင်လရဲ့နေ့တစ်နေ့။ အသင်းစုစာရေး တစ်ယောက်က သတင်းလာပို့တယ်။

"ဆရာ မြို့ထဲမှာကျေးရွာအသင်းက ခွဲတမ်း ပစ္စည်းတွေ မှောင်ခိုရောင်းနေတာတွေ့ခဲ့တယ်"

"ဟ မင်းတကယ်ပြောတာလား"

"တကယ်ပေါ့ ဆရာမယုံရင်လိုက်ကြည့် လေ"

"အေး ကောင်းပြီ"

ဒါနဲ့ရုံးက ပထမအသင်းစုမှူးတစ်ဦးကို ခေါ်ပြီး သုံးရောက်သား မြို့ထဲစက်ဘီးနဲ့သွားကြ တယ်။ ဟုတ်သဗျို့။ ရောင်းသူ၊ ဝယ်သူ ပစ္စည်း အကုန်မိပါလေရော။ သည်တော့ လုပ်ထုံးလုပ်နည်း အတိုင်း အဖွဲ့ဖွဲ့စစ်။ ခေါင်းဆောင်ကတော့ ကျွန် တော်ကိုယ်တိုင်ပါပဲ။ အမှုမှန်ဆိုတော့ ရောင်းခိုင်း တဲ့ ဥက္ကဋ္ဌကြီးရယ်၊ လှည်းသမားရယ် အဖမ်းခံရ တော့တာပါပဲ။

ပြန်ပြောရင်းတောင် စိတ်မကောင်း ဖြစ်မိပါ တယ်။ ရွာမှာ မြို့က ပါတီကောင်စီဥက္ကဋ္ဌသည်တွေ လာရင် သမဋ္ဌက္ခရွာ ကျေးမွေးဧည့်ခံရသတဲ့။ တစ်ကြိမ်မဟုတ် နှစ်ကြိမ်မဟုတ်။ ကြာတော့ ခမျာ မှာ မတတ်နိုင်တော့ ဧည့်ခံစရိတ်ကို အားလုံးညှိပြီး သည်လိုပစ္စည်းရောင်းဖို့ဖြစ်လာသတဲ့။ သူတို့ဘဝ သူတို့အတွေး ဟုတ်နေတာပဲ။ ရွာတွေကလည်း အတိုင်အတောမရှိ။ ဘာပစ္စည်း ခွဲတမ်းပေးမှန်း လည်းမသိ။ ကံဆိုးချင်တော့ အထက်မှာပြောခဲ့ သလို ကျွန်တော်နဲ့တိုးပြီး အမှုစွဲတဲ့အဆင့်ရောက် သွားတယ်။

ဥပဒေကလည်းအသစ်။ ဝန်ထမ်းကလည်း အသစ်။ ပြဿနာကလည်းအသစ်နဲ့ ဝန်ထမ်းဘဝ မှာ ပထမ ဦးဆုံး တရားလိုအနေနဲ့ကျနော်အမှုဖွင့် လိုက်တယ်။မှန်တာဆိုလုပ်မယ်ဆိုတဲ့ခံယူချက်ပေါ့ ဗျာ။ အသင်းဥက္ကဋ္ဌကအသက် ၅၀ လောက်ဗျ။ ရောင်းထုံးကြီးနဲ့ လှည်းသမားလည်းပါတယ်။ နှစ် ယောက်လုံး ရဲက အချုပ်ထဲ ထည့်ထားလိုက်တယ်။ ပါတီက သည်ကိစ္စလုံးဝမကျေနပ်ဘူး။ ဘယ် ကျေနပ်မလဲ။ အမှုဆောင်သုံးပုံတစ်ပုံကို သူတို့က ပါတီကိုယ်စားလှယ်အနေနဲ့ခန့်ထားရတာကို။ အဲ သည်အထဲကပဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ပေးရပြန် တယ်။ ခုလူက သူတို့လူ၊ လူရိုး လူအေးကြီးလည်း မှန်ပါတယ်။ ဒါပေမဲ့ ညံ့ဗျာ၊ မပြေးသော်လည်း ကန်ရာကရှိခဲ့ပြီကို။ သည်ကြားထဲ ရွာလူလယ် အမှုဆောင်ဆိုရင် ဆရာတို့သုံးဖို့ဆိုပြီး ပစ္စည်း ကောင်းလေးများ နှန်းတော်ကြီးကိုဆက်သနေကြ တာလည်းပါတယ်။

ခုသည်ကိစ္စမှာတော့ ကျနော်က လက်ဦးစွာ အရေးယူလိုက်တော့ ဆရာတွေဘာမှမတတ်နိုင်ဘဲ ရုံးရောက်တော့မှကြည့်ရှုင်းပေးမယ်ဆိုကြတယ်။ အဲသည်အချိန်မှာပဲ သတင်းကြားရတာက အချုပ် ခန်းထဲက ဥက္ကဋ္ဌကြီးဟာ ဘာမှမစားဘူးတဲ့။ တုန် တုန်ရီရီနဲ့အတော့်ကိုကြောက်လန့်နေပုံရသတဲ့။ ငိုတဲ့အခါတွေလည်းငိုလို့ပေါ့ဗျာ။ ဘယ်တတ်နိုင် မလဲလေဆိုပြီး စိတ်ကိုဖြေရတယ်။

ပြောရဦးမယ်။ ကျနော်ခေတ့်လမ်းက သတ္တ ဌာန ဘုရားရှေ့ကလမ်းဗျ။ အဲသည်လမ်းက သုဿန်သွားတဲ့ လမ်းဆိုတော့ မကြာမကြာ အသုဘချလေ့ရှိတယ်။ ဆေးရုံမှာသေတဲ့လူ ပိုင်ရှင် မဲ့လူတွေဆို ဖျာလိပ်နဲ့ပတ် ရှေ့နောက် နှစ်ယောက် ဝါးလုံးလျှိ ထမ်းပြီးသွားတတ်တယ်။

အဲသည်နေ့က ရုံးပိတ်ရက်နေ့ မနက် ၉ နာရီလောက်မှာ လူသေအလောင်းတစ်လောင်း ထမ်းလာတာ မြင်ရတယ်။ ထူးခြားတာက ဖျာလိပ် ခေါင်းပိုင်းမှာ ဆံပင်အရှည်ကြီးတွဲလောင်းထွက် ကျနေတယ်။ မိန်းမကြီးလား မသိဘူး။ ဒါနဲ့ နောက်ကလိုက်လာတဲ့လူကို မေးကြည့်လိုက်တော့ ယောကျ်ားကြီးတဲ့။ အချုပ်ထဲမှာ ဆုံးသွားတာတဲ့။ ဘုရား ဘုရား။ ကျွန်တော်အတော့်ကို တုန်လှုပ်သွား တော့တယ်။ စိတ်မကောင်းလည်းတော်တော်ဖြစ်မိ တယ်။ ကျွန်တော် အမှုစွဲခဲ့တဲ့ တရားခံကြီး လူရိုးလူ အေးကြီး ရိုးလွန်းလို့ သူ့ကို ဥက္ကဋ္ဌပေးခဲ့တဲ့လူကြီး။ ဥပဒေကိုဘာမှမသိ နားမလည်တဲ့ လူကြီး။ မလုပ် ချင်ပါဘဲလျက် ပါတီတာဝန်ဆိုလို့ လုပ်ခဲ့ရတဲ့ လူကြီး။ ခုတော့ဗျာ ရုံးပြင်ကနား အချုပ်ရဲဌာန မရောက်စဖူး ရောက်ရ။ မကြောက်စဖူး ကြောက်ရ ပြီး စိတ်ဆင်းရဲခြင်းကြီးစွာခံသေဆုံးခဲ့ရပြီ။

ကျွန်တော့်ရဲ့တက်ကြွနေတဲ့လုပ်ရပ် ဥပဒေ စည်းကမ်းတွေရဲ့ ဖိစီးမှု လူငယ်တစ်ဦးရဲ့ မဖွံ့ဖြိုး သေးတဲ့ အတွေးအခေါ် အတွေ့အကြုံအောက်မှာ နောင်တကြီးစွာရမိပါတော့တယ်။

၆-၅-၂၀။ ည ၈ နာရီ ချစ်ခြင်းအားဖြင့် ။

ရှေ့လဆက်ဖတ်ပါရန်

သိမ်းထွဏ်းဦး

(TheinhtunFacebookAccountမှကူးယူဖော်ပြပါ သည်)

“တောင်သူများ စိုက်ပျိုးထွက်ရှိသည့်သီးနှံများ ပုံမှန်ကုန်စည်ကူးသန်းရောင်းဝယ်မှု အဆင်ပြေစေရန် ကူညီဆောင်ရွက်နိုင်ရေး သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် သမဝါယမအသင်းစုချုပ်များက Online ဖြင့် Video Conferencing ပြုလုပ်”

သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ အမှာစကားပြောကြားစဉ်

ဗဟိုသမဝါယမအသင်းလီမိတက် ဒုတိယဥက္ကဋ္ဌ (၃) ဦးကျော်မြင့်ဝင်း ပါဝင်ဆွေးနွေးစဉ်

သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရဇင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးစဉ်



ဗဟိုသမဝါယမအသင်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်နိုး ပါဝင်ဆွေးနွေးစဉ်

Video Conference သို့ ဗဟိုသမဝါယမအသင်းလီမိတက် အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေမန်နေဂျာများ တက်ရောက်နားထောင်စဉ်

ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ရှမ်းပြည် နယ်(တောင်ပိုင်း) ပင်တယဖြို့နှင့် ကယားပြည်နယ်တို့တွင် အသင်းသူ/အသင်းသား၊ တောင်သူများက စိုက်ပျိုးနေသည့် သီးနှံထွက်ကုန်များကို တစ်နိုင်ငံလုံးသို့ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ပုံမှန်ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေး ကူညီဆောင်ရွက်ရန်အတွက် Video Conferencing တစ်ရပ်ကို ၁.၆.၂၀၂၀ ရက်နေ့၊ တနင်္လာနေ့၊ နေ့လယ် (၁၃:၀၀ နာရီ) တွင် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၌ ပြုလုပ်ခဲ့ပါသည်။ Video Conferencing သို့ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် သမဝါယမအသင်းစုချုပ်များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။

Video Conferencing တွင် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရဇင့် ဗဟိုသမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်နိုးတို့က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးများ၊ အသင်းစုချုပ် ဥက္ကဋ္ဌများက ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများ၊ အသင်းစုချုပ်ဥက္ကဋ္ဌများက ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်တယဖြို့တွင် စိုက်ပျိုးထုတ်လုပ်နေသည့် သီးနှံထွက်ကုန်များကို တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များသို့ ပို့ဆောင်ပြီး သမဝါယမလမ်းကြောင်းဖြင့် အသင်းအဆင့်ဆင့်က တာဝန်ယူ၍ အမြတ်မယူဘဲ ဖြန့်ဖြူးရောင်းချခြင်း၊ လူဒါန်းဝေငှခြင်းတို့ကို ပါဝင်ဆွေးနွေး အကြံပြုကြပါသည်။ ယင်း Video Conferencing ပြုလုပ်နေသည့်အချိန်ထိ ရှမ်းပြည်နယ် (တောင်/ရှေ့)အသင်းစုချုပ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် အသင်းသားတောင်သူများ၏ သီးနှံထွက်ကုန်များကို ဝယ်ယူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်များသို့ ပေးပို့ရောင်းချပေးလျက်ရှိပါသည်။ အရေအတွက်အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၆၅၀၀) ခု၊ မန္တလေးတိုင်းဒေသကြီး သို့ သီးနှံထွက်ကုန် (၄၉၅၀) ခု ပေးပို့ရောင်းချနိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၁၀၀၀၀)ခု၊နေပြည်တော်အသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၆၀၀၀) ခု၊ ပဲခူးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၆၀၀၀) ခု၊ တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၈၀၀၀) ခု ပို့ရန် အမှာစာများလက်ခံရရှိထားကြောင်း၊ ရန်ကုန်တိုင်းစုချုပ်သို့ သီးနှံထွက်ကုန် (၁၀၀၀၀) ခုနှင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ သီးနှံထွက်ကုန် (၁၀၀၀၀) ခု ပို့ရောင်းချနေကြောင်း ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က ဆွေးနွေးပြောကြားပါသည်။

ယင်းသို့ သီးနှံထွက်ကုန်များကို သမဝါယမအသင်းလမ်းကြောင်းမှတဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်အောင် ဖြန့်ဖြူးရောင်းချသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသင်းစုချုပ်များ၏ အချို့မြို့နယ်များတွင် ဥပမာအားဖြင့် ဂေါ်ဖို (၁) ထုပ်လျှင် ကျပ် (၅၀၀/၆၀၀) နှင့် ဈေးနှုန်းဖြင့် ပြည်သူများ ဝယ်ယူစားသုံးနေရာမှ ဂေါ်ဖိထုပ် (၁) ထုပ်လျှင် ၁၄၀ ကျပ်မှ ၂၅၀ ကျပ်ထိ သက်သာစွာ ဝယ်ယူစားသုံးနိုင်ကြသည်ကို တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများနှင့် အသင်းစုချုပ် ဥက္ကဋ္ဌများ၏ ဆွေးနွေးမှုများအရ

စာမျက်နှာ (၁၂) သို့

ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုလီမိတက်ဖွဲ့စည်းရေးအခမ်းအနား ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့် အမှာစကားပြောကြားစဉ်

ဗဟိုသမဝါယမအသင်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုး ဂုဏ်ပြုအမှာစကားပြောကြားစဉ်

ဖွဲ့စည်းရေးအခမ်းအနားသို့ တက်ရောက်လာသူများ

ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌသစ် ဒေါ်ခင်ခင် မိတ်ဆက်အမှာစကားပြောကြားစဉ်

ရန်ကုန်တိုင်းဒေသကြီးမြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုလီမိတက် ဖွဲ့စည်းရေးအခမ်းအနားကို ၁၉.၆.၂၀၂၀ ရက်နေ့၊ နံနက် (၀၈:၃၀) နာရီတွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ Corriender Leaf Restro-Pubတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွဲ့စည်းရေးအခမ်းအနားသို့ အထူးဧည့်သည်တော်များအဖြစ် ဗဟိုသမဝါယမအသင်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာဦးမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်၊ ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မိုမိုအေး၊ သမဝါယမအသင်းစုအသင်းဝင် (၅) သင်းဖြစ်သော သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ သရဖူ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ မေတ္တာမွန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ ရွှေစင်မေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်နှင့် ရတနာပျိုမေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ ယင်းဖွဲ့စည်းရေး

စာမျက်နှာ (၁၃) သို့

AGRI TERRA

Accelerating Myanmar Cooperatives Development

မြန်မာနိုင်ငံ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ပေးခြင်း

မြန်မာနိုင်ငံ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Agriterra သည် သမဝါယမဦးစီးဌာနနှင့် ၂၀၁၈–ဇွန်စ်တွင် နယ်သာလန်နိုင်ငံမှာ နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့ပြီး သမဝါယမအသင်းများကို အကြံပေးခြင်း၊ သင်တန်းများ ပို့ချခြင်းနှင့် လေ့လာရေး ခရီးစဉ်များ ပို့ဆောင်ပေးခြင်းဖြင့် ကူညီနေပါသည်။

သင်၏ သမဝါယမအသင်း တိုးတက်ဖို့ Agriterra နဲ့ ပူးပေါင်းဆောင်ရွက်စို့

AGRI TERRA

Agriterra Myanmar မှ ပံ့ပိုးကူညီပေးနေသော စစ်ကိုင်းမြို့၊ ဆင်တပ်နို့စားနွား မွေးမြူ ကုန်ထုတ် သမဝါယမအသင်း အကြောင်း

စေတနာ
နွားနို့ ၊ နို့အေး နှင့် ဒိန်ချဉ်

ကိုယ်စားလှယ် မာယူလိုပါက
စေတနာ နို့အေးနှင့် ဒိန်ချဉ်
မွေးမြူရေးနှင့် ကုသရေးဦးဌာန၊
မြို့နယ်ဦးဗျူရုံး၊ ပါဒမိုရပ်၊ စစ်ကိုင်းမြို့။
ဖုန်း - ၀၉ ၄၄၁၁ ၅၂ ၇၆၅၊ ၀၉ ၄၀၂ ၇၆၅၆ ၂၂
Facebook: saytanar.milk.yoghurt

ဆင်တပ်နို့စားနွား မွေးမြူကုန်ထုတ် သမဝါယမအသင်း၏
စီးပွားရေး လုပ်ငန်းများမှာ -
၁။ နို့စားနွားမွေးမြူခြင်း
၂။ စေတနာ နို့အေးနှင့် ဒိန်ချဉ်
၃။ ငုံးဥ ထုတ်လုပ်ခြင်း
၄။ စားသုံးကုန် ရောင်းချခြင်း
၅။ ငွေကြေးဝန်ဆောင်မှု

ကျက်သရေရှိတဲ့အလှ

ချစ်ဦးညီ

“ဒြပ်-ဒြပ်-ဒြပ်း” ဆိုတဲ့ အမည်လေးကစပြီး ကျွန်တော့်ဟာဒယကို ညင်သာစွာ ထိတွေ့ ပွတ်သပ်လိုက်ပါရောလား။ ပြီးတော့ မမှုရသစာစုများတဲ့။ ရေးသားပြုသူဟာ ရဟန်းတော်တစ်ပါး။ ဘွဲ့တော် ဦးကောဝိဒနောက်မှာ ကွင်းစကွင်းပိတ် နဲ့ (ဝစီပိတ်ဆရာတော်)တဲ့။ ဝစီပိတ်ဆိုတာ အချို့နားလည်ထားကြသလို အဓိဋ္ဌာန်ကာလတစ်ခုအတွင်းမှာ စကားမပြောဘဲနေခြင်းမည်ကာမတ္တ မဟုတ်ပါဘူး။ အရိယတုံဏှိတာဝ (Noble Silence) မြင့်မြတ်သော တိတ်ဆိတ်နေခြင်း ဖြစ်ပါတယ်။ နှုတ်တစ်ခုတည်း ကိုပိတ်ပြီး စကားမဆိုဘဲနေခြင်း သက်သက် မဟုတ်။ အာရုံဒွါရအပေါင်းကို ကောင်းစွာထားရှိသော၊ သတိဣန္ဒြေများနဲ့ အသာအယာပိတ်ဆို့ပြီး နေထိုင်ခြင်း ဖြစ်ပါတယ်။ ဣန္ဒြေခြောက်ပါး (စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ) ဝတ်ရုံကို လွှမ်းခြုံထားသောနေထိုင်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။

အဲဒီလို မြင့်မြတ်သော ဆိတ်ဆိတ် နေခြင်း နဲ့ နေ တော် မှု တဲ့ ဆရာတော်က ပြုစုလိုက်တဲ့ စာအုပ်။ “ဒြပ်-ဒြပ်-ဒြပ်း”တဲ့။

စက္ကူသား၊ မျက်နှာဖုံး အဆင်အပြင်၊ အရောင်အသွေး၊ အတွင်းစာ မျက်နှာများ အထားအသို အားလုံး အားလုံး ကောင်းမွန်သပ်ရပ်ပြီး အဆင့်မြင့်တဲ့ စာအုပ်အမည်နဲ့ စာအုပ်ရဲ့ အဆင်အပြင်ရဲ့ ဖမ်းစားညှိုင်ငှမ္ဘကြောင့် စာအုပ်ကိုရတဲ့နေ့မှာပဲ ကျွန်တော်မဖတ်ရ မနေနိုင် ဖတ်ဖြစ်သွားပါတော့တယ်။

အမှာစာအပါအဝင် စာပုဒ်ပေါင်း ၄၅ ပုဒ်ရှိတဲ့ ဒီစာမျက်နှာမှာ ဓာတ်လမ်းသဘောပါတဲ့ ပုံပြင် (ဝတ္ထု)၊ ဝတ္ထု (ပုံပြင်) က ၁၂ ပုဒ်။ ကျန် ၃၃ ပုဒ်က ကဗျာဓာတ်စီးဝင်နေတဲ့ စာလေးတွေ ဖြစ်ပါတယ်။

စာအုပ်ရဲ့ ခေါင်းစီးသည် “ဒြပ်-ဒြပ်-ဒြပ်း” (စာမျက်နှာ-၄၅)ကို ဖတ်ကြည့်ရအောင်။

ဒြပ် - ဒြပ် - ဒြပ်း

ဒြပ်ဒြပ်ကလေး
ဒြပ်ခနေရင်လည်း ဒြပ်း၍ခနေတယ်။
ဒြပ်ဒြပ်ကလေး ဒြပ်ခနေရင်လည်း
ဒြပ်း၍ခနေတယ်။
ဒြပ်း၍ခ၍ခရင်
ဒြပ်ဒြပ်ကလေး ဒြပ်ပြီး
ဒြပ်ဒြပ်ကလေးဒြပ်ခနေ...။
သုံးခွန်းတည်းသော စကားပါ။
ဒြပ်...
ဒြပ်...
ဒြပ်း...

ကဗျာဆိုတာ အသင့်တော်ဆုံး၊ အကျစ်လျစ်ဆုံး၊ အလှဆုံးနဲ့၊ အနက်ခွန်အားကို အဆောင်ဆုံး စကားလုံးများကိုသာ ရွေးချယ်စုစည်းထားသောစာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒြပ်ဒြပ်ဒြပ်ဟာ ကဗျာ။ တစ်ခုတော့ အတွေးဝင်မိပါတယ်။ “ဒြပ်” နိုင်ဖို့၊ “ဒြပ်” နိုင်ဖို့ဆိုတာ လွယ်ကူပေါ့သေးအရာတော့ မဟုတ်ချေဘူးနော်။ နောက်တစ်ပုဒ်ဖတ်ကြည့်ပါဦး။

အနိစ္စ

သွားဏ်၏
ပြန်မလာ...။
အိပ်ဏ်၏
ပြန်မနိုး...။
လဲဏ်၏
ပြန်မထ...။
ပြေးရှုလည်း မလွတ်...။

မမြဲသောသဘောရှိခြင်း (အနိစ္စမမျှ)ရဲ့ မမြဲမရှိသည့်အဖြစ် (အနိစ္စဘာဝ) ကို အမြဲမရှိဟူသော မှတ်ကြောင်းတရား (အနိစ္စလက္ခဏာ)နဲ့ အတူ မမြဲဟူသောအမှတ် (အနိစ္စသညာ)နဲ့မှ ဖြစ်ပြီးသော အနိစ္စဟု သိလိုက်တဲ့ (အနိစ္စ-ပဋိသံဒီ)...။ နည်းနည်းလေးနဲ့ ပြောလိုက်တာပါပဲ။

ကဗျာဓာတ်စီးဝင်နေတဲ့ စာလေးတွေအကြောင်း ဖောက်သည်ချရရင် တရုတ်တရားလား ဖြစ်သွားတော့မှာပဲ။ ဒီလောက်ပဲ အမြည်းပေးပါရစေ။

ဓာတ်လမ်းသဘောပါနေတဲ့ ပုံပြင်ဝတ္ထုလေးတွေကို ကြည့်လိုက်ပါဦး။ ကံနှင့် ရေစက်သုံးခုတဲ့။ သံခိပ်ပြုပြီး တစ်ဆင့်ပြောပါမယ်။ တောင်ခြေမြို့လေးဆီကို ဆွမ်းခံကြွပြီး ပြန်လာတဲ့ ရဟန်းက ဆရာတော်အိုကြီးကို ‘တပည့်တော် ကြားခဲ့တာတစ်ခုကို လျှောက်စရာရှိပါတယ်ဘုရား’ လို့ ပြောတော့ ဆရာတော်ကြီးက “ငါ့တပည့် အခု မင်းပြောမယ့် အကြောင်းအရာတွေကို ရေစက်သုံးခုခဲ့စစ်ပြီးပြီလား”တဲ့။ “ဘယ်ရေစက်သုံးခုလဲဘုရား”လို့ ပြန်မေးတော့၊ ဆရာတော်ကြီးက “ပထမရေစက်ကတော့ **အမှန်တရား**တဲ့။ မင်းအခုပြောမယ့်ဟာက အမှန်တရားလို့ ယုံကြည်သလား”တဲ့။ “တပည့်တော်လည်း စွေးထဲမှာ ကြားခဲ့တာပဲဘုရား။ အမှန်လို့တော့ မပြောရဲပါဘူး”ပေါ့။

ဆရာတော်ကြီးက ‘အေး... ဒုတိယရေစက်ခဲ့ စစ်ကြရအောင်၊ ဒုတိယရေစက်ကတော့ **ကောင်းခြင်းတရား** ရေစစ်ပဲ၊ မင်း အခုပြောမယ့်ဟာက မမှန်ဘူးပဲထား၊ နားထောင်ရမယ့်လူအတွက် ကောင်းရဲ့လား”တဲ့။

ဒါလည်း မဆိုနိုင်ပါဘုရား။ ဆန့်ကျင်ဘက်တောင် ဖြစ်နိုင်သေးတယ်ဘုရားတဲ့။ ဆရာတော်ကြီးက ‘ဒါဆို တတိယရေစစ်ခဲ့ စစ်ရအောင်၊ လိုအပ်မလားဆိုတဲ့ ရေစစ်ပဲ၊ မမှန်ဘူးလား။ ပြောဖို့လိုအပ်မလား စဉ်းစား’ ဒီလောက်လည်း ပြောဖို့မလိုအပ်ပါဘုရား။

“ဒါဆို မေ့ပစ်လိုက်တော့ ငါ့တပည့်၊ ဒီအကြောင်းကို လုံးဝထုတ်ပစ်လိုက်တော့၊ မမှန်ဘူးလို့ထင်ရတဲ့ မကောင်းသတင်းတစ်ခုကို မလိုအပ်ဘဲ သွားပြောမိရင် အဲဒီသတင်းဟာ ကူးစက်ပျံ့သွားပြီး ကြားရသူအပေါင်း စိတ်ကောင်းမှာ မဟုတ်ဘူး၊ မေ့ပစ်လိုက်တော့ ငါ့တပည့်”

“ဒြပ်-ဒြပ်-ဒြပ်း စမှုရသစာစု” ဟာတကယ့်ကို မမှုရသဖြစ်ပါပေတယ်။ အထက်ပါ ဝတ္ထုလေးထဲက ရေစစ် ၃ ခု နဲ့ စစ်စရာမလိုသောအဖြေက်ရေပါ။) မှန်ခြင်း၊ ကောင်းခြင်း၊ လိုအပ်ခြင်းဆိုတဲ့ အကြည်ဓာတ်တွေ ကိန်းနေတဲ့မြို့မှန် ညစ်ကြေးအလျဉ်းကင်းသောရေ ပါပဲ။

ဒါကြောင့် “ကျက်သရေရှိတဲ့အလှ”လို့ ကျွန်တော် ခေါင်းစီးတပ်တာပါ။ အလှတွေ၊ အလှတွေ ရှိကြပါတယ်။ သို့ပေမယ့် အလှအများစုက တောက်လောင်တဲ့အလှ၊ စွန်းထင်းပေကျံစေသောအလှ၊ စေးကပ်မောပန်းစေသော အလှ၊ ငြိတွယ်ပင်ပန်းစေသောအလှတွေ ဖြစ်နေကြပါတယ်။ အလှရဲ့ ဟိုးနောက်ဘက်မှာ အကျည်းတန်မှု ရှိနေတတ်ပါတယ်။

အခု “ဒြပ်-ဒြပ်-ဒြပ်း မမှုရသစာစု” ကတော့ လွတ်မြောက်စေသောအလှ၊ တွယ်ငြိတပ်မက်ခြင်းမှ ရုန်းထွက်စေသောအလှ။ ဒါကြောင့် ကျက်သရေရှိတဲ့အလှ။

ချစ်ဦးညီ

(PHOENIXကျနော်၊ ဇွန် ၁၂၊ ၂၀၁၉)

စာမျက်နှာ (၁၀) မှအဆက်

သိရှိရပါသည်။ ယင်းကိစ္စရပ်အပေါ် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနမှူးများနှင့် အသင်းစုချုပ်ညွှန်ကြားရေးမှူးချုပ်က အဆိုပါ Video Conferencing ကို နေ့လယ် (၁၅:၁၀) နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း သတင်းရရှိပါသည်။

၉.၆.၂၀၂၀ ရက်နေ့အထိ သမဝါယမနည်းလမ်းဖြင့် သီးနှံထွက်ကုန်များကို **“တောင်သူကိုကူ ပြည်သူကို မေတ္တာလှူ”** မှအခြေအနေတို့ကို အောက်ပါအတိုင်းထပ်မံသတင်းရရှိခဲ့ပါသည်။

ခနပျိုးခင်းကျနော်

သမဝါယမနည်းလမ်းဖြင့် တောင်သူကိုကူ ပြည်သူကို မေတ္တာလှူမှု အခြေအနေ

(၉.၆.၂၀၂၀ ရက်နေ့အထိ)

ကျပ်

စဉ်	တိုင်း/ပြည်နယ်/အသင်းစုချုပ်	ဂေါဒိတုပ်			ဘူးသီး			သခွေးသီး			ဟင်းသီးဟင်းရွက် (သန့်ငွေ)	စုစုပေါင်း
		အရေအတွက်	နှုန်း	သင့်ငွေ	အရေအတွက်	နှုန်း	သင့်ငွေ	အရေအတွက်	နှုန်း	သင့်ငွေ		
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)
၁	နေပြည်တော်	၅၅၀	၈၀	၄၄၀၀၀	-	-	-	-	-	-	၈၇၀၀၀၀	၉၁၄၀၀၀
၂	ကချင်	၁၄၀၀၀	၂၀၀	၂၈၀၀၀၀၀	-	-	-	-	-	-	-	၂၈၀၀၀၀၀
၃	ကယား	၆၀၀၀	၁၀၀	၆၀၀၀၀၀	-	-	-	-	-	-	-	၆၀၀၀၀၀
၄	ကရင်	၂၂၇၆	၂၄၀	၅၄၆၃၄၀	-	-	-	-	-	-	-	၅၄၆၃၄၀
၅	စစ်ကိုင်း	၁၃၀၀၀	၁၆၀	၂၀၈၀၀၀၀	-	-	-	-	-	-	-	၂၀၈၀၀၀၀
၆	တနင်္သာရီ	၆၇၀၀	၂၉၃	၁၉၆၃၁၀၀	-	-	-	-	-	-	-	၁၉၆၃၁၀၀
၇	ပဲခူး	၆၀၀၀	၁၈၀	၁၀၈၀၀၀၀	-	-	-	-	-	-	-	၁၀၈၀၀၀၀
၈	မကွေး	၈၀၀၀	၁၈၅	၁၄၈၀၀၀၀	-	-	-	-	-	-	-	၁၄၈၀၀၀၀
၉	မန္တလေး	၁၀၉၅၀	၂၄၀	၂၆၃၃၄၀၀	၅၀၀	၃၇၀	၁၈၅၀၀၀	၅၀၀	၄၇၀	၂၃၅၀၀၀	၄၀၀၀၀၀	၃၀၄၃၄၀၀
၁၀	မွန်း	၇၀၀၀	၁၅၀	၁၀၅၀၀၀၀	-	-	-	-	-	-	-	၁၀၅၀၀၀၀
၁၁	ရခိုက္ခိုင်	၁၀၀၀၀	၁၄၀	၁၄၀၀၀၀၀	-	-	-	-	-	-	-	၁၄၀၀၀၀၀
၁၂	ရေဘဝတီ	၆၆၀၀	၂၀၀	၁၃၂၀၀၀၀	-	-	-	-	-	-	-	၁၃၂၀၀၀၀
	စုစုပေါင်း	၉၀၅၂၆		၁၈၁၀၀၆၄၀	၅၀၀		၁၈၅၀၀၀	၅၀၀		၂၃၅၀၀၀	၁၂၇၀၀၀၀	၁၈၇၇၀၆၄၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ Video Conferencing စနစ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သမဝါယမဦးစီးဌာန၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၈) ရက်နေ့၊ နံနက် ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် COVID-19 ကာလအတွင်းနှင့် COVID-19 ကာလအလွန်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသော သမဝါယမအသင်းများ၏ Contract Farming လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းများ၊ သမဝါယမအရောင်းဆိုင်များကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

သမဝါယမဦးစီးဌာန

အာဆီယံသမဝါယမအဖွဲ့အစည်း (ACO)နှင့် မလေးရှားနိုင်ငံသမဝါယမအဖွဲ့ချုပ် (ANGKASA)တို့က ကြီးမှူးကျင်းပသည့် အွန်လိုင်းဆွေးနွေးပွဲသို့ ဗဟိုသမဝါယမအသင်းကတက်ရောက်

မလေးရှားနိုင်ငံ အခြေစိုက် အာဆီယံသမဝါယမအဖွဲ့အစည်း (ASEAN COOPERATIVE ORGANIZATION: ACO) နှင့် မလေးရှားနိုင်ငံ သမဝါယမအဖွဲ့ချုပ် (The Malaysian National Cooperative Movement: ANGKASA) တို့က ကြီးမှူး၍ အာဆီယံသမဝါယမအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံများရှိ သမဝါယမအသင်းများနှင့် Online Discussion တစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇွန်လ(၃)ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ၊အင်ဒိုနီးရှားနိုင်ငံ၊ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံ၊စင်္ကာပူနိုင်ငံ၊လာအိုနိုင်ငံတို့ရှိ သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲသို့ ဗဟိုသမဝါယမအသင်းမှ အထွေထွေမန်နေဂျာ ဦးဇော်လွင်ဦး၊ ဒုတိယအထွေထွေမန်နေဂျာများ ဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်ဂျွန်ဝိုလ်၊ ဒေါ်ခိုင်လဲ့ရီ၊ ဒေါ်ခိုင်ခွေဦးနှင့် ဒေါ်ခင်မိုမိုတို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

ယခု အွန်လိုင်းဆွေးနွေးပွဲသည် အာဆီယံသမဝါယမအဖွဲ့အစည်းများအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း အာဆီယံသမဝါယမအဖွဲ့အစည်းများက ကျင်းပခဲ့သည့် ပထမအကြိမ် ဆွေးနွေးပွဲတစ်ခုဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် တစ်ကမ္ဘာလုံး၌ ဖြစ်ပေါ်နေသော COVID-19 ကပ်ရောဂါကို ကာကွယ်ရန် အာဆီယံနိုင်ငံများက မိမိတို့နိုင်ငံအလိုက် ထုတ်ပြန်ထားသော လူပုဂ္ဂိုလ်သွားလာမှု ထိန်းချုပ်အမိန့် (Movement Control Order) ကြောင့် သမဝါယမများအပေါ် အကျိုးသက်ရောက်မှုနှင့် လက်ရှိအခြေအနေသတင်းအချက်အလက်များကို မျှဝေဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ သမဝါယမမကဏ္ဍ အနေဖြင့် COVID-19 ကပ်ရောဂါကာလ MCO အချိန်အတွင်း အများပြည်သူများအတွက် လိုအပ်သော အခြေခံစားကုန်များကို လှူဒါန်းခြင်း၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဗဟိုကော်မတီသို့ ဗဟိုသမဝါယမအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များက စုစုပေါင်းကျပ် (၁၃) သန်းကျော် လှူဒါန်းခြင်း၊ သမဝါယမအသင်းအဆင့်ဆင့်ကလည်း မိမိတို့သက်ဆိုင်ရာ မြို့နယ်များတွင် ငွေကြေး၊ မျက်နှာဖုံး၊ မျက်နှာကာ၊ လက်ဆေးဆပ်ပြာနှင့် ရောဂါကာကွယ်ရေးဝတ်စုံ (PPE) တို့ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။ နိုင်ငံတော်အစိုးရက MCO ကာလအတွင်း စီးပွားရေးလုပ်ငန်းငယ်များ ထိခိုက်မှုသက်သာစေရန်နှင့် ပြည်သူများအတွက် အထောက်အကူပြုမည့် စီးပွားရေးကုစားမည့် အစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် ရှမ်းပြည်နယ် (တောင်/ရှေ့) သမဝါယမအသင်းစုချုပ်က ၎င်းဒေသထွက် သီးနှံများကို တာဝန်ခံဝယ်ယူပြီး အခြား တိုင်းဒေသ ကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ တဆင့် ၎င်းဒေသခံ ပြည်သူများသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း စသည်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ခနပျိုးခင်း

စာမျက်နှာ (၁၁) မှအဆက်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အေသူမြင့် (လက်ထောက်ညွှန်ကြားရေးမှူး) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစီးအရာရှိ ဦးတင်အေးက ဆောင်ရွက်ခဲ့ပါသည်။

အစီအစဉ်အရ သဘာပတိရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေသူမြင့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် အထူးဧည့်သည်တော်များဖြစ်သည့် ဗဟိုသမဝါယမအသင်းလိမ်တက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်က အသီးအသီး အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာ အမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုလိမ်တက်၏ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်သက်သီရိဦးက အသင်းစုဖွဲ့စည်းခွင့်ပြုပါရန်နှင့် အသင်းစည်းကမ်းအား အတည်ပြုသင့်ကြောင်း တင်သွင်းသည့်အဆိုကို အစည်းအဝေးမှအတည်ပြုပေးနိုင်ပါရန် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်ခိုင်လဲ့ရီက ထောက်ခံတင်ပြပါသည်။ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်သက်သီရိဦးကအဆိုတင်သွင်းပြီး၊ အသင်းဝင်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်ခိုင်လဲ့ရီ ထောက်ခံတင်ပြသွားသည့် အသင်းစုဖွဲ့စည်းခွင့်ပြုပါရန်နှင့် အသင်းစည်းကမ်းတို့ကို တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက သဘောတူညီကြပါသဖြင့် အစည်းအဝေးကြီးမှအတည်ပြုကြောင်းကို အခမ်းအနားမှူးက ကြေညာပါသည်။

အစီအစဉ်အရ မြန်မာအမျိုးသမီးများဖွဲ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းစုလိမ်တက်၏ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်ကျိန်စန်းလွင်က အဆိုတင်သွင်းပြီး၊ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်အေးအေးရီက ထောက်ခံတင်ပြသွားသည့် ဒါရိုက်တာအဖွဲ့ဝင် (၅)ဦး နှင့် အသင်းစာရင်းစစ် (၂) ဦး တို့ ရွေးချယ်ခြင်းကို အတည်ပြုပေးနိုင်ပါရန် တင်သွင်းသည့် အဆိုကိုအစည်းအဝေးကြီးမှအတည်ပြုပေးနိုင်ပါရန် အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်အေးအေးရီက ထောက်ခံတင်ပြပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ

၁။ဒေါ်ခင်ခင်

၂။ ဒေါ်ခင်မိုမို

၃။ဒေါ်သန်းသန်းဌေး

၄။ဒေါ်ခင်မာချို

၅။ဒေါ်မေဌေမွာမြင့်သူ

အသင်းစာရင်းစစ်အဖွဲ့

၁။ ဒေါ်ခင်မြတ်မြတ်သူ

၂။ ဒေါ်ရီရီကျော်

အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်ကျိန်စန်းလွင်က အဆိုတင်သွင်းပြီး၊ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်ကျိန်စန်းလွင်က အသင်းစု၏ အောက်ဖော်ပြပါ ဒါရိုက်တာအဖွဲ့ဝင် (၅)ဦး နှင့် အသင်းစာရင်းစစ် (၂)ဦးတို့ ရွေးချယ်ခြင်းကို အတည်ပြုပေးနိုင်ပါရန် တင်သွင်းသည့် အဆိုကိုအစည်းအဝေးကြီးမှအတည်ပြုပေးနိုင်ပါရန် အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်အေးအေးရီက ထောက်ခံတင်ပြပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ

၁။ ဒေါ်မေဌေမွာမြင့်သူ

အသင်းစာရင်းစစ်အဖွဲ့

၁။ ဒေါ်ခင်မြတ်မြတ်သူ

၂။ ဒေါ်ရီရီကျော်

အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်ကျိန်စန်းလွင်က အဆိုတင်သွင်းပြီး၊ အသင်းဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်ကျိန်စန်းလွင်က အသင်းစု၏ အောက်ဖော်ပြပါ ဒါရိုက်တာအဖွဲ့ဝင် (၅)ဦး နှင့် အသင်းစာရင်းစစ် (၂)ဦးတို့ ရွေးချယ်ခြင်းကို တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက သဘောတူညီကြသဖြင့် အစည်းအဝေးကြီးမှအတည်ပြုကြောင်းကို သဘာပတိကြီးက ကြေညာပါသည်။ အစီအစဉ်အရ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သည့် ဒေါ်ခင်မိုမို၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်တို့၏ တာဝန်ခဲ့ဝေသတ်မှတ်ခြင်းကို အောက်ဖော်ပြပါအတိုင်း ဖတ်ကြားတင်ပြပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ

၁။ ဒေါ်ခင်ခင် (ဥက္ကဋ္ဌ)

၂။ ဒေါ်ခင်မိုမို (အုပ်ချုပ်မှုဒါရိုက်တာ)

၃။ ဒေါ်သန်းသန်းဌေး(အတွင်းရေးမှူး)

၄။ ဒေါ်ခင်မာချို (အဖွဲ့ဝင်)

၅။ ဒေါ်မေဌေမွာမြင့်သူ (အဖွဲ့ဝင်)

အသင်းစာရင်းစစ်အဖွဲ့

၁။ ဒေါ်ခင်မြတ်မြတ်သူ (အဖွဲ့ခေါင်းဆောင်)

၂။ ဒေါ်ရီရီကျော် (အဖွဲ့ဝင်)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုလိမ်တက် ဥက္ကဋ္ဌသစ် ဒေါ်ခင်ခင်က မိတ်ဆက်စကားပြောကြားပြီး မြန်မာအမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းစုလိမ်တက် ဖွဲ့စည်းရေးအခမ်းအနားကို နံနက် (၁၀:၀၀) နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။ **ခနပျိုးခင်း**

စဉ်ဆက်မပြတ် ဖံ့ဖြိုးတိုးတက်ခြင်း
SUSTAINABLE DEVELOPMENT GOALS 2030

- ဆင်းရဲမွဲမရှိစေရေး
- ငတ်မွတ်ခြင်း မရှိစေရေး
- ကောင်းမွန်ကျန်းမာ ဖွံ့ဖြိုးတိုးတက်ရေး
- အဆင့်မြင့်ပညာရေး
- ကျား၊ မ သာတူညီမျှရေး
- သန့်ရှင်းရေးနှင့် မိလ္လာသန့်ရှင်းရေး
- သန့်ရှင်းစွမ်းအင် ပေးစွမ်းရေး
- မွန်မြတ်အလုပ်နှင့် စီးပွားတိုးတက်ရေး
- စက်မှုဆန်းသစ်ရေးနှင့် အခြေခံဆောက်အအုံ ဖွံ့ဖြိုးရေး
- မညီမျှမှုများ လျော့ချရေး
- မြို့ပြများနှင့် လူမှုအသိုင်းအဝိုင်းများ စဉ်ဆက်မပြတ်တိုးတက်ရေး
- စားသုံးမှုနှင့် ထုတ်လုပ်မှုအပေါ် တာဝန်ယူရေး
- ကမ္ဘာ့ပဲြလံအား ကာကွယ်စောင့်ရှောက်ရေး
- ရေအောက်သက်ရှိများ ထိန်းသိမ်းကာကွယ်ရေး
- မြေပေါ်သက်ရှိများ ထိန်းသိမ်းကာကွယ်ရေး
- ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် အဖွဲ့အစည်းခိုင်မာရေး
- ရည်မှန်းချက်များ အတွက်မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေး

နိုင်ငံတစ်ဝန်းရှိ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့က Covid-19 ကာလအတွင်း သီးနှံထုတ်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ "တောင်သူကိုကူ၊ ပြည်သူကို မေတ္တာလှူ" အစီအစဉ်ဖြင့် ရောင်းချခြင်း သတင်းစုံ

ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်၊ ကလော မြို့နယ်သမဝါယမအသင်းစုနှင့် ပူးပေါင်းဆက်သွယ်၍ ကိုဗစ်-၁၉ ကာလအတွင်း ရှမ်းပြည်နယ်ရှိ သီးနှံစိုက်ပျိုးသောတောင်သူများကို သမဝါယမမဂ္ဂဇင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပေးရန်အတွက် သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ် ပိသာခွိုင် ၁၀၀၀၀ ကိုဝယ်ယူ၍ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီနှင့် ဖာပွန်မြို့နယ်များရှိ သမဝါယမအသင်းသားပြည်သူများထံသို့ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀/- နှုန်းရှိသော်လည်း ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်မှ တစ်ထုပ်လျှင် ငွေကျပ် ၂၅၅/- နှုန်းဖြင့်သာ လတ်ဆတ်သော ဂေါ်ဖီထုပ်များကို အချိန်မီ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ COVID - 19 ရောဂါ ကာလအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်သော အသင်းသားတောင်သူများ ဝင်ငွေရရှိ ရေးနှင့် ဝန်ထမ်းများ၊အသင်းအမှုဆောင်များ၊အသင်းဝန်ထမ်းများ၊အသင်းသားများ သက်သာချောင်ချိရေးကိုရည်ရွယ်ပြီးရှမ်းပြည်နယ်တောင်ကြီးမြို့နယ်နှင့်ပင်းတယ မြို့နယ်တို့၏စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်များမှ မုန်လာထုပ် (၆၅၀၀) ထုပ်ကို တစ်ထုပ်လျှင် (၁၁၁ ကျပ် ပြား ၅၀) ကျပ်နှုန်းဖြင့် ဝယ်ယူပြီး မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် (၄၀၀) ထုပ်၊ မိတ္ထီလာမြို့နယ် (၆၀၀) ထုပ်၊ မျော်ဘွယ်မြို့နယ် (၅၀၀) ထုပ်၊ ကျောက်ပန်းတောင်းမြို့နယ် (၃၀၀၀) ထုပ်၊ ညောင်ဦးမြို့နယ် (၂၀၀၀)ထုပ် စုစုပေါင်းမြို့နယ်(၅) မြို့နယ်ရှိ အသင်းသား ပြည်သူများသို့လက်ဝယ်အရောက်သက်သာသောဈေးနှုန်းဖြင့်တစ်ထုပ်လျှင်(၁၂၀) ကျပ်နှုန်း နှင့် ရောင်းချပေးခြင်းတို့ကို သမဝါယမကဏ္ဍအနေဖြင့် ဆောင်ရွက်လျှက် ရှိကြောင်း သိရှိရပါသည်။

ယခုကာလသည် ပြည်ပသို့ပို့ကုန်တင်ပို့ရန် အခက်အခဲဖြစ်နေသော ရှမ်းပြည်နယ်ရှိ သီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီပေးရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်သည်ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်နှင့်ပူးပေါင်းချိတ်ဆက်၍ သီးနှံစိုက်ပျိုးသောတောင်သူများထံမှ ဂေါ်ဖီထုပ် အထုပ်(၇၀၀၀)ကို ဝယ်ယူ၍ ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းမြို့နယ်များရှိ သမဝါယမအသင်းသား ပြည်သူများထံသို့ သက်သာသောဈေးနှုန်းများဖြင့် ပြန်လည် ရောင်းချပေးလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရှိရပါသည်။

ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့ရှိ တောင်သူများ စိုက်ပျိုးသောသီးနှံထွက်ကုန်များသည် ကိုဗစ်-၁၉ ကာလအတွင်း ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် အခက်အခဲဖြစ်နေခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်သည် ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် လိမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ဟဲဟိုးမြို့ရှိ သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ်ပိသာခွိုင် (၁၀,၀၀၀)အား ဝယ်ယူ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နှတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မင်းလှ၊ ဆိပ်ဖြူမြို့နယ်များရှိ အခြေခံသမဝါယမအသင်းသားပြည်သူများထံ သို့ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် (၅၀၀/-)ဖြစ်သော်လည်း သမဝါယမမှ အမြတ်အစွန်းမယူဘဲ သယ်ယူပို့ဆောင်ခအပြီး ငွေကျပ် ၁၈၅/- နှုန်းဖြင့်သာ ပြန်လည်၍ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် ကယားပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ တတိယအကြိမ်အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်၊ နောင်တရားဒေသမှ တောင်သူများ စိုက်ပျိုးထားသည့် ဂေါ်ဖီထုပ် အထုပ်ရေ (၇၀၀၀)ကို မှာယူ၍ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များမှ စားသုံးသူ ပြည်သူများထံသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ရာ ဂေါ်ဖီထုပ် မှာယူလိုသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်မှာယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ စိုက်ပျိုးသီးနှံများအား ဈေးကွက်ကျဆင်းမှုမရှိစေရေးအတွက် သမဝါယမနည်းလမ်းများ ဆောင်ရွက် လျက်ရှိရာ နေပြည်တော်သမဝါယမအသင်းစုချုပ်သည် မန္တလေးတိုင်းသမဝါယမ အသင်းစုချုပ်နှင့် ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်သူများ စိုက်ပျိုးထားရှိသော ကြက်သွန်နီများကို ဝယ်ယူ၍ တစ်ပိသာလျှင် ငွေကျပ် ၅၈၀/-နှုန်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် ညှိနှိုင်း၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ် အထုပ်ရေ(၅၇၀၀)ကို ဝယ်ယူ၍ တစ်ထုပ်လျှင် ငွေကျပ် (၁၃၅/-)နှုန်းဖြင့်လည်း ကောင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များရှိ ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတစ်ဝန်းရှိ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့က Covid-19 ကာလအတွင်း သီးနှံထုတ်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ "တောင်သူကိုကူ၊ ပြည်သူကို မေတ္တာလှူ" အစီအစဉ်ဖြင့် ရောင်းချခြင်း သတင်းစုံ

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဂေါ်ဖီထုပ်(ဒေသအခေါ်မုံလာထုပ်)များ လှိုင်လှိုင်ထွက်ရှိနေသော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဈေးကွက် အတွင်း တင်ပို့ရောင်းချရန်အခက်အခဲဖြစ်ပေါ်နေမှုများကို သမဝါယမအသင်း အချင်းချင်း ချိတ်ဆက်ကျေးဇူးဖြတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း ဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်တို့မှ ချိတ်ဆက်ညှိနှိုင်း၍ ဈေးကွက်အခက်အခဲဖြစ်ပေါ်နေသော ဂေါ်ဖီထုပ် ၄၅၀၀ ထုပ် ကို ရောင်းဦးမြို့နယ်တွင် အခြေပြုသိုလှောင်၍ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ယခု လက်ရှိအချိန်တွင် ရောင်းဦးမြို့နယ်နှင့် အနီးတဝိုက်ဖြစ်သောမြောင်၊ မုံရွာ၊ အရာ တော်မြို့နယ်များရှိ သမဝါယမအသင်းသားပြည်သူများထံသို့ သက်သာသောဈေး နှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးအတွင်း အခြားမြို့နယ်များသို့ တိုးချဲ့ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ထံမှ သိရှိရသည်။

ကရင်ပြည်နယ်၊မြဝတီမြို့အမှတ်(၄)ရပ်ကွက်မြဝတီခရိုင်အစိုးရဝန်ထမ်း ပေါင်းစုံသမဝါယမအသင်း (G.E.C)အရောင်းဆိုင်သည် COVID – 19 ရောဂါဖြစ်ပွား နေသည့်ကာလအတွင်း အသင်းသားများ၊ မြို့နေပြည်သူလူထုများ လိုအပ်သည့် စားသောက်ကုန်နှင့် လူသုံး၊ အိမ်သုံး ပစ္စည်းများကို ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ဆိုင်ရာ စည်းကမ်းများကိုလိုက်နာလျက် နေ့စဉ် နံနက် (၈:၀၀)နာရီမှ ည (၈:၀၀) နာရီ အထိ (ပိတ်ရက်မရှိ)ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသားများမှ စိုက်ပျိုး ထုတ်လုပ်ထားသော သီးနှံများဈေးကွက်ရရှိစေရန်နှင့် ပြည်သူများ ဝယ်ယူစားသုံး ရာတွင် အဆင်ပြေစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်း စုချုပ်မှ ဟင်းသီးဟင်းရွက်၊ သီးနှံများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပုသိမ်မြို့ပေါ် ရပ်ကွက်များရှိ ပြည်သူများထံသို့ (၄-၆-၂၀၂၀)ရက်နေ့ နံနက်ပိုင်းမှ စတင်၍ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

COVID-19 ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြောင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သော သမဝါယမ အသင်းသားများ စိုက်ပျိုးထားသော သီးနှံများလေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်ရည် ရွယ်၍ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ အသင်းသားများစိုက်ပျိုး ထားသော ဟင်းသီးဟင်းရွက်သီးနှံများကိုဝယ်ယူ၍ သမဝါယမဦးစီးဌာနဝန်ထမ်း များနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသင်းသားပြည်သူများထံ သက်သာ သောဈေးနှုန်းများဖြင့် တစ်ဆင့်ပြန်လည်ရောင်းချပေးခဲ့ကြောင်း မန္တလေးတိုင်း ဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးထံမှ သတင်းရရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်သမဝါယမအသင်းစုမှ ကုန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သောအခြေခံစားကုန်များအား ဈေးနှုန်းချိသာစွာ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကန်ကြီး ထောင့်မြို့နယ်သမဝါယမဦးစီးဌာနရုံး၊ ကန်ကြီးထောင့်စတိုးသမဝါယမအသင်း ဆိုင်၊ ဒါးကကျေးရွာ ခိုင်ရတနာစတိုးသမဝါယမအသင်းဆိုင်နေရာများတွင် ဇွန်လ (၅)ရက်နေ့မှ စတင်၍ ဈေးနှုန်းချိသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသားများအား အတိုးမပါကုန်ကြွေး အရစ်ကျ ဆပ်စနစ်ဖြင့်လည်း ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

(၁-၆-၂၀၂၀)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်း စုချုပ် အစီအစဉ်ဖြင့် ရှမ်းပြည်နယ် ပင်လောင်း၊ ပင်းတယမြို့နယ်များရှိ သီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများထံမှ ဂေါ်ဖီထုပ် အထုပ် (၆၈၀၀)ကို ဝယ်ယူ ၍ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ ဆင်းစိန်၊ ရွှေပြည်သာ၊ ဒဂုံ(မြောက်)၊ တောင်၊ အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ လှိုင်သာယာနှင့် မြောက် ဥက္ကလာပမြို့နယ်များရှိ အခြေခံသမဝါယမ အသင်းသားပြည်သူများထံသို့ သက် သာသောဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ (၅) မှအဆက်

ကြပါသည်။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက်အမျိုးသမီး သမဝါယမသင်တန်းသားများ၏ ဘက်စုံသုံးဆယ်ပြာဆီနှင့် ချုပ်လုပ်ထားသော ကျန်းမာရေး အဝတ်နှာခေါင်းစည်း (Mask) ပြိုင်ပွဲများကျင်းပပြုလုပ်ခဲ့ရာ သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်မြတ်မြတ်သူက ပြိုင်ပွဲစည်းကမ်းများအားရှင်းလင်းပြောကြားပြီး ခိုင်အဖွဲ့များနှင့် မိတ်ဆက်ပေးခဲ့ပြီး ဖိတ်ကြားထားသည့် ခိုင်များက အကဲဖြတ်ပေးခဲ့ပါသည်။ ဘက်စုံသုံးဆယ်ပြာဆီ ပြိုင်ပွဲတွင် ပထမဆုကို ထားဝယ်မြို့နယ်၊ ရွှေဝယ်မေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ ဒုတိယဆု ကို ဘားအံမြို့နယ်၊ အောင်သပြေမွေးမြူရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊ တတိယဆုကို ဝေါမြို့နယ်၊ Five Star သမဝါယမအသင်းလီမိတက်နှင့် နှစ်သိမ့်ဆုများကို လှိုင်းဘွဲ့မြို့နယ်၊ကောင်းမြတ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊ ပဲခူးမြို့နယ် စံထိပ်ထားအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊သရက်ချောင်းမြို့နယ် မေရှင်းသန့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်တို့မှ ရရှိခဲ့ပါသည်။

ကျန်းမာရေး အဝတ်နှာခေါင်းစည်း (Mask) ပြိုင်ပွဲတွင် ပထမဆုကို သရက်ချောင်းမြို့နယ် မေရှင်းသန့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ ဒုတိယဆုကို ပဲခူးမြို့နယ် စံထိပ်ထား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်နှင့် တတိယဆုကို ကရင်ပြည်နယ်ကိုယ်စားပြုအဖွဲ့မှ ရရှိခဲ့ပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ဝင်းက "ယနေ့ကျင်းပပြုလုပ်တဲ့ အတွေ့အကြုံဖလှယ်ရေး ဆွေးနွေးပွဲတွင် ယခုလို ပြိုင်ပွဲများထည့်သွင်းကျင်းပတဲ့အတွက် မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို သိရှိလာရတဲ့အတွက် မိမိတို့၏ ထုတ်ကုန်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း။ မိမိတို့လုပ်ငန်းများအား တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊အမျိုးသမီးများ၏အခန်းကဏ္ဍဖြင့် ရရှေ့ည်တည်တဲ့အောင် ဆောင်ရွက်ကြစေ လိုကြောင်းပြောကြားရင်း အခမ်းအနားကို ညနေ (၄:၀၀) တွင် အောင်မြင်စွာပြီးစီးခဲ့ပါသည်။

သီရိမေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်

စွန့်ထွင်လုပ်ငန်းရှင်လုပ်ကြစို့ အခန်း(၅)

ကျော်ကျော် (ရေနံ့သာ)

စွန့်ထွင်လုပ်ငန်းရှင်တွေကို စွန့်စားမှုအန္တရာယ်တွေ တာဝန်ယူတဲ့ နေရာမှာ မကြောက်ရွံ့တဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ အနေနဲ့ သိထားကြပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်သူတို့အနေနဲ့ "တွက်ချက်ထားတဲ့ စွန့်စားမှုအန္တရာယ်တွေ"(CALCULATED RISKS) တွေပဲ ယူချင်ပါတယ်။ တစ်နည်းပြောရရင် သူတို့အနေနဲ့ "ဘဏ္ဍာငွေကြေးနဲ့ အသေသတ်လိုက်ရတာမျိုး (FINANCIAL SUICIDE) ဒါမှမဟုတ် အောင်မြင်မှု ရလဒ်ဖြစ်နိုင်ခြေတွေရဖို့ လောင်းကစား လုပ်ရတာမျိုး သူတို့ဘာမှမသိရတဲ့ အကြောင်းအရာတွေအပေါ်မှာ လုပ်ရပ်တွေကို တာဝန်ယူရတာမျိုး ဝိုက်ရှုးရဲ့ ဆိုတာကိုတော့ သူတို့မလုပ်ချင်ကြပါဘူး။



စွန့်စားမှုအန္တရာယ်မြင့်သည် | အလယ်အလတ် စွန့်စားမှုအန္တရာယ် | စွန့်စားမှုအန္တရာယ်နိမ့်သည်

စွန့်စားမှုအန္တရာယ်မြင့်သည်

စွန့်ထွင်လုပ်ငန်းရှင်တွေအနေနဲ့ လောကကမ္ဘာကြီးထဲမှာဖောက်ထွက်နိုင်ဖို့နဲ့ စွန့်စားမှုအန္တရာယ်တွေကို တာဝန်ယူနိုင်ဖို့ ဆင်ခြင်တုံတရားရှိကရမှာ ဖြစ်ပါတယ်။ ဒီအချက်အရ သူတို့ဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြရတာ ဖြစ်ပါတယ်။ တစ်ချို့လူတွေက ကံကောင်းပြီး မွေးလာခဲ့ကြတယ်။ အကြောင်းကတော့ သူတို့ဟာ ကမ္ဘာလောကထဲကို အောင်မြင်ဖို့ရာ အာမခံချက်အားလုံးနီးပါးရှိတဲ့ အခြေအနေတွေနဲ့ ရောက်လာကြသူတွေဖြစ်လို့ပါပဲ။

အောင်မြင်မှုတွေနဲ့ အတူကျေနပ်ခဲ့ပါသလား။ သူ့ရဲ့ကိုယ်ပိုင်ကြိုးပမ်းချက်တွေကြောင့်တော့ မဟုတ်ပါဘူး။ မိသားစုရေလုပ်ထုံးစံအရ ထုတ်လုပ်မှုတွေကို ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်များနဲ့ မိတ်ဆက်ရင်း ကျွမ်းကျင်မှုတစ်ချို့နဲ့ အတွေ့အကြုံတွေကို ပေါင်းစပ်ခဲ့ပါတယ်။ (TINIO) က အလယ်အလတ် စွန့်စားမှုတွေကို တာဝန်ယူခဲ့တယ်။ ဒီလိုနည်းနဲ့ သူ့ရဲ့ ကိုယ်ပိုင်နယ်နိမိတ်ကို ချဲ့ထွင်လိုက်ပါတယ်။

ပုဂ္ဂိုလ်ရေးဆိုင်ရာ တာဝန်ဝတ္တရား

အလယ်အလတ် စွန့်စားမှုအန္တရာယ်တွေကို ပိုမိုနှစ်ခြိုက်တဲ့ စွန့်ထွင်လုပ်ငန်းရှင်တွေရဲ့ တိမ်းညွတ်ချက်

စာမျက်နှာ (၁၉) သို့

စွန့်စားမှုအန္တရာယ်နိမ့်သည်

အလယ်ခေါင်မှာရှိတဲ့ အမှတ်က(အောင်မြင် ဖို့အခွင့် အရေးတစ် ချို့နဲ့ကျရှုံးမှုအခွင့်အရေးတစ်ချို့) ရှိနေတဲ့ အလတ် ဧရိယာနယ်ပယ်ဖြစ်ပါတယ်။ ဒီမျဉ်းကြောင်းက အခုလိုရှိနေပါလိမ့်မယ်။

စွန့်စားမှုအန္တရာယ် နည်းပါးတဲ့ နမူနာတစ်ခုက သင့်ရဲ့စုဆောင်းငွေကို တည်ငြိမ်နေတဲ့ ဘဏ်သေးသေး တစ်ခုမှာအပ်နှံတာမျိုးဖြစ်ပါတယ်။ သင့်ရဲ့ သင့်စုဆောင်းငွေကနေရမယ့် အတိုးငွေရရှိဖို့က သေချာသလောက်ပါပဲ။ တစ်ခုတည်းသော စွန့်စားမှုအန္တရာယ်က အကယ်၍ ဘဏ်ကဒေဝါလီခံသွားခဲ့ရင်ဆိုတာမျိုး ရှိနိုင်ပါတယ်။ ဒီကိစ္စမျိုးမှာကိုပဲ သင့်ရဲ့စုဆောင်းငွေပမာဏ တစ် ချို့က အတိုင်းအတာပမာဏတစ်ခုအထိ အာမခံချက်ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စွန့်စားမှုအန္တရာယ်နိမ့်တဲ့ လုပ်ငန်းက ပြန်ရရှိချက်တွေက အလွန်အကန့် အသတ်နဲ့ ဖြစ်နေသလို ဒါမှမဟုတ် အနည်းအပါးပဲဖြစ်ပါတယ်။ ဒါကလည်း ဘာကြောင့် လဲလို့ပြောရင် ရိုးရိုးသာမာန်ငွေကြေးရှာရုံထက်စာရင် စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ တစ်ဦးချင်းစီက (အသက်မွေးဝမ်းကျောင်းတွေ အပါအဝင်) လုပ်ငန်းရပ်တွေကို လွတ်လပ်မှုနဲ့ ပင်ကိုယ်စိတ်ချမ်းသာမှုအတွက် စိတ်ပိုင်းဆိုင်ရာ ကျေနပ်မှုတွေ ရဖို့ ဖြစ်ပါတယ်။

စွန့်ထွင်လုပ်ငန်းရှင်တွေက အလယ်အလတ် စွန့်စားရမှုတွေကို ပိုမိုနှစ်သက်ကြတယ်

ဘယ်ဘက်ကနေ ညာဘက်ကိုဆွဲထားတဲ့ မျဉ်းတစ်ကြောင်းကို သင်မှန်းဆနိုင်ပါသလား?ဟုတ်ပါပြီ။လူသားလုပ်ငန်းရပ် တစ်ခုခုထဲမှာ စွန့်စားမှုအန္တရာယ်ပမာဏ ထင်ဟပ်နေတဲ့အနေနဲ့ ဒီမျဉ်းကြောင်းကို အခု မှန်းဆကြည့်ကြရအောင်။ ဒီလိုမှပဲ ဘယ်ဘက်အကျဆုံး အမှတ်က(အောင်မြင်မှုအာမခံတဲ့) စွန့်စားမှု အန္တရာယ်နည်းနည်း ဒါမှမဟုတ် မရှိဘူးလို့မှတ်ယူပြီး ညာအစွန်ဆုံးအမှတ်က(ကျရှုံးမှုအတွက်အာမခံတဲ့) စွန့်စားမှုအန္တရာယ်အမြင့်ဆုံးရှိနေတယ်လို့ မှတ်ယူနိုင်မှာဖြစ်တယ်။

အလယ်အလတ် စွန့်စားမှုအန္တရာယ်ရှိတဲ့ လုပ်ငန်းရပ်တွေကထွက်ပေါ်လာမဲ့ရလဒ်တွေဟာ လူတစ်ယောက်ရဲ့ ကျွမ်းကျင်မှုတွေ ကြိုးပမ်းအားထုတ်မှုတွေအပေါ်မှာ ကြီးကြီးမားမားမှီတည်နေခြင်းပဲ ဖြစ်တယ်။ ကံတရားတစ်ချို့ ပါဝင်ပတ်သက်ကောင်း ပါဝင်ပတ်သက်နိုင်ပါတယ်။ ဒါပေမဲ့ အခွင့်အရေးရဲ့ သက်ရောက်မှုက လူပုဂ္ဂိုလ်က ထည့်ဝင်ထားတဲ့ကျွမ်းကျင်မှုတွေ ဒါမှမဟုတ် အားထုတ်မှုတွေကြောင့် နည်းပါးပါလိမ့်မယ်။ ဒါမှ ပြန်ရရှိချက်ဆိုတာက သူ့ရဲ့ကိုယ်ပိုင်တာဝန်ဝတ္တရားပဲဖြစ်ပါတယ်။

စွန့်စားမှုအန္တရာယ်နိမ့်တဲ့ လုပ်ရပ်တစ်ခုရဲ့နမူနာက ထီလက်မှတ်တွေမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှု ဖြစ်တယ်။ ကိစ္စရပ်အားလုံးနီးပါးမှာ ရင်းနှီးမြှုပ်နှံမှုအပေါ်ပြန်ရရှိချက်တွေက အလွန်မြင့်မားနေတဲ့ အခိုက်မှာပဲ အောင်မြင်မှု အခွင့်အရေးတွေ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုတွေအပေါ် ပြန်ရရှိချက်တွေ စဉ်းစားရသလောက်တော့ သုညနီးပါး ဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အလားတူ လုပ်ငန်းရပ်တွေမှာ အလွန်အမင်း ထူးခြားထင်ရှားတာက ဘာလဲဆိုရင် အလားတူလုပ်ငန်းရပ်တွေရဲ့ ပြန်ရရှိချက်တွေက အဓိကအားဖြင့် ကံတရားအပေါ်မှာ အခြေခံထားပြီး သေချာပေါက်ပြစ်မှု အားလုံးနီးပါးက တာဝန်ယူလုပ်ကိုင်တဲ့လူရဲ့ ကျွမ်းကျင်မှုတွေ ဒါမှမဟုတ် ကြိုးပမ်းအားထုတ်မှုတွေနဲ့ စိုးမိုးလို့ မရနိုင်တာပဲဖြစ်တယ်။

အလယ်အလတ် စွန့်စားမှုအန္တရာယ်ရှိသည်

စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ အရည်အသွေးတွေ

ရှေ့ကဆောင်းပါးမှာ စွန့်ထွင်လုပ်ငန်းရှင်တွေလုပ်တဲ့ ထူးခြားတဲ့ အမယ်စုံလုပ်ငန်းတွေ အကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်ပါတယ်။ အခု ဆောင်းပါးမှာ စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ လုပ်ငန်းဆောင်တာတွေကို တာဝန်ယူလုပ်ကိုင်လိုစိတ်ရှိတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှာရှိတဲ့ ယေဘုယျ အရည်အသွေးတွေအကြောင်း အဓိပ္ပါယ်ဖွင့်ဆိုပြီး ဆွေးနွေးရေးသားသွားမှာ ဖြစ်ပါတယ်။

စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ ပင်ကိုယ်အရည်အသွေးတွေကို ဘာတွေကပဲဖော်ပေးလိုက်တာပါလဲ? စွန့်ထွင်လုပ်ငန်းရှင်တွေမှာ ယေဘုယျအားဖြင့် ပင်ကိုယ်စရိုက်လက္ခဏာ (၆)ခု ရှိပါတယ်။ (၁) သူက "အလယ်အလတ်" (MODERATE) "စွန့်စားမှုအန္တရာယ်တွေ" (RISKS)ကို တာဝန်ယူသူဖြစ်တယ်။ (၂) သူ့ရဲ့ ကိုယ်ပိုင်လုပ်ရပ်တွေအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာတာဝန်ဝတ္တရားတွေကိုယူလိုသူဖြစ်တယ်။ (၃) သူမှာ ပင်ကိုယ်ထိန်းချုပ်မှု" (SELF- CONTROL) ရှိတယ်။ (၄) သူ့အနေနဲ့ တစ်ခြားလူတွေဆီက သူ့ရဲ့ကိုယ်ပိုင်လုပ်ဆောင်ချက်တွေအပေါ်မှာ တိကျခိုင်မာတဲ့ "သတင်းပြန်ပို့ချက်" (FEED BACK) တွေကို ရယူချင်သူဖြစ်တယ်။ (၅) လူတွေထက်အရင် သူ့အနေနဲ့ ပြဿနာတွေ ဒါမှမဟုတ် စွန့်စားမှုအန္တရာယ်တွေ အပေါ်မှာ ပိုပြီးအလေးထားသူ ဖြစ်တယ်။ ဒုံအပြင် နံပါတ်(၆) အနေနဲ့ သူက ပြီးမြောက် အောင်မြင်မှုဆီကို ဦးတည်သူဖြစ်တယ်။

ဒီအရည်အသွေး (၆) ရပ် အပေါ်မှာ တစ်ခုချင်းစီအနီးကပ် မလေ့လာခင်မှာ ဒီအရာတွေဟာ စွန့်ထွင်လုပ်ငန်းရှင်အတွက် သီးသီးသန့်သန့် ရှိနေတာ မဟုတ်ဘူးဆိုတဲ့ အပေါ်မှာ အလေးအနက် ထားသင့်ပါတယ်။ ဒီစရိုက်လက္ခဏာအားလုံး ဒါမှမဟုတ် တစ်ခုခုက စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ ဒါမှမဟုတ် အလားတူစီးပွားရေးလုပ်ငန်း တစ်ခုခုကနေ အလုပ်မံဝေးတဲ့ တစ်ခြား အသက်မွေးဝမ်းကြောင်းမှ လုပ်ကိုင်နေသူတွေဒါမှမဟုတ် အခြားသော နေထိုင်မှုဘဝကလူတွေရဲ့ အလုပ်အကိုင် အခြေအနေတွေမှာလည်း တွေ့နိုင်ပါတယ်။ နမူနာအားဖြင့် လူမှုရေးလုပ်သားတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေက လူတွေနဲ့ ကဗျာဆရာတွေက စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ အရည်အသွေး တွေထဲက တစ်ခုဒါမှမဟုတ် နှစ်ခု ဒါမှမဟုတ် အရည်အသွေးတွေအားလုံး ပိုင်ဆိုင်ထားပြီး သူတို့ရဲ့ နယ်ပယ်တွေမှာ အကောင်းဆုံးလုပ်ကိုင်နေကြသူတွေ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယေဘုယျပြောကြေးဆိုရင် ဒီစွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ အရည်အသွေးတွေရှိနေပြီး စီးပွားရေးလုပ်ငန်းထဲမှာမရှိကြတဲ့လူတွေဟာ မကြာခဏဆိုသလို မကျေမနပ်ဖြစ်နေကြသူတွေ ဖြစ်ကြပါတယ်။ ဒါကလည်း ဘာကြောင့် လဲလို့ပြောရင် ရိုးရိုးသာမာန်ငွေကြေးရှာရုံထက်စာရင် စွန့်ထွင်လုပ်ငန်းရှင်ဆိုင်ရာ တစ်ဦးချင်းစီက (အသက်မွေးဝမ်းကျောင်းတွေ အပါအဝင်) လုပ်ငန်းရပ်တွေကို လွတ်လပ်မှုနဲ့ ပင်ကိုယ်စိတ်ချမ်းသာမှုအတွက် စိတ်ပိုင်းဆိုင်ရာ ကျေနပ်မှုတွေ ရဖို့ ဖြစ်ပါတယ်။

စွန့်ထွင်လုပ်ငန်းရှင်တွေက အလယ်အလတ် စွန့်စားရမှုတွေကို ပိုမိုနှစ်သက်ကြတယ်

ဘယ်ဘက်ကနေ ညာဘက်ကိုဆွဲထားတဲ့ မျဉ်းတစ်ကြောင်းကို သင်မှန်းဆနိုင်ပါသလား?ဟုတ်ပါပြီ။လူသားလုပ်ငန်းရပ် တစ်ခုခုထဲမှာ စွန့်စားမှုအန္တရာယ်ပမာဏ ထင်ဟပ်နေတဲ့အနေနဲ့ ဒီမျဉ်းကြောင်းကို အခု မှန်းဆကြည့်ကြရအောင်။ ဒီလိုမှပဲ ဘယ်ဘက်အကျဆုံး အမှတ်က(အောင်မြင်မှုအာမခံတဲ့) စွန့်စားမှု အန္တရာယ်နည်းနည်း ဒါမှမဟုတ် မရှိဘူးလို့မှတ်ယူပြီး ညာအစွန်ဆုံးအမှတ်က(ကျရှုံးမှုအတွက်အာမခံတဲ့) စွန့်စားမှုအန္တရာယ်အမြင့်ဆုံးရှိနေတယ်လို့ မှတ်ယူနိုင်မှာဖြစ်တယ်။

စွန့်ထွင်လုပ်ငန်းရှင်လုပ်ကြစို့ အခန်း(၅)

ဒီမိုကရေစီ တာဝန်များ

ဟိန်းလတ်

အခွင့်အရေးကို မိမိကသာ ရယူရန်မဟုတ်။ ဒီမိုကရေစီစနစ်အောက်တွင် နိုင်ငံသား တိုအတွက် အခွင့်အရေးများစွာရှိကြသည်။ သို့သော် ထိုအခွင့်အရေးသည် တာဝန်နှင့် ကင်းရှင်းလာခြင်းမျိုး မရှိပေ။ အခွင့်အရေးတိုင်း သည် တာဝန်နှင့် ယှဉ်တွဲ၍လာကြသည်။ ဥပမာ လူတစ်ယောက်သည် အသက်ရှင်သန်ခွင့်ရှိသည်ဆိုလျှင် ထိုသူသည် အခြားသူများ၏ အသက်ရှင်သန်ခွင့်ကိုလည်း လေးစားပေးရန် တာဝန်ရှိသည်။ တစ်နည်းအားဖြင့် အခြားသူများ၏အသက်ရှင်သန်ခွင့်ကိုလေးစားသောအားဖြင့် ထိုသူတို့အား သတ်ဖြတ်ခြင်းကို ရှောင်ကြဉ်ရန် တာဝန်လည်းရှိသည်။ ထို့ကြောင့် အခွင့်အရေးများသည် တာဝန်ကို အမှန်တကယ်ထမ်းဆောင်မှုရှိမှသာ အနှစ်သာရပြည့်ဝမည်ဖြစ်သည်။ တာဝန်ဆိုသည်မှာ လူတစ်ယောက်အနေဖြင့် ဥပဒေအရသော်လည်းကောင်း ကျင့်ဝတ်ပိုင်းအရသော်လည်းကောင်း လုပ်ဆောင်ရမည့် အရာကိုဆိုလိုသည်။ သို့ဖြစ်၍ တာဝန်ကို ၂ မျိုး ခွဲခြားနိုင်သည်။ ဥပဒေအရ "မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်" နှင့် "မိမိစိတ်စေတနာအလျောက် ကျင့်ဝတ်ပိုင်းအရ လုပ်ဆောင်ရမည့် တာဝန်ဟူ၍ ဖြစ်သည်။

ဒီမိုကရေစီစနစ် လက်အောက်ရှိ နိုင်ငံသား တစ်ယောက်သည် ဒီမိုကရေစီ အခွင့်အရေးများကိုရရှိခံစားလိုလျှင်ဒီမိုကရေစီရှိတာဝန်များကိုလည်းကျေပွန်စွာထမ်းဆောင်ဖို့လိုပေလိမ့်မည်။ ဥပမာ - နိုင်ငံသားတစ်ယောက်သည် ဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရရှိခံစားလိုလျှင် မိမိကိုယ်တိုင်က တရားဥပဒေကို လေးစားလိုက်နာဖို့လည်း တာဝန်ရှိသည်။ နိုင်ငံသားတစ်ယောက်သည် လွတ်လပ်စွာ တွေးခေါ်ပြောဆိုခွင့်ရှိသလို သူတစ်ပါး အကျိုးစီးပွားကို ပျက်စီးစေမည့် အပြောအဆိုမျိုးကို ရှောင်ရှားရန်လည်း တာဝန်ရှိသည်။ လွတ်လပ်စွာ စည်းရုံး စုဝေးခွင့်ရှိသလို အများပြည်သူတို့၏ အကျိုးနှင့် လုံခြုံမှုကို ထိပါးပျက်စီးစေတတ်သည့် စည်းရုံးမှု၊ စုဝေးမှုမျိုး ကို ရှောင်ရှားရန်လည်း တာဝန်ရှိသည်။ မိမိက လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသလို အခြားသူတို့၏ လွတ်လပ်စွာကိုးကွယ်ခြင်းကိုလည်း အနောင့်အယှက်မပြုရန် တာဝန်ရှိသည်။ နိုင်ငံသားတို့၏တာဝန်များကို သက်ဆိုင်ရာနိုင်ငံများက ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားလေ့ရှိကြသည်။

ပြည်သူ့တာဝန်

ပြည်သူပြည်သားများ၌ အခွင့်အရေးများရှိသကဲ့သို့ တာဝန်ဝတ္တရားများလည်း ရှိပေသေးသည်။ ပြည်သူ့အခွင့်အရေးများ အရေးကြီးသည့်အတိုင်း ပြည်သူ့တာဝန်များလည်း အရေးကြီး၏။ အရေးကြီးသော ပြည်သူ့ တာဝန်များကား -

၁။ တရားဥပဒေကို ရိုသေလေးစားခြင်း

တရားဥပဒေကို လေးစားလိုက်နာခြင်းသည် ပြည်သူပြည်သားတို့၏ ပထမဆုံးတာဝန်ဖြစ်၏။ ပြည်သူပြည်သား ကောင်းဖြစ်ရန် ပထမဆုံး တရားဥပဒေကို လိုက်နာရမည်။ မည်သူမဆို တရားဥပဒေကို ကိုယ်တိုင် လိုက်နာသည်သာမက သူတစ်ပါးအားလည်း လိုက်နာရန် တိုက်တွန်းရမည်။ တရားဥပဒေကို လိုက်နာခြင်းမှာပြည်သူပြည်သား၏ကောင်းကျိုးအဖို့သာဖြစ်သည်။တရားဥပဒေကို လေးစားသူသာလျှင် လူပေါင်းစု၏ကောင်းကျိုးကို လိုလားသူဖြစ်၏။

၂။ နိုင်ငံတော်အား သစ္စာစောင့်ခြင်း

မည်သူမဆို မိမိ၏အကျိုးနှင့် နိုင်ငံ၏အကျိုးကို ထပ်တူထပ်မျှ ထားရမည်။ ရာဇဝတ်မှုများ နည်းနိုင်သမျှ နည်းစေရန် အစိုးရအား ကူညီရမည်။ အစိုးရအား တော်လှန်သော ပြည်တွင်းသူပုန်များအား နှိမ်နင်းရာ၌ ကူညီရမည်။ နိုင်ငံခြားမှ ကျူးကျော်လာရောက်တိုက်ခိုက်ခြင်းမှ ကာကွယ်ရမည်။ စစ်မက်ဖြစ်ပွားခိုက်စစ်တပ်ထဲသို့မည်သည်ဘဲဝင်ရောက်အမှုထမ်းရမည်။နိုင်ငံတော်အစိုးရကလည်း နိုင်ငံသားများအား စစ်အတွင်းစစ်ထဲသို့ဝင်ရန် အဓိန့်ထုတ်နိုင်သည်။ မိမိနိုင်ငံတော်ကြီးကို ကာကွယ်ရာ၌ အသက်ကို စွန့်ရန် အဆင်သင့်ရှိခြင်းပင်လျှင် နိုင်ငံတော်၏ သစ္စာတော်ကို စောင့်သည်မည်၏။

၃။ အခွန်ပေးဆောင်ခြင်း

နိုင်ငံတော်အစိုးရအဖွဲ့ကိုဖွဲ့စည်း၍ ဌာနအသီးသီးခွဲခြားပြီးလျှင် လုပ်ကိုင် ဆောင်ရွက်နေသည်မှာ ပြည်သူပြည်သားများ ကောင်းကျိုးသာဖြစ်ကြောင်း အမြဲသတိထားကြရပေမည်။ အစိုးရ၏ လုပ်ငန်းတည်းဟူသော အုပ်ချုပ်ရေး စက်ယန္တရားကြီးကို မောင်းနှင်ရန် စရိုက်စကအတွက် ဘဏ္ဍာတော်ငွေ ရရှိပေမည်။ ၎င်းစရိုက်စကအလို့ငှာ တရားဥပဒေအရ ကောက်ခံသော အခွန်ကို ပြည်သူပြည်သားများက မယုကာမကွက် ကြည်ဖြူစွာ ထမ်းဆောင်ရမည်။

၄။ မဲဆန္ဒကို မှန်ကန်စွာအသုံးပြုခြင်း

ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးခြင်းမှာ ပြည်သူ့တာဝန်တစ်ခုဖြစ်၏။ မဲဆန္ဒကို ဆင်ခြင်စဉ်းစားသတိနှင့်သုံးရမည်။ဒီမိုကရေစီတွင်ပြည်သူပြည်သားတိုင်း နိုင်ငံအုပ်ချုပ်ရေးအာဏာကို မဲဆန္ဒဖြင့်ရကြ၏။ မဲဆန္ဒကို မလေးစားကြလျှင် နိုင်ငံ၌ အစိုးအဖွဲ့ကောင်းကို မရနိုင်။ မဲဆန္ဒပေးစဉ်အခါက တိုင်းသူပြည်သားများ၏ ကောင်းရေး ဆိုရေးမှာ ထိုမဲဆန္ဒအပေါ်တွင် မူတည်သည်ကိုနားလည်ကြရမည်။ ထို့ကြောင့် အဂတိလေးပါးလိုက်စား၍ မဲဆန္ဒကို အလွဲသုံးစားမပြုရန် အထူးအရေးကြီးပေသည်။

၅။ ပညာသင်ကြားရေးတာဝန်

ပြည်သူပြည်သားတိုင်းပင် မိမိ၏သားသမီးများအား အနည်းဆုံး မူလတန်းပညာ သင်ကြားပေးရန် တာဝန်ရှိသည်ကို နားလည်ပေးရမည်။ တိုးတက် ကြီးပွားလျက်ရှိသော ယခုခေတ် နိုင်ငံတော်ကြီးများတွင် မူလတန်း ပညာမသင်မနေရဥပဒေကို အတည်ပြုထားကြ၏။ အချို့နိုင်ငံကြီးများ၌ အထက်တန်းပညာကို မသင်မနေရ ပြုလုပ်ထားချေပြီ။

၆။ ပြည်သူ့ဝန်ထမ်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း

လူပေါင်းသင်းစုအကျိုးရှိစေရန်တတ်နိုင်သမျှလုပ်ကိုင်ဆောင်ရွက်ရာမှာပြည်သူ့တာဝန်ကြီးတစ်ခု ဖြစ်ပေသည်။ ပြည်သူ့ဝန်ထမ်းလုပ်ငန်းများကို တာဝန်ယူရန် လိုအပ်သောအခါ မတွန့်မဆုတ်ဘဲ ထို တာဝန်များကို ကြည်ဖြူစွာလက်ခံရပေမည်။ ဤကား လူတိုင်း၌ရှိအပ်သော မျိုးချစ်စိတ်ပေတည်း။ မြူနီစပါလိတီလုပ်ငန်းများ၊ အသင်းအဖွဲ့လုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရောက်ပြီ ပါဝင်ရောက် ဆောင်ရွက်ရမည်။

ဖြိုးရေးကိစ္စ၊ ပြည်ရေးကိစ္စတို့ကို နည်းမှန်လမ်းမှန် အထစ်အငေါ့မရှိ ချောမောစွာ မဆောင်ရွက်နိုင်ခြင်းမှာ မျိုးချစ်စိတ် မရှိမှုကြောင့်ဖြစ်ပေသည်။ ပြည်သူ့ဝန်ထမ်းလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ဝင်ရောက် မလုပ်လိုခြင်း၊ စိတ်ပါကိုယ်ပါ မလုပ်လိုကြခြင်းကြောင့် လူမသမာတစ်ကိုယ်ကောင်းသမားများသာ ဝင်ရောက်လုပ်ကိုင်၍ ရရှိသောသြဇာအာဏာများကို ၎င်းတို့ ကိုယ်ကျိုးအတွက် အသုံးပြုကြလေသည်။

ဖော်ပြပြီးသော တာဝန်များမှတပါး အခြားတာဝန်များမှာ မိမိအိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားခြင်း၊ ကူးစက်တတ်သော ရောဂါများကို ကာကွယ်တိုက်ခိုက်ရာ၌ ကူညီခြင်း၊ ပြည်သူ့ထောက်ပံ့ရေးတွင် ကူညီခြင်း၊ မိမိနိုင်ငံ ထွက်ကုန်ပစ္စည်းများကို အားပေးခြင်းများ ဖြစ်၏။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပါဝင်သော မြန်မာနိုင်ငံသားတို့၏ အခွင့်အရေးများ

၃၄၇။ ဥပဒေရှေ့မောက်တွင် တန်းတူညီမျှမရှိခြင်း။

၃၄၈။ ခွဲခြားဆက်ဆံခံရမှု ကင်းလွတ်ခွင့်ရှိခြင်း (လူမျိုး၊ မျိုးရိုးဇာတိ၊ ကိုးကွယ်ယုံကြည်မှု ဘာသာ၊ လူမှုအဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား/မကွဲပြားမှု၊ ဥစ္စာဓနပိုင်ဆိုင်မှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှု မပြုရခြင်း)

၃၄၉။ တန်းတူအခွင့်အရေးရှိခြင်း (ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ် ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု)

၃၅၀။ လုပ်ငန်းခွင်တွင် အမျိုးသမီး၊ အမျိုးသားလေ့ကျင့်ခွင့် အခွင့်အရေး တန်းတူညီမျှရှိခြင်း။

၃၅၁။ မိခင်များ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးများ တန်းတူညီမျှခံစားခွင့် ရှိခြင်း။

၃၅၂။ အစိုးရဝန်ထမ်းခန့်ထားမှုတွင် ခွဲခြားဆက်ဆံမှုမပြုရခြင်း (ခြွင်းချက်။ ။ အမျိုးသားများအတွက်သာ သင့်တော်သော အလုပ်အကိုင်များမှတစ်ပါး)

၃၅၃။ အသက်ရှင်သန်ခွင့်နှင့် တစ်ကိုယ်ရည်လွတ်လပ်ခွင့် (ကာယကံရှင်သည် အခြားဥပဒေတစ်ခုခုအား မချိုးဖောက်သမျှ ကာလပတ်လုံးခံစားခွင့်ရှိခြင်း)

၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပေဒ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ်ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိခြင်း၊

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်

(ဂ) အသင်းအဖွဲ့များ၊ အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်

(ဃ) ခွဲခြားဆက်ဆံမှုမျိုးမဖြစ်စေဘဲ မိမိတို့၏တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ် ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများကို တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခွင့် ၊

၃၅၅။ မည်သည့်အရပ်၌မဆို လွတ်လပ်စွာအခြေချနေထိုင်ခွင့်

၃၅၆။ ပိုင်ဆိုင်မှုများအား ဥပဒေအရအကာအကွယ်ရယူပိုင်ခွင့်

၃၅၇။ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှု

၃၅၈။ ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုအားတားမြစ်ခြင်း။

၃၅၉။ အဓမ္မနိုင်းစေခြင်းအား တားမြစ်ခြင်း (ပြစဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်နိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် တာဝန်ချထားပေးခြင်းမှ တပါး)

၃၆၀-၃၆၄။ လွတ်လပ်စွာ ယုံကြည်ခွင့်နှင့်ကိုးကွယ်ခွင့် (ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရား နှင့် ကျန်းမာရေးအလို့ငှာ ပြဋ္ဌာန်းထားသောဥပဒေများနှင့် မဆန့်ကျင်လျှင်) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာရေး ကိုအလွဲသုံးစားပြုခြင်းမျိုးကိုတားမြစ်သည်)

၃၆၅။ မိမိအဖြတ်တန်းထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ခွင့်ရှိခြင်း။

၃၆၆။ ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေအခြေခံပညာကို အခမဲ့သင်ကြားခွင့်ရှိခြင်း

၃၆၇။ (နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးမူဝါဒနှင့်အညီ) ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိခြင်း

၃၆၉။ (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ) လွတ်တော်များတွင် ရွေးချယ်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိခြင်း)

၃၇၀-၃၇၁။ စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာလုပ်ကိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့်

စာမျက်နှာ (၁၈) သို့

ကျွန်တော်နှင့် Home Stay ဒိုင်ယာရီ

နိုင်ဇော် (Lazy Club)

"ခနဖျိုးခင်း" ဂျာနယ်က ကျွန်တော့်ဆီ ကိုဗစ်ကာလအပြီး (တကယ်တော့ ပြီးခါနီးစောချင်နေချိန်) အလုပ်တွေပြန်စဖို့ တာစူနေချိန် စာမူလေး ပေးပါဆိုပြီး Facebook messenger က တောင်းလာလို့ (၂) လ ကျော် ကျော်လောက် စာမရေးဘဲ အပျင်းကြီးခဲ့တဲ့ ကျွန်တော် (ဂျာနယ်တွေက ရပ်သွားတာမို့ စာမရေးဖြစ်တော့တာ) ဒီမနက်တော့ စာပြန်ရေးဖို့ ကြိုးစားရပါတော့တယ်။ သူတို့ အယ်ဒီတာဘက်က သမဝါယမအကြောင်း (အထူးထုတ်) ဖြစ်နေလို့ရေးပေးပါဆိုပေမယ့် ကျွန်တော့်ရဲ့ တကယ့်ဘဝက ဂီတသမားဖြစ်နေလို့ ဂီတအတွေ့အကြုံလေးတွေ၊ လူမှုဘဝအလွဲလေးတွေပဲ ရေးတတ်သလို ရေးနေတဲ့ ကျွန်တော့်အတွက် နည်းနည်းတော့ ခက်နေတာလည်း ဝန်ခံပါတယ်။

ကျွန်တော့်ရဲ့ စာရေးခြင်း ရည်ရွယ်ချက်ထဲမှာ ကိုယ်ရေးတဲ့စာဖတ်တဲ့ ပရိသတ်ဆောင်းပါးအဆုံးမှာ ဘာမှ ရေရေရာရာ မကျန်ခဲ့ဘူး။ ပိုက်ဆံသက်သက်ရဖို့ စာရေးပြီး၊ ပြီးတော့ ဘာမှလည်းမဟုတ်ဘူးဆိုတဲ့ စာမူမျိုးက မရေးတာ ပိုကောင်းတယ်ဆိုတဲ့စိတ် သူများရဲ့အချိန် ငါးမိနစ်လောက် ကိုယ်ရေးတဲ့ စာကြောင့် နောင့်ယှက်သလို မဖြစ်ရအောင် အဓိပ္ပါယ်ရှိတဲ့စာ၊ အကျိုးရှိမယ့်စာ ဖြစ်အောင် အမြဲအချိန်ကုန်ခံ (ကိုယ်ကလည်း ဂစ်တာကျင့်ရမယ့်အချိန်ဖဲ့ပြီး စာရေးရတာ အချိန်နှမျောလို့ပါ) စာရေးရလို့အခုလည်း ဘာအကြောင်းရေးမလဲ စဉ်းစားရင်း ကိုဗစ်ကာလ စတင်ကာစ ကျွန်တော့်ရဲ့ Facebook Page မှာ ကိုယ်တိုင် ဖန်တီးပြီး သီချင်းအသစ်လေးတွေ ရေး၊ ဆို၊ တီး (တကယ့် Professional) ပုံစံအဆုံး (၅) သိန်းလောက် မကုန်ဘဲ မရနိုင်တဲ့ သီချင်း (၁၄) ပုဒ် (Home Stay 14) လို့ နာမည်ပေးတဲ့သီချင်း (တကယ်တော့ အကျိုးပြုတွေပါ) ကိုယ့်စိတ်နဲ့ကို ယ်တင်ခဲ့တဲ့ကိစ္စလေး ပြန်သတိရမိသွားပါတယ်။

လူတွေဟာ ဧပြီလ (၁၀) ရက် နေ့ကစပြီး သက်ဒိန်လည်းကျတော့မှာမို့ အိမ်တွေ ပြန်ကြဖို့ ရန်ကုန်ဖြို့ကြီးဟာ တကယ့်ကို တဏ္ဍောမြို့ (Ghost Town) ဖြစ်သွားပါတော့တယ်။ အဲဒီအချိန် အိမ်မှာပဲ တစ်နေကုန် ဖြတ်သန်းဖို့ အချိန်အလပ်ဘာမဖြစ်ချင်တဲ့ ကျွန်တော် (၂) ရက် (၃) ရက်အတွင်း သီချင်းအသစ်တစ်ပုဒ်ရအောင် ကိုယ်တိုင်ရေး (စာသားကတော့ ကိုယ့်စာသား) သံစဉ်က ကျွန်တော်နှစ်သက်ပြီး ဒီနိုင်ငံမှာ မဆို ဖူးသေးတဲ့ သီချင်းအသစ်တွေကို စီးရီးအလွေတီး သလို တစ်ယောက်ထဲ အသံဖမ်း၊ ဂစ်တာတီး၊ Mixing ဆွဲ စသဖြင့် Home Stay အချိန်ကို အဓိပ္ပါယ်ရှိအောင် အသုံးချလိုက်တာ အခုလို Home Stay ပြီးဆုံးမယ်လို့ ပထမကြေညာတဲ့ မေ (၁၅) ရက် နေ့မှာ သီချင်း (၁၄) ပုဒ်မြောက် တင်ပေးပြီး သီချင်းအသစ် ဖန်တီးတင်ဆက်မှုကို Joox App ကနေ အခြားသူတွေ နားထောင်နိုင်ဖို့ တင်ပေးခဲ့ပါတယ်။

ကျွန် တော် ကတော့ သီချင်းအသစ်တွေ ဖန်တီးရတာ ဝါသနာပါသူဖို့ ကျေနပ်မိသလို သီချင်းလည်း ရေးတတ်ပါရက်နဲ့ အလုပ်တွေများ၊ စာတွေရေးနေရလို့ မရေးခဲ့ရတာ အခုလို အားလပ်ချိန်မှတ်တမ်း၊ ယခုအနေနဲ့ ဖန်တီးခဲ့ရတာ ကျေနပ်မိပါတယ်။ တစ်ခါ သီချင်းဆိုတဲ့အလုပ်ကို အဆိုတော်တွေ၊ ဝါသနာရှင်တွေအတွက် အမြဲကောင်းအောင် ဖန်တီးပေးခဲ့တာ။ အခုမှ ကိုယ်တိုင်ဆိုဖြစ်တော့ သူတို့ဆိုချိန် အခက်အခဲတွေကို သိပြီး ကိုယ် ဘယ်လိုပြင်ဆင်ရမယ်၊ဘယ်လိုအသံကိုထိန်းသိမ်းရမယ်၊ ဘယ်လိုလေ့ကျင့်သင့်တယ် စတဲ့ အနေအထားတွေပါ။ အတွေ့အကြုံထဲက သင်ခန်းစာယူမိပါတယ်။ တစ်ခါ သီချင်းတစ်ပုဒ်ကို အသံအားလုံးပေါင်းစပ်ပေးတဲ့ Mixing ပညာရပ်ကို အစကနားလည်ပေမယ့် အချိန်မပေးနိုင်လို့ မလုပ်ဖြစ်ခဲ့တာ။ အခုတော့ သိသမျှတွေရော မသိသေးတာတွေရော ပေါင်းစပ်လေ့လာပြီး စမ်းသပ်ဆွဲရင်း နဲ့ တော်တော်လေး အဆင်ပြေလာပါတော့တယ်။ အားလုံးစုပေါင်းမှုရဲ့ အသီးအပွင့်အနေနဲ့ ရေး၊ ဆို၊ တီး၊ အသံဖမ်း၊ ထုတ်လုပ် အလွှာ (၅) လွှာလုံး ပေါင်းစပ်မှုရရှိမယ့် ဂီတသမဝါယမစနစ်ကို အခုလို တစ်ယောက်တည်း ပုဂ္ဂလိက သမဝါယမလို (တင်စားပြီး ရီစရာပြောတာနော်) သီချင်းဖန်တီးခဲ့တာ အချို့ကလည်း အရူးထတယ်၊ အသက်ကြီးမှ အဆိုတော်ပိုးထတယ်လို့ ဝေဖန်ကြမှာ ကဲ့ရဲ့ကြမှာ သိနေဖိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အားလုံးက ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို သူများဝင်လာရင် မကျေမနပ်ဖြစ်ပြီး (လက်တွဲခေါ်ရမယ့်အစား) ဝိုင်းသမကြဘဲ့အကျင့်က အရိုးစွဲနေလို့ (တချို့ကလည်း သူတို့နေရာ ကျွန်တော် ဝင်လာမှာ စိုးတာရယ်၊ အခုလို Home Stay အချိန် ပိုက်ဆံရိုပေမယ့် အနေ ပညာကို ပိုက်ဆံနဲ့ ဝယ်မရလို့၊ လက်ဖွဲ့ချနေတဲ့ မနာလိုသူအချို့ရယ်က မကျေမနပ်ဖြစ်တဲ့သတင်းတွေ ကျွန်တော် ပြန်ကြားရပါတယ်။ ကျွန်တော်တို့ဆီမှာ တစ်ခါတစ်ခါ စကားပုံကို အလွယ်ပြောလိုက်ပေမယ့် ကိုယ့်ရဲ့စကားပုံကြောင့် ဒုက္ခရောက်ရတာ ခဏခဏပါ။ "နွားရှေ့ထွန်ကျူး" ဆိုပြီး သုံးရင် ကိုယ်က နွားဖြစ်တတ်သလို အခုလို ကိုယ် လုပ်နေတဲ့ အနုပညာလောကထဲ အခြားတစ်ယောက်လာရှုပ်လို့ အောင်မြင်တော့မယ်ဆို သုံးတဲ့ အသုံးအနှုန်းကလည်း မကျေမနပ်နဲ့ "စားခွက်လုတယ်" ဆိုတဲ့စကားမျိုး ပြောကြတော့ စားခွက်ဆိုတာ တိရစ္ဆာန်တွေ အစာထည့်စားတဲ့ခွက်ကို ပြောချင်တာကြောင့် မလိုလို ပြောသူတွေပါ တိရစ္ဆာန်ဖြစ်မှန်းမသိဖြစ်ရတဲ့ မနာလိုမှုလောကထဲ (၄၅) ရက်အတွင်း သီချင်း (၁၄) ပုဒ် အစအဆုံး Album တစ်ခုတီးနိုင်ခဲ့တာ ကျေနပ်နေမိတဲ့ ကျွန်တော်။ မကြာသေးခင် ရက်ပိုင်း သားဖြစ်သူ online ကနေ သင်တန်းတွေ ပြန်သင်နေချိန် သူ့ဆရာမဆီ စာသင်ဖို့အတွက် သင်ခန်းစာတွေ သွားယူပါတယ်။ ဆရာမရဲ့ ခင်ပွန်းဖြစ်သူက ကျွန်တော်ဆိုတဲ့ သီချင်းလေးတွေ Facebook က နားထောင်နေတာ ကြိုက်တယ်ဆိုပြီး ပြောလိုက်ပါတယ်။ သားနဲ့သမီးက ကျွန်တော်အိမ်ရောက်တော့ ပါးပါးကိုပြောစရာ တစ်ခုရှိတယ်ဆိုပြီး ရီကျဲကျဲနဲ့ စကြပါတော့တယ်။ ပါးပါးအသံကြီးကို ဆရာမရဲ့ယောကျ်ားက ကြိုက်တယ်တဲ့။ သားတို့ ဘယ်လိုမှ နားမလည်နိုင်ဘူးဆိုပြီး သူတို့ကြိုက်တဲ့ ရိုးက်သံနဲ့ ငယ်ထိပ်အသံကြားက ကလေးသီချင်း နိမ့်လိုက်မြင့်လိုက် မဆို တတ်တဲ့ကျွန်တော့်ကို ပွဲငှလင်းစွာ မဲခွဲဆုံးဖြတ်ပါတော့တယ်။

ကျွန်တော်ကလည်း ဘုန်းကြီးအဆင့်တင်မကဘဲ **တဏ္ဍောလောက်** ဂီတလောကထဲ ကျင်လည်နေသူမို့ သားနဲ့သမီးကို ပြန်စရင်းနှောက်ရင်း လူလောကရဲ့အတွေ့အကြုံတစ်ခု ထပ်သင်ပေးလိုက်ပါတယ်။ သမီးတို့ သားတို့ ပြောတဲ့ စကားမျိုးပါ။ ငယ်ငယ်ထဲကကြားနေကျဂစ်တာတီးလည်း နားပြီးတယ်။ သီချင်းဆိုလည်း ဘာမှမကောင်းဘူး။ လုပ်မနေနဲ့ ဖြစ်မှာမဟုတ်ဘူးဆိုတဲ့ ဝေဖန်သံတွေကြားမှာ ကိုယ်ဝါသနာပါတာ၊ကိုယ်ယုံကြည်တာကို တိုးတိုးတိတ်တိတ် လုပ်ပြီး ခွဲမလျော့တမ်းလုပ်ခဲ့လို့ ကိုယ့်ကို ဝေဖန်သူတွေ၊ မနာလိုသူတွေ လက်မြှောက်ပြီး ကိုယ့်ပရိသတ်ဖြစ်အောင် လုပ်ခဲ့ရတဲ့ အချိန်တွေအကြားကြီး ဖြတ်သန်းခဲ့ရတဲ့အတွက် အခုလိုစကားမျိုး လာပြောကြတဲ့သူတွေကို စိတ်မဆိုးဘဲ သူတို့မနာလိုဖြစ်ရတဲ့အဆင့် ငါ ရောက်နေပြီဆိုတဲ့ အမြင်မျိုး (ရထားစီးရင် ဘယ်ဘူတာကတော့ ငါရောက်နေပြီလဲဆိုတာ သိတဲ့ မြင်ကွင်းမျိုးနဲ့ အနုပညာကိုသာ လုပ်စရာရှိတာ ဆက်လုပ်၊ တချိန်မှာ ကိုယ်လိုချင်တဲ့အောင်မြင်မှု ထပ်ရမှာ အသေအချာပါလို့ ရှင်းပြလိုက်ပါတယ်။ လူတွေဟာ ကိုယ့်ထက်နိမ့်တဲ့သူကို မနာလိုမဖြစ်ပါဘူး။ (ကားပေါ်ကလူက ပိုက်ဆံတောင်းတဲ့သူရဲ့ငွေကို မနာလို မဖြစ်သလိုပေါ့) မနာလိုဖြစ်ပြီဆိုကထဲက သူတို့မှာ မရှိတာရှိနေလို့ သူတို့မဖြစ်ရတာဖြစ်နေလို့ မကျေနပ်တဲ့ စိတ်အခံကြောင့်ပါ။ အဲဒီစိတ်ကို ကိုယ်ကယ့်၊ လောင်စာဆီလို့ သဘောထားပြီး ကိုယ်သွားရမယ့် အနုပညာလမ်းမှာ မှတ်တိုင်ဝင်ရပ်ပြီး သူတို့ဆီက လောင်စာဆီဝင်ယူ၊ ခရီးဆက်၊ ဒီလိုအဆင့်မြင့်လာလေမနာလိုစိတ်၊သဝန်တိုစိတ်တွေနဲ့ ဝေဖန်သူတွေရဲ့ မှတ်ချက်တွေကို အကောင်းဆုံးအသုံးချပေးရင်း အမြင့်ဆုံးအဆင့်အထိ ရောက်အောင် အသုံးချနိုင်လို့ ပါပါးကတော့ သားတို့သမီးတို့လို ကလေးတွေ မပြောနဲ့။ လူကြီးတွေထဲက အဆိုတော်တွေ၊ တေးရေးတွေ၊ အတီးသမားတွေ၊ အသံဖမ်းတွေရဲ့ အသံတွေကို ဂရုတစိုက်နားထောင်ပြီး လိုအပ်တာယူ၊ မလိုအပ်တာ လောင်စာဆီလို့ အသုံးချပြီး ရှေ့ခရီး အမြဆက်ခဲ့တဲ့ ဘဝအတွေ့အကြုံတွေကြောင့် အခုလိုဘဝအထိ ရောက်လာတာပါ ဆိုပြီး သားနဲ့သမီး တင်မက ဒီစာကိုဖတ်မိတဲ့ စာဖတ်ပရိသတ်တွေ၊ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ဘေးအတိုက် အခံတွေကြား အောင်မြင်စွာ ရှေ့ခရီးဆက်နိုင်ကြစေဖို့ ဒီစာစုလေးနဲ့ လက်ဆောင်ပေးရေးသားလိုက်ရပါတော့တယ်။ **နိုင်ဇော် (Lazy Club)**

<u>ဒီမိုကရေစီ တာဝန်များ စာမျက်နှာ (၁၇) မှ အဆက်</u>

ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို အာမခံမှုရှိခြင်း

၃၇၃။ ဥပဒေအတိုင်းသာ ပြစ်ဒဏ်ခံခွင့်ရှိခြင်း

၃၇၄။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ မည်သူမဆို ခုခံချေပပိုင်ခွင့်ရှိခြင်း ၊

၃၇၆။ (နိုင်ငံတော် လုံခြုံရေးအလို့ငှာ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတပါး) တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

၃၈၀။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသောနိုင်ငံသားတိုင်း နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံ ခွင့်ရှိခြင်း ၊

၃၈၁။ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်း၊ ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေခြင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေခြင်းတို့မှတစ်ပါး တရားမျှတသောတရားခွင်၌ တရားစီရင်မှုခံယူပိုင်ခွင့်ရှိခြင်း၊

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံသားတိုင်းသည် အောက်ပါတို့ကို ထမ်းဆောင်ရန် တာဝန်ရှိသည်။

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း
- ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များကို လိုက်နာစောင့်ထိန်းခြင်း ၊
- နိုင်ငံတော်ကာကွယ်ရေးအတွက် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားခြင်းနှင့် စစ်မှုထမ်းခြင်း
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း
- အခွန်ထမ်းဆောင်ခြင်း
- အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- လူ့ဓလေ့အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း

ဟိန်းလတ်

ကြီးကြပ်ကွပ်ကဲခြင်း

စာမျက်နှာ (၆) မှ အဆက်

ကြီးကြပ်ရေးမှူး၏ စီမံခန့်ခွဲမှုလွှမ်းခြုံလုပ်ငန်း ဆောင်တာအားလုံးတို့တွင် ခိုင်မာအားကောင်း သောအမယ်တစ်ခုဖြစ်သည်။ သင့်အနေဖြင့် အခြားသောလူပုဂ္ဂိုလ် တစ်ဦးချင်း၏၊ အစုအဖွဲ့များ နှင့် သင်၏လုပ်ငန်းဌာန တွင် ဦးဆောင်မှုပေးရန် တာဝန်ရှိသည့်အပြင် သင့်ကိုယ်သင် ဦးဆောင်မှု ပြုခြင်းကလည်း အရေးပါဆုံးဖြစ်ကောင်းဖြစ်နိုင်ပါ သည်။ အထူးသဖြင့် ပထမဦးဆုံးအကြိမ် ကြီးကြပ်သူများတွင် အခန်းကဏ္ဍသည် အတော် စိတ်ဖိစီးဖွယ်ရာ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ယခုအခါ သူတို့အနေဖြင့် ယခင်ဘယ်သောအခါ ကမျှ မရှိခဲ့သည့် တာဝန်ဝတ္တရားများနှင့် ရင်ဆိုင်ကြုတွေ့ကြရသည့်အပြင် "ယတိပြတ်" (CLEAR-CUT) နှင့် ဖြစ်လေ့ဖြစ်ထရှိသည့် ပုံမှန် အလုပ်များသက်သက်မျှမဟုတ် လူပုဂ္ဂိုလ်တွေကို ဦးဆောင်နေကြရသောကြောင့်ဖြစ်သည်။ ထို့ ကြောင့် ထိုအရာသည် ကြီးကြပ်သူများအတွက် အလွန်အမင်းအရေးပါသည့်အပြင် အထူးသဖြင့် ပထမဦးဆုံးအကြိမ် ကြီးကြပ်သူများသည် မည် သည့်အခါ မည်သည့် "ဟန်ပန်" (STYLE) ကို အသုံးပြုမည်အပါအဝင် ခေါင်းဆောင်မှုဟန်ပန် မျိုးစုံနှင့် "အခြေခံမူများ"(PRINCIPLES) များကို သဘောပေါက်နားလည်ရမှာဖြစ်သည်။

<u>ခေါင်းဆောင်မှုဆိုသည်မှာဘာလဲ? ကျွန်ုပ်မည်သို့ ခေါင်းဆောင်သနည်းဆိုသည်ကို ကြည့်ပါ။</u>

ကြီးကြပ်ကွပ်ကဲမှုအတွင်းမှ စံနမူနာပြကဏ္ဍများ
TYPICAL ROLES IN SUPERVISION.

ကြီးကြပ်သူတစ်ယောက်၏အလုပ်သည် "အလွန်လှုပ်ရှားတက်ကြသော" (DYNAMIC) တစ်ခုဖြစ်ပြီး အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ လုပ်ငန်းဌာန ၏ ရည်မှန်းချက်ပန်းတိုင်များ ရှုပ်ထွေးမှု၊ လုံလောက်သောအရင်းအမြစ်များဆီ ချဉ်းကပ်မှု၊ ဌာနတွင်း လူပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတို့အပြင် အထူးသဖြင့် သူတို့၏တိုက်ရိုက်အစီရင်ခံမှုများဆီ သို့ အောင်အောင်မြင်မြင် ယုံမှတ်လွဲအပ်နိုင်သော ကြီးကြပ်ရေးမှူး၏အရည်အချင်းအပေါ်မူတည်နေ ပါသည်။ တစ်နေ့တာ အတွင်းမှာပင် ကြီးကြပ်သူ၊ ကြီးကြပ်ရေးမှူးတစ်ယောက်သည် မတူကွဲပြား သောအခန်းကဏ္ဍများတွင် ပါဝင်ကပြ အသုံးတော် ခံရဖွယ်ရှိပါသည်။

ထောက်ခံပြောဆိုသူ(ADVOCATE)

ကြီးကြပ်သူ၊ ကြီးကြပ်ရေးမှူးသည် မကြာခဏဆိုသလို အလုပ်သမားများ၏ တင်ပြ ချက်များနှင့် စီမံခန့်ခွဲမှုအတွက်ကိုယ်စားပြုတာဝန် ဝတ္တရားရှိပါသည်။ အလုပ်သမား၏ဆုလာဘ်နှင့် ထိုက်တန်သည့် ဖြစ်ရပ်များအတွက်လည်း ကိုယ် စားပြုတင်ပြရန်တာဝန်ရှိသည်။ နမူနာအားဖြင့် အလုပ်သမားတစ်ယောက်သည် ရာထူးတိုးမြှင့်ပေး ခံရမှုအတွက် ထိုက်တန်နေခဲ့လျှင် မကြာခဏဆို သလို ကြီးကြပ်သူသည် မိမိအထက်ရှိ ကြီးကြပ်သူ အား ရာထူးတိုးမြှင့်ပေးမှုကိစ္စရပ်တွင် မျှမျှတတ ရှိရပါမည်။ အကယ်၍ အလုပ်သမားတွင် ရာထူး တိုးမြှင့်ရေးကိစ္စတွင် အတော်အတန် ထူးခြားသော အခြေအနေအတွက်အထူးပြုစဉ်းစားပေးရန် အာမ ခံနိုင်သည့် အချက်များရှိနေခဲ့လျှင် ကျန်အထက် တာဝန်ရှိသူများအား ကြီးကြပ်သူက ဤအခြေ အနေကို ရှင်းလင်းပြရမည့်အပြင် မည်သို့ကိုင်တွယ် ၍ရနိုင်သည်ဆိုသည်ကို ရှင်းလင်းတင်ပြရပါမည်။ အထက်စီမံခန့်ခွဲသူများက အလုပ်သမားအားလုံး အဓိကကျသည့် စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက် တစ်ခုအပေါ် သဘောပေါက်နားလည်ရန် လက်ခံ လိုက်နာစေရန်အလိုရှိသည့်အချိန်တွင် ကြီးကြပ်သူ သည် အထက်စီမံခန့်ခွဲသူများအတွက် ထောက် ခံပြောဆိုရန်လည်း တာဝန်ရှိပါသည်။ တစ်ခါတစ်ရံ အလုပ်သမားများအတွက် ဖြစ်ရိုးဖြစ်စဉ်မဟုတ် သည့်အခါ အခြားအချိန်များတွင် ကြီးကြပ်သူကို ပုဂ္ဂိုလ်ရေးခင်မင်သူ မိတ်ဆွေအဖြစ် မြင်သော်လည်း အထက်ဖော်ပြပါအခြေအနေမျိုးတွင် ကြီး ကြပ်သူအား စီမံခန့်ခွဲမှုအစိတ်အပိုင်းအဖြစ် ရှုမြင် တတ်ပါသည်။

အလုပ်ရှင်(BOSS)

အဖွဲ့အစည်းအတွင်း ခေါင်းဆောင်များ အတွက် မတူကွဲပြားသောနာမည်အမြောက်အ များရှိသည့်အပြင် သူတို့အား မည်သို့ရှုမြင်ကြောင်း အပြင် အမျိုးမျိုးရှိပါသည်။ မည်သို့ဆိုစေ သမားရိုး ကျ အဖြစ်ဆုံးစကားရပ်နှင့် အကျယ်ပြန့်ဆုံး သဘောပေါက်ထားသည့် စကားရပ်မှာ(BOSS) "ဘော့စ်""အလုပ်ရှင်"ဟူသောစကားရပ်ဖြစ်သည်။ ဌာနအတွင်းရှိလူများက သူတို့၏အလုပ်များ အတွက် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို အဆုံးစွန် ရှာဖွေလာကြသောအခါ ကြီးကြပ်သူကို (BOSS) "အလုပ်ရှင်" အဖြစ် ထင်မြင်ယူဆလာကြ သည်။ ကြီးကြပ်သူတစ်ယောက်က သူ၏အခန်း ကဏ္ဍအတွက် အကောင်အထည်ဖော်ဆောင်ရွက် သောနည်းလမ်းများသည် တစ်ညီတစ်ညွတ်တည်း အခြေခံထားသည့် ဆုံးဖြတ်ချက်များအပေါ် ခိုင်မာ အားကောင်းသောညွှန်ကြားချက်၊ အကြံပြုချက်၊ လုပ်ငန်းပြီးစီးရမည့်နောက်ဆုံးရက်တို့တွင် ကွဲလွဲမှု ရှိပါသည်။

<u>လူတိုင်းအလုပ်ဖြစ်စေလိုသောအလုပ်ရှင်ဖြစ်ပါစေ ကောင်းသောအလုပ်ရှင်၊ ဆိုးသောအလုပ်ရှင်၊ သင်ဘာဖြစ်ချင်တာလဲ</u>

နည်းပြ (COACH)

(COACH) နည်းပြဟူသော စကားရပ် သည် ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာနည်းပေးလမ်းပြပြုခြင်း မကြာမတင်က တိုးတက်မှုနှင့်အတူ အဓိပ္ပါယ်ဖွင့်ဆိုမှုအသစ်ဖြစ် ထွန်းလာခဲ့သည်။ ထိုနယ်ပယ်အတွင်းက နည်းပေး လမ်းပြပြုမှုများသည် အခြားသူများအား ၎င်းတို့ ကိုယ်ပိုင်အသိဉာဏ်ကို ဖော်ထုတ်အသုံးချမှု အတွက် ထောက်ပံ့ကူညီသော ကျွမ်းကျင်သူများ ဖြစ်ကြသည်။မကြာခဏဆိုသလိုဖြစ်ပျက်နေသော အရာများအပေါ် ကူညီရန်အတွေးအခေါ်ပါသော မေးခွန်းများကို သူတို့ထုတ်ကြသည်။ သို့တိုင် ကြီးကြပ်သူများက သူတို့၏အလုပ်သမားများကို အကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်ရေး နှင့် အတွေးအခေါ်ပါသောမေးခွန်းများနှင့်ထောက် ပံ့ကူညီရန် ပြန်လှန်သတင်းပို့မှုနှင့် အသုံးဝင်သော အကြံဉာဏ်များမှ နည်းလမ်းမျိုးစုံတွင် ကျေနပ် နှစ်သိမ့်မှုအတွက် လမ်းညွှန်မှုများ ပြုနိုင်ပါသည်။

<u>အဆိုပ်အတောက်ဖြစ်စေသောနည်းပေးလမ်းပြ ပြုမှုကို မည်သို့ရှောင်ကြဉ်မှာလဲ?</u>

<u>ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာနည်း ပေးလမ်းပြပြုခြင်း</u>

အဆင်ပြေချောမွေ့လွယ်ကူစေသူ (FACILITATOR)

အဆင်ပြေချောမွေ့လွယ်ကူစေမှု အလုပ် တစ်ခုသည် တစ်ဦးနှင့်တစ်ဦးအတူတကွ လုပ်ကိုင် ခြင်းအားဖြင့် အုပ်စုတစ်ခုအတွင်းမှလူများကို သူတို့လိုလားသောရလဒ်နှင့် သူတို့၏ရလဒ်များပြီး မြောက်အောင်မြင်မှုအတွက် ထောက်ပံ့ကူညီရန် ဖြစ်သည်။အဆင်ပြေချောမွေ့လွယ်ကူစေသူများက သူတို့၏အလုပ်ကို မည်သို့လုပ်ကိုင်သည် ဆိုသော သဘောသဘာဝမှာ အတွေးအခေါ်ပါသော မေးခွန်းများ၊ အဓိပ္ပါယ်ဖွင့်ဆိုရေးသားခြင်း၊ အနှစ် ချုပ်ရေးသားခြင်းတို့တွင် လမ်းညွှန်အကြံပေးချက် တို့မှ အတိုင်းအတာများရှိပါသည်။ (အထူးသဖြင့် အုပ်စုက လုပ်ငန်းအစဖျိုးစွဲနိုးများတွင် ဖြစ်ပါသည်။ ဤသို့အားဖြင့် ဖွဲ့စည်းထူထောင်ထားသည့် "အသင်းအဖွဲ့" (TEAM) တစ်ခုနှင့်အတူ အဆင်ပြေ ချောမွေ့လွယ်စေသူက နည်းပြတစ်ယောက်နှင့် အတော်ဆင်တူစွာ လုပ်ကိုင်ရပါသည်။

<u>အဆင်ပြေချောမွေ့လွယ်ကူစေသူများအတွက် အ မာခံယုဂ္ဂိုလ်အတွင်းရေးကျွမ်းကျင်မှု</u>

<u>အဆင်ပြေချောမွေ့လွယ်ကူစေသူများအတွက် အမာခံအုပ်စုကျွမ်းကျင်မှုများ</u>

သွန်သင်ဆုံးမသူ(MENTOR)

သွန်သင်ဆုံးမသူ တစ်ယောက်သည် အခြားသူ(သွန်သင်ဆုံးမခံရသူ) အား သူတို့၏ လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုး တက်စေရန် ကူညီသူလူပုဂ္ဂိုလ်တစ်ယောက်ဖြစ် သည်။ သွန်သင်ဆုံးမသူသည် ထိုကဏ္ဍကို ဌာန ဆိုင်ရာအရ လက်သင့်ခံထားခဲ့သူဖြစ်နိုင်သည်။ နမူ နာအားဖြင့်လွှမ်းခြုံသောသွန်သင်ဆုံးမမှုအစီအစဉ် အစိတ်အပိုင်းတစ်ခုအဖြစ် သို့မဟုတ် အပြန်အလှန် ဆက်ဆံမှုတစ်ခုအပေါ်အခြေခံသော သမားရိုးကျ မဟုတ်သည့် လက်သင့်ခံထားသောကဏ္ဍဖြစ် သည်။ သွန်သင်ဆုံးမခံရသူက သူတို့ကိုယ်သူတို့ သွန်သင်ဆုံးမသူအပေါ် အကူအညီအတွက် အားကိုးအားထားပြုလောက်သည်ဟု မြင်သည်။ သွန်သင်ဆုံးမသူက သွန်သင်ဆုံးမခံရသူကို ကူညီ ရန် အကြဉာဏ်ပေးမှုနှင့် အတွေးပါသော မေးခွန်း များအတွက် ရုပ်ဝတ္ထုပစ္စည်းများနှင့် လမ်းညွှန်ချက် များ စသည့်နည်းလမ်းမျိုးစုံကို အသုံးပြုနိုင်ပါ သည်။

<u>သွန်သင်ဆုံးမခြင်း</u>

သင်တန်းဆရာ(TEACHER)

ကြီးကြပ်သူသည် မကြာခဏဆိုသလို အလုပ်သမားအသစ်တစ်ယောက်အတွက်လုပ်ငန်း သင်ရန် လိုအပ်လာသောအခါ သို့မဟုတ် အလုပ် သမားတစ်ယောက်က လုပ်ငန်းအတွင်း အကောင် အထည်ဖော်မှု တိုးတက်ကောင်းမွန်ရေး ရုန်းကန် နေရသောအခါ ပထမတန်းစားပုဂ္ဂိုလ်အဖြစ် စဉ်း စားတွေးတောခံရသူ ဖြစ်သည်။ အလုပ်သမားများ သည်လည်း မကြာခဏဆိုသလို ပုဂ္ဂိုလ်ရေးမူဝါဒ များအကြောင်း မေးမြန်းရန် ကြီးကြပ်သူဘက်သို့ မကြာခဏလှည့်တတ်ကြသည်။တိုးတက်လိုသော အလုပ်သမားများက အဖွဲ့အစည်း၏ယဉ်ကျေးမှု အကြောင်းမေးကောင်းမေးနိုင်ပါသည်။ကြီးကြပ် သူသည် ဖွင့်လှစ်သောသင်တန်းအတွက် အာမခံသူ ဖြစ်ဖို့တာဝန်ရှိသည့်အပြင် သူတို့ကိုယ်တိုင် သင် တန်းပေးသူ ဖြစ်နိုင်သလို ဘာသာရပ်ကျွမ်းကျင်သူ တစ်ဦးအဖြစ်လည်း စီစဉ်နိုင်ပါသည်။ သင်တန်း ပေးမှုတစ်ခုကို ဆောင်ရွက်နေဆဲလုပ်ငန်းတစ်ခု အပေါ် အကြံပေးချက်မှသည် သမားရိုးကျ စနစ် ကျနေသော သင်တန်းအစီအစဉ်တစ်ခုတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းအထိ နည်းလမ်းအတိုင်း အတာမျိုးစုံအရ လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

(မကွေး-မင်းနိုင်)

Ref; Internet မှ What is supervision?
How do I supervise? ကို ပြန်ဆိုရေးသား ပါသည်။

စွန့်ထွင်လုပ်ငန်းရှင်လုပ်ကြစို့ အခန်း(၅)

စာမျက်နှာ (၁၆) မှ အဆက်

က ရလဒ်တွေ ဒါမှမဟုတ် အကျိုး အမြတ်တွေအတွက် တာဝန်ရှိသူ တစ်ယောက်အဖြစ် သူ့ရဲ့အခြေခံလုပ်ဆောင်မှုတွေထဲက တစ်ခု ဖြစ်ပါတယ်။သူက သူ့ရဲ့လုပ်ငန်းစဉ်တွေ နဲ့ သူ့ရဲ့ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင် ပြုလုပ်ရတာကို ပိုမိုနှစ်မြို့ကျွမ်းကျင်စေ တယ်။ သူက သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေ၊ ကျွမ်းကျင်မှုတွေ၊ ဗဟုသုတတွေနဲ့ကြီးပမ်းအားထုတ်မှုတွေကို တာဝန်ယူသူ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူကျရှုံးခဲ့မယ် ဆိုရင်လည်း သူ့ရဲ့ဖောက်သည်တွေ၊ လုပ်ဖော်ကိုင်ဖက်အလုပ်သမားတွေကို အပြစ်တင်ရမှာ မဟုတ်ဘဲ သူကိုယ်သူပဲ အပြစ်တင်ရမှာ ဖြစ်ပါတယ်။ သူ အောင်မြင်ခဲ့ရင်လည်း သူ့ရဲ့အောင်မြင်မှု ကိုထပ်ဆောင်းဖို့ သူ့ရဲ့စွန့်ထွင်လုပ်ငန်း ရှင်ဆိုင်ရာ စွမ်းဆောင်ရည်တွေ သူ့မှာ ရှိနေလို့ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်ဆိုင်ရာတာဝန်ဝတ္တ ရားတွေအတွက် ဒီပြင်းပြတဲ့ဆန္ဒတွေ ပေးထားတဲ့အတွက် စွန့်ထွင်လုပ်ငန်း ရှင် လူပုဂ္ဂိုလ်ကအုပ်စုတစ်စုထဲမှာတစ် ခြားသူတွေနဲ့ ကောင်းကောင်းအလုပ် ဖြစ်နိုင်သလား? သက်သေအထောက် အထားတွေအရ ဟုတ်တယ်လို့ပဲ ပြောရ မှာဖြစ်ပါတယ်။ အုပ်စုရဲ့အောင်မြင်မှု တွေကိုတတ်နိုင်သလောက် သူ့အနေနဲ့ ဖြည့်ဆီးနေသရွေ့ဆိုပါတော့။ သူက ပုဂ္ဂိုလ်ရေးကျော်ကြားမှု ဒါမှမဟုတ် အသိအမှတ်ပြုမှုရဲ့ နောက်ကတော့ မဟုတ်ပါဘူး။ သူ့အနေနဲ့ လုပ်ရပ် အောင်မြင်မှု ဒါမှမဟုတ် အုပ်စုဆုံးဖြတ် ချက်ချမှတ်မှု၊ တစ်စုတစ်ခုလုပ်နိုင်မှု အပေါ်မှာ ကျေနပ်မှုကိုရှာဖွေတွေ့ရှိသူ ဖြစ်ပါတယ်။ဘယ်လိုပဲဖြစ်ဖြစ် ဒီအလား တူမောင်းနှင်မှုကပဲ လိုက်လျောညီထွေ ဖြစ်ဖို့ အုပ်စုနဲ့အတူ စိတ်မပါမှုတွေကို ပုဂ္ဂိုလ်ရေးတာဝန်ယူမှုတွေ ဖြစ်စေတာ ဖြစ်တယ်။ စွန့်ထွင်လုပ်ငန်းရှင်အနေနဲ့ ဆုံးဖြတ်ချက်တွေ ခိုင်မာမှုအပေါ် သူယုံကြည်လာတဲ့အခါ၊ အဲဒီဒေသက် ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းစဉ်ထဲ မှာ သူတက်တက်ကြွကြွ ပါဝင်ဆောင် ရွက်ပြီးတဲ့နောက်မှသာ အုပ်စုနဲ့အတူ လျောက်လှမ်းသွားတာဖြစ်ပါတယ်။

ကျော်ကျော် (ရေနံ့သာ)

Ref: "Introduction to Entrepreneurship" by S.E.R.D.E.F.

KIOTI
BY DAEDONG

Authorized Distributor;
IME INTERNATIONAL
COMPANY LIMITED.

Kioti ထွန်စက်များအတွက် 100% ကိုရီးယား
အော်ရီဂျင်နယ်အပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အပိုပစ္စည်းအရောင်းဌာန

အထက်မြန်မာပြည် ▶ ဝ၉ ၄၄၄၄ ၅၈ ဝ၇၁၊ ဝ၉ ၄၄၄၄ ၅၈ ဝ၇၂။
အောက်မြန်မာပြည် ▶ ဝ၉ ၄၄၄၄ ၅၇ ၂၅၅၊ ဝ၉ ၄၄၄၄ ၅၇ ၂၅၆။

KIOTI - Daedong Spare Parts Myanmar

ဝယ်ယူရရှိနိုင်သော Kioti ထွန်စက်များ

မန္တလေးရုံးချုပ်
အကွက် ၈/၄၂ (က)၊ ၇၈ လမ်း၊ ၇၃ × ၇၄ လမ်းကြား၊
တံခွန်တိုင်အိုင်းအနီး၊ တောင်မြင့်ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း – ဝ၉ ၄၄၄၄ ၅၇ ၂၆၀၊ ဝ၉ ၄၄၄၄ ၅၇ ၂၆၁ ။

ရန်ကုန်ရုံးချုပ်
အမှတ် ၅၃၄ (အေ)၊ အမှတ် (၃) လမ်းမ၊
သက်နဲးကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း – ဝ၉ ၄၄၄၄ ၅၇ ၂၆၂၊ ဝ၉ ၄၄၄၄ ၅၇ ၂၆၃ ။

ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်၊ ထက်ဧရာဓာတ်မြေဩဇာ(အရော) စက်ရုံမှ
တောင်သူဦးကြီးများ၏မြေကို ကိုယ်ပိုင်ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်၍
နည်းပညာရှင်များ၏ တွက်ချက်ပေးမှုအရ လိုအပ်သောတိကျသေချာသည့်
ကွန်ပေါင်းဓာတ်မြေဩဇာအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ဧရာဝတီကွန်ပေါင်းမြေဩဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်ပေးပြီး
စပါး၊ သီးနှံများအတွက် လိုအပ်သည့်မြေဩဇာကို တိကျသေချာစွာထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

HEAD OFFICE (YANGON)

No(31), Corner of Pyay Road & Mahar Myaing Street, Kyun Taw Road (Middle) Ward, Sanchaung Township, Yangon, Myanmar.

MMB မှ ရရှိနိုင်သော ဝန်ဆောင်မှုများ ...

- Savings Deposit (ငွေစုဘဏ်အပ်ငွေစာရင်း)
- Minor Deposit (သက်ငယ်အပ်ငွေစာရင်း)
- Current Account (စာရင်းရှင်စာရင်း)
- Fixed Deposit (အချိန်ပိုင်းအပ်ငွေစာရင်း)
- Call Deposit (ခေါ်ယူအပ်ငွေစာရင်း)
- Payment Order (ငွေပေးအမိန့်လွှာ)
- Performance Bank Guarantee
- CBM-NET Customer Credit Transfer
- CBM-NET Online Tax Payment
- Money Changer (ငွေလဲလှယ်ခြင်း)
- Local Remittance (ပြည်တွင်းငွေလွှဲ)
- Certified Cheque (ဘဏ်အာမခံချက်လက်မှတ်)
- Bank Statement (ဘဏ်ငွေစာရင်းရှင်းတမ်း)
- Gift Cheque (လက်ဆောင်ချက်)
- Balance Certificate (ဘဏ်စာရင်းလက်ကျန်အတည်ပြုလွှာ)
- Mobile Agent (CB ဘဏ်၏ Mobile Agent အဖြစ်ဝန်ဆောင်မှုပေးခြင်း)
- Internal Draft and Cheque Purchase (IDCP) (ပြည်တွင်းငွေလွှဲလက်မှတ်နှင့် ချက်လက်မှတ်ဝယ်ယူခြင်း)
- Loans (ချေးငွေ)
  - -Overdraft Loans (စာရင်းပိုထုတ်ချေးငွေ)
  - -Demand Loans (သာမန်ချေးငွေ)
  - -Hire Purchase (အငှားဝယ်စနစ်)

Hot Line : 01-2306290

contact@mmbbank.com.mm / www.mmbbank.com.mm / www.facebook.com/mmbmyanmar

C B BANK

မြန်မာနိုင်ငံရှိ မည်သည့်ဘဏ်ကိုမဆို
CB Bank ၏ iBanking ဝန်ဆောင်မှု
မှတဆင့် ငွေလွှဲနိုင်ပါပြီ။

Best Digital Bank
in Myanmar
ASIAMONEY 2020

လှပတဲ့ အနာဂတ်နဲ့
နွေးထွေးတဲ့ မိသားစုအတွက်
CB BANK ၏ Home Loan

www.cbbank.com.mm

Contact Center: (95-1) 2317770